# ဘုန်းကြွယ်

ဆန်းပြားထွေလာ
သိုင်းမြေမဟာ

ပထမပိုင်း



ဘုန်းကြွယ်

# ဆန်းပြားထွေလာသိုင်းမြေမဟာ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၁၄၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၇၄၀၉၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်၊ နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးထိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တိုးတက်ရေး

## လမ်းခွဲ

လေတဟူးဟူး တိုက်ခတ်နေသည်။

သစ်ရွက်များ ပလူပျံအောင်ကြွေကျနေသကဲ့သို့ ဖုန်များ၊ သဲများလည်း တထောင်းထောင်းထနေသည်။

သစ်ရွက်၊ သဲမှုန်နှင့် လေပြင်းကြား၌ လူနှစ်ယောက် မျက်နှာချင်းဆိုင်ရပ်နေကြသည်။

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်သည်။

သူတို့က တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်နေကြသော်လည်း အကြည့်၌ပါဝင်နေသည့် အဓိပ္ပါယ်များကား မတူညီကြချေ။

အမျိုးသား၏အကြည့်တွင် ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ပျက်ခြင်း၊ မယုံကြည်နိုင်ခြင်းစသည့် ခံစားချက်များပေါ်လွင်နေသကဲ့သို့ အမျိုးသမီး၏အကြည့်တွင် ရှက်ရွံ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ မုန်းတီးစက်ဆုပ်ခြင်းစသည့် အဓိပ္ပါယ်များ အထင်းသားရှိနေ၏။

ရုတ်တရက်…

လေပြင်းများ ငြိမ်ကျသွား၏။

ဖုန်များ၊ သဲများ အောက်ဘက်သို့ တဖြည်းဖြည်း ကျဆင်းလာသည်။

ဝန်းကျင်တစ်ခုလုံး ကြည်ကြည်လင်လင် ဖြစ်လာသည်။

ပတ်ဝန်းကျင် အနေအထားပြောင်းလဲသွားသကဲ့သို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေသည့် အမျိုးသားနှင့် အမျိုးသမီးတို့၏ အခြေအနေလည်း ပြောင်းလဲသွားလေသည်။

အမျိုးသမီးက စတင်လှုပ်ရှားလာခြင်း ဖြစ်သည်။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာသည်။

ရှိုက်သံတစ်ချက်နှင့်အတူ မျက်နှာက ပိုပြီးခက်ထန်သွားသည်။

ထို့နောက်…

"ယား"

ညာသံပေးကာ စတင်တိုက်ခိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ လေပြင်းတိုက်သကဲ့သို့ အရှိန်အဟုန်ပြင်းထန်နေသည်။



သူမသည် အမျိုးသားအား အသေသတ်ပစ်နိုင်ရန် အပြင်းထန်ဆုံး တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူမတိုက်ခိုက်မှုကြောင့် အမျိုးသား သေဆုံးသွားရတော့မည်လော။

♠ ♠ ♠

လေပြင်းတိုက်ခတ်မှု ရပ်တန့်သွားချိန်၌ လမ်းဘေးရှိ ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်မှ လူတစ်ယောက် ခေါင်းပြူထွက်လာလေသည်။

ထိုလူမှာ ဆံပင်စုတ်ဖွား၊ ဖာထေးရာ ဗရပွရှိသော အဝတ်အစားများ ဝတ်ဆင်ထားသည့် လေလွင့်ဗေဒါတစ်ယောက် ဖြစ်သည်။

ဗေဒါက…

"လေတိုက်တာရပ်သွားပြီ၊ ငါလည်း ရှေ့ဆက်သွားမှပဲ"

တီးတိုးရေရွတ်ယင်း ကျောက်တုံးကြီးနောက်ကွယ်မှ လှမ်းထွက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်…

တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသောကြောင့် ကြည့်လိုက်လျှင် မလှမ်းမကမ်း၌ လူနှစ်ယောက် တိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အမျိုးသားနှင့် အမျိုးသမီးတို့၏ တိုက်ပွဲကို တွေ့မြင်သွား

ခြင်းဖြစ်လေသည်။

ဗေဒါ မျက်လုံးပြူးသွားလေသည်။

"ထူးဆန်းလိုက်တာ"

ဟု ရေရွတ်လိုက်ပြန်လေသည်။

အမျိုးသမီးနှင့် အမျိုးသားတို့၏ တိုက်ပွဲမှာ အဘယ်ကြောင့် ဗေဒါကြီးအတွက် ထူးခြားနေရပါသနည်း။

ဗေဒါကြီးက သူတို့နှစ်ယောက်အား သိထားခြင်းကြောင့် ဖြစ်လေသည်။

"သူတို့က ဘာကြောင့်များ သည်လောက်တောင် သဲကြီးမဲကြီး တိုက်ခိုက်နေကြတာလဲ"

ဗေဒါကြီး ရေရွတ်လိုက်ပြန်သည်။

သူ၏ရေရွတ်သံနှင့် မရှေးမနှောင်းမှာပင်…

"အရပ်ရှစ်မျက်နှာအနှံ့ ခြေသလုံးအိမ်တိုင်သွားနေတဲ့ ဗေဒါ သိုင်းသမားတစ်ယောက်က သိုင်းလောကတစ်ခုလုံး အုတ်အော်သောင်းနင်းဖြစ်ရတဲ့သတင်းကိုတောင် မကြားမိတာ အံ့သြစရာကောင်းနေပြီ"

လှောင်ပြောင်သောစကားသံကို ကြားလိုက်ရလေသည်။

ဗေဒါကြီး အံ့သြသွားလေသည်။

လှည့်ကြည့်လိုက်ရာ တိုက်ပွဲကို အကဲခတ်ကြည့်နေသူတစ်ဦးကို တွေ့လိုက်ရလေသည်။

♠ ♠ ♠



"ဟိတ်"

"ယား"

အမျိုးသမီး၏ ညာသံပေးသံက မိုးချုန်းသံအလား ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

သူမ၏တိုက်ခိုက်မှုမှာလည်း ပို၍ပြင်းထန်လာလေတော့သည်။

အမျိုးသားသည် မကြာမီ လဲကျသေဆုံးသွားတော့မည်ဟု ပင်ထင်ရလေသည်။

"ဒုက္ခပါပဲ"

ဗေဒါကြီးက ညည်းတွားလိုက်လေသည်။

တဖန်…

သူ့လိုပင် တိုက်ပွဲကို အကဲခတ်ကြည့်နေသူကို လှမ်းမေးလိုက်သည်။

"ဆေးဆရာ..ခင်ဗျား သည်အတိုင်းလက်ပိုက်ကြည့်နေတော့မှာလား"

ဆေးဆရာဆိုသူမှာ မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားပြီး မျက်ခုံးကောင်းကောင်း၊ နုတ်ခမ်းမွေးကားကား၊ တကယ့်ဆေးဆရာကြီးတစ်ဦးနှင့်တူသူဖြစ်လေသည်။

ဆေးဆရာက…

"ကျုပ်က တားဆီးချင်ပေမယ့် မရတော့ဘူးဗျ၊ လက်ပိုက်ကြည့်နေရမယ့် အခြေအနေရောက်နေပြီ"

"ဘာကြောင့်လဲဗျာ"

"ဆရာမာက စင်းကျန်းကို သတ်ပစ်လိုက်တာကြောင့် ပြဿနာဖြစ်ပေါ်လာခဲ့တာပေါ့ဗျာ"

"စင်းကျန်းက လူဆိုးပဲ၊ လူတိုင်းသိကြတာပဲ"

"ဒါပေမယ့် ဆရာမာနဲ့ဆရာကတော်ယုတို့က ဆုံးမဖျောင်းဖျခဲ့ကြတာကြောင့် လူကောင်းတစ်ယောက်အဖြစ် ပြောင်းလဲသွားပြီဆိုတာ အားလုံးလက်ခံခဲ့ကြတယ်လေ"

"အင်း..ခက်တာပဲ"

ဗေဒါကြီး ညည်းတွားလိုက်လေသည်။

ဆေးဆရာက...

"ဆရာမာက စင်းကျန်းကို သတ်လိုက်တော့ ဆရာကတော်ယုက ခွင့်မလွှတ်နိုင်တော့ဘူးလေ"

"ဒါဖြင့် သူတို့ရဲ့တိုက်ပွဲကို ဟန့်တားလို့ မရတော့ဘူးပေါ့"

"ဟုတ်တယ်"

ဆေးဆရာက ခေါင်းညိတ်လိုက်လေသည်။

ဗေဒါကြီးလည်း ဘာမှမပြောတော့ဘဲ တိုက်ပွဲကို စိတ်ပျက်လက်ပျက် ငေးမောကြည့်နေလိုက်လေတော့သည်။

♠ ♠ ♠



"ဟူး..ဟူး"

လေတိုက်ခတ်သံများ ထွက်ပေါ်နေသည်။

လေပြင်းများ တိုက်ခတ်လာခြင်းမဟုတ်ဘဲ အမျိုးသမီး၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် လေအရှိန်ကြောင့် ဖြစ်လေသည်။

အမျိုးသမီးက အပြင်းအထန် တိုက်ခိုက်နေသော်လည်း အမျိုးသားက ပြန်လည်တိုက်ခိုက်ခြင်း မပြုပါချေ။

ခုခံရှောင်တိမ်းနေသည်။

"ညီမ...မှားမယ်၊ သတိထားပါ"

ဟုလည်း အော်ဟစ်သတိပေးနေသည်။

သို့သော်...

"ကျွန်မအစ်ကိုအတွက် ရှင့်ကိုကျွန်မ သတ်ပစ်ရမှ ကျေနပ်မယ်"

အမျိုးသမီး ဒေါသတကြီးဖြင့် လုံးဝရပ်တန့်ခြင်းမပြုဘဲ ဆက်၍တိုက်ခိုက်နေ၏။

မည်သို့ဆိုစေ...

သူမ၏ကြောက်မက်ဖွယ်ကောင်းသော တိုက်ကွက်များသည် အမျိုးသား၏ အင်္ကျီစကိုပင်ထိအောင် တိုက်ခိုက်နိုင်ခြင်းမရှိလှဲပါချေ။

တဖြည်းဖြည်းနှင့် အမျိုးသမီး၏တိုက်ကွက်များ နှေးကွေးလေးလံလာသည်။

ခြေကုန်လက်ပန်းကျလာသည်။

နောက်ဆုံး…

ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်လေတော့သည်။

♠ ♠ ♠

တစ်ဘက်သတ် တိုက်ခိုက်ခဲ့သော တိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်လေသည်။

အမျိုးသားက တစ်ချက်ကလေး ပြန်လည်တိုက်ခိုက်ခဲ့ခြင်း မရှိပါချေ။

အမျိုးသမီးက ပြင်းထန်စွာတိုက်ခိုက်ခဲ့သော်လည်း စိတ်ဆိုးဒေါသထွက်ခြင်း မရှိခဲ့ပါ။

အမျိုးသမီးအတွက် စိတ်မကောင်းဖြစ်နေကြောင်း အထင်းသားပေါ်လွင်နေသည်။

အမျိုးသမီးက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပါ။

သူမ၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေသည်။

မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

အမျိုးသားကို ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

"ရှင် အောင်မြင်သွားခဲ့ပြီပေါ့ ဟုတ်လား"

အမျိုးသားက…



"ညီမရယ်၊ သည်လိုတော့ မပြောပါနဲ့"

"ရှင်က ကျေနပ်နေတာပေါ့လေ"

"မဟုတ်ပါဘူး ညီမရယ်၊ ကျုပ်ရှင်းပြပါ့မယ်၊ သည်ကိစ္စဟာ ကျုပ်ရဲ့လက်ချက်မဟုတ်ပါဘူး၊ မှားယွင်းမှုတစ်ခုခုရှိနေတာ သေချာပါတယ်"

အမျိုးသမီး ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ လက်မခံနိုင်ဘူး၊ ရှင်တို့ ပတ်သက်ခဲ့ကြတာပဲ"

"ကျုပ်က…"

"ကျွန်မအစ်ကိုဟာ တစ်ချိန်က လူဆိုးဓားပြတစ်ယောက်ဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့် သူနဲ့ပတ်သက်ရတာကို ရှင်က အရှက်ရတယ်၊ ဂုဏ်သိက္ခာ ထိခိုက်တယ်လို့ယူဆပြီး သူ့အပေါ်မှာ မကျေမနပ်ဖြစ်နေတာ မဟုတ်လားရှင့်"

အမျိုးသား သက်ပြင်းချလိုက်သည်။

"မဟုတ်ပါဘူး ညီမရယ်၊ ကျုပ်ကို အထင်မလွဲပါနဲ့၊ ကျုပ်တို့က သူ့ကိုလူကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးစားခဲ့ကြတာပဲ၊ သူကလည်း နောင်တရပြီး ပြုပြင်ခဲ့တာပဲ မဟုတ်လား"

"ရှင်က ဒါတွေကိုသိထားလျက်နဲ့ ဘာကြောင့် သူ့ကိုသတ်ပစ်လိုက်ရတာလဲ"

"ကျုပ် မသတ်ရပါဘူး ညီမရယ်"

"ကျွန်မ မယုံဘူး"

"ညီမရယ်"

အမျိုးသမီး၏စကားကြောင့် အမျိုးသား စိတ်ပျက်သွားရလေတော့သည်။

အမျိုးသမီးက...

"ကျွန်မကို 'လင်ရှိ' ကိုယ်တိုင်ပြောခဲ့တာပဲရှင့်"

အမျိုးသား ထိတ်လန့်ကာ လက်ကာပြလိုက်သည်။

"မဟုတ်သေးဘူးညီမ၊ လင်ရှိဟာ..."

"တော်ပါတော့ရှင်၊ ကျွန်မ ဘာမှမကြားချင်တော့ပါဘူး"

သူမသည် မျက်ရည်စများကိုသုတ်ကာ အမျိုးသားအား စိုက်ကြည့်လိုက်လေသည်။

သူမ၏အကြည့်က သူစိမ်းဆန်လှသည်ဟု အမျိုးသား သတိပြုမိကာ ရင်ထိတ်သွား၏။

"ညီမ"

အမျိုးသမီးက...

"ခုချိန်ကစပြီး ကျွန်မတို့နှစ်ယောက် ရေစက်ကုန်ပြီ၊ လမ်းခွဲလိုက်ကြတာပေါ့ရှင်"

"ဟာ"

အမျိုးသား လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ညီမရယ်...ဘယ်လိုပြောတာလဲ၊ ကျုပ်ကို အထင်မှားပြီး လမ်းခွဲမယ်ဆိုတာ လံုးဝမဖြစ်သင့်တဲ့ကိစ္စပါ၊ ကျုပ်မဟုတ်ဘူး၊ ကျုပ် မမှားခဲ့ဘူးဆိုတာ ရှင်းပြနိုင်ပါတယ်၊ လင်ရှိက.."

"ကျွန်မ သည်နာမည်ကို မကြားချင်ဘူး"



အမျိုးသမီးက အော်ပြောလိုက်လေသည်။

အမျိုးသားက တောင်းပန်လိုက်သည်။

"ညီမရယ် ကျုပ်ရှင်းပြတာကို နားထောင်ပါဦး"

အမျိုးသမီးက အမှုမထားချေ။

"ခုချိန်ကစပြီး ကျွန်မတို့နှစ်ယောက် ပတ်သက်စရာအကြောင်းမရှိတော့ဘူး"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ခုန်ထွက်သွားလေသည်။

"ညီမ"

အမျိုးသားက အထိတ်တလန့်ဖြင့် ပြေးလိုက်သွားတော့သည်။

♠ ♠ ♠

"ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ အမျိုးသားက ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးသွားလေသည်။

အမျိုးသမီးနောက်သို့ လိုက်သွားခြင်း ဖြစ်သည်။

အမျိုးသား၏လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်နေပြီး တခဏအတွင်းမှာပင် အဝေးသို့ရောက်ရှိကာ မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

အမျိုးသား ပျောက်ကွယ်သွားပြီး မရှေးမနှောင်းမှာပင် သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်ပေါ်လာသည်။

ရှောင်တိမ်းသွားသော အမျိုးသမီးဖြစ်လေသည်။

အမျိုးသမီး၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေ၏။

သူမသည် သွေးများစီးကျလာသည်အထိ နှုတ်ခမ်းကို ဖိကိုက်ထားလေသည်။

သူမ သစ်ပင်တစ်ပင်နောက်ကွယ်၌ ဝင်ပုန်းနေလိုက်သည်ကို အမျိုးသားကမသိဘဲ သူမထွက်ပြေးသွားပြီဟု ထင်မှတ်ကာ လိုက်သွားခြင်းဖြစ်လေသည်။

သူမအား ဘယ်တော့မှ ရှာတွေ့တော့မည်မဟုတ်သည်ကို သိနိုင်မည်မဟုတ်ပါချေ။

"ကျွန်မတို့ ခွဲခွာရပြီပေါ့ရှင်"

အမျိုးသမီး ညည်းတွားလိုက်လေသည်။

ထိုစဉ်...



"အဟွတ်..အဟွတ်"

ချောင်းဆိုးသံများ ထွက်ပေါ်လာလေသည်။

အမျိုးသမီး နောက်လှည့်ကြည့်လိုက်သောအခါ ဆေးဆရာရောက်လာသည်ကို တွေ့လိုက်ရလေသည်။

အမျိုးသမီး သက်ပြင်းချလိုက်သည်။

"ဗေဒါကော"

ဟုမေးလိုက်လေသည်။

ဆေးဆရာက...

"သူက ဆရာမာနောက်ကို လိုက်သွားတယ်ဗျ"

အမျိုးသမီးက...

"ရှင်တို့နှစ်ယောက် သည်နေရာကို ရောက်လာကြတာ အတော့်ကို တိုက်ဆိုင်တာပဲ"

ဆေးဆရာ ခေါင်းခါယမ်းလိုက်သည်။

"တိုက်ဆိုင်တာ မဟုတ်ပါဘူးဗျာ"

အမျိုးသမီး မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ရှင်တို့ တမင်လာခဲ့ကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဗေဒါကော"

"သူကလည်း ခင်ဗျားတို့နှစ်ယောက်ရဲ့သတင်းကို ကြားလို့ လာခဲ့တာပါ"

"ဪ"

အမျိုးသမီး ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်လေသည်။

"သူက ချစ်သူဟောင်းနဲ့ပေါင်းပြီး ကျွန်မအစ်ကိုကို သတ်ပစ်လိုက်တာပဲ"

ဆေးဆရာက...

"ဆရာမာယွင်ဟာ သည်လိုလူစားမျိုး မဟုတ်ပါဘူး၊ ဟို မြွေနက်မ လင်ရှီနဲ့လည်း မပတ်သက်တော့ဘဲ လုံး၀အဆက်အသွယ်ဖြတ်လိုက်တာ ကြာခဲ့ပြီပဲ မဟုတ်လားဗျာ"

အမျိုးသမီး မဲ့ပြုံးပြုံးလိုက်သည်။

"မြွေနက်မလင်ရှီကတော့ သူ့ကို ဘယ်တော့မှ မမုန်းဘူး၊ မေ့သွားမှာ မဟုတ်ဘူး၊ မာယွင်ကလည်း သူ့အတိုင်းခံစားနေရတာပဲလို့ပြောတယ်၊ ပြီးတော့ ကျွန်မအစ်ကိုကြောင့် အရှက်ရတယ်လို့ ပြောကြသေးတယ်လေ"

ဆေးဆရာက တည်ကြည်သော မျက်နှာထားဖြင့်...

"မြွေနက်မလင်ရှီဟာ အင်မတန်ကြောက်စရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတာပဲ၊ သူ့စကားကို မယုံဖို့ ကျုပ်မေတ္တာရပ်ခံချင်ပါတယ်ဗျာ"

အမျိုးသမီးက...

"နောက်ကျနေပါပြီရှင်"

ဆေးဆရာက...

"ဆရာကတော်ယု၀ါး မင်းရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား"



အမျိုးသမီး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဆုံးဖြတ်ပြီးပါပြီ"

ဆေးဆရာ မည်သို့ဆက်ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။

အမျိုးသမီးက...

"ကျွန်မ မသွားခင် ရှင့်ကို အကူအညီတစ်ခု တောင်းချင်ပါတယ်ရှင်"

ဆေးဆရာ ခေါင်းညိတ်လိုက်သည်။

"ကျုပ် ဘာကူညီရမလဲ ပြောပါဗျာ"

အမျိုးသမီးက အထုပ်ကလေးတစ်ထုပ် ပေးလေသည်။

"သည်အထုပ်ကလေးကို သိမ်းထားပေးပါရှင်၊ ကျွန်မ အလိုရှိတဲ့အချိန်မှာ လာတောင်းပါ့မယ်"

ဆေးဆရာက အထုပ်ကလေးကို ယူလိုက်သည်။

"သည်အထုပ်ထဲမှာ ရွှေပိုးမျှင်အင်္ကျီလား"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီလေ၊ ကျုပ်သိမ်းထားပေးပါ့မယ်၊ မင်းအလိုရှိတဲ့အချိန် ကျုပ်ဆီက ပြန်ယူနိုင်ပါတယ်"

အမျိုးသမီးက...

"ကျေးဇူးတင်ပါတယ်ရှင်၊ တကယ်လို့ ကျွန်မ မလာနိုင်ဘဲ တစ်ယောက်ယောက်လာယူမယ်ဆိုယင် ကျွန်မလွှတ်လိုက်တဲ့လူဆိုတာ သိနိုင်အောင် စကားဝှက်ပေးလိုက်ပါ့မယ်"

"ကောင်းပါပြီဗျာ"

ဆေးဆရာက အမျိုးသမီးပြောပြသည့် စကားဝှက်ကို သေ
သေချာချာ မှတ်သားထားလိုက်လေသည်။

အမျိုးသမီးက ဦးညွှတ်လိုက်သည်။

"ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ဆေးဆရာက...

"ဆရာကတော်ယုဝါး ကျုပ်တစ်ခု ပြောချင်ပါတယ်"

"ကျွန်မရဲ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ပြောမလို့ မဟုတ်
လားရှင်"

"ဟုတ်ပါတယ်ဗျာ၊ ဆရာကတော်တို့ ဇနီးမောင်နှံ ခုလို
ပြဿနာဖြစ်ပေါ်ပြီး လမ်းခွဲလိုက်ကြတဲ့အထိ ဖြစ်ပျက်လာအောင်
မြွေနက်မလင်ရှီက ဖန်တီးခဲ့တာဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ဆုံးဖြတ်
ချက်ကို ပြန်စဉ်းစားဖို့ မေတ္တာရပ်ခံချင်ပါတယ်ဗျာ"

အမျိုးသမီးက...

"ကျွန်မတို့အပေါ်မှာ စေတနာထားတာ ကျေးဇူးတင်ပါ
တယ်ရှင်၊ ဒါပေမယ့် ကျွန်မ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်
လိုက်တာပါ၊ ဒါကြောင့် မဖြစ်နိုင်တော့တာ ဝမ်းနည်းပါတယ်ရှင်"

"ဆရာကတော် ယုဝါး"

ဆေးဆရာက ရှေ့တိုးလိုက်လေသည်။

အမျိုးသမီး ပြုံးလိုက်သည်။

"ရှင်က မာယွင်ကိုသာ မြွေနက်မလင်ရှီရဲ့အန္တရာယ်ကို



သတိထားဖို့ သွားပြီးသတိပေးတာ ပိုကောင်းပါလိမ့်မယ်ရှင်"

ဆေးဆရာ၏ ရှေ့တိုးနေသော ခြေလှမ်းများ တုန့်ခနဲရပ်
သွားလေတော့သည်။ အမျိုးသမီးက...

"ကျွန်မကို ခွင့်ပြုပါဦးရှင်"

နှုတ်ဆက်ကာ ချာခနဲလှည့်ထွက်သွားလေသည်။

ဆေးဆရာက ဟန့်တားလိုက်သည်။

"ခဏနေပါဦးဗျာ"

အမျိုးသမီး ခြေလှမ်းရပ်သွားလေသည်။

"ကျွန်မကို ဘာများပြောချင်သေးလို့လဲရှင်"

ဆေးဆရာက...

"ဆရာကတော် တခြားကိုထွက်သွားမယ့်အစား တစ်ချိန်က
နေထိုင်ခဲ့ဖူးတဲ့ မိုးဇွေတောင်ကြားကို ပြန်သွားတာ ပိုကောင်းမယ်
ထင်ပါတယ်"

အမျိုးသမီး တွေဝေသွားလေသည်။ ဆေးဆရာက...

"ဆရာကတော်ဟာ မိုးဇွေတောင်ကြားပိုင်ရှင်ရဲ့သမီး
မဟုတ်လား၊ ကိုယ့်ဇာတိ အရပ်ဒေသကို ပြန်သွားတာ အကောင်းဆုံး
ဖြစ်မယ်ထင်ပါတယ်"

မိုးဇွေတောင်ကြားသည် တစ်ချိန်က သိုင်းလောက၌ လျှမ်း
လျှမ်းတောက် ကျော်ကြားခဲ့သည့် တောင်ကြားတစ်ခုဖြစ်လေသည်။

ဆရာကတော်ယုဝါးသည် မိုးဇွေတောင်ကြားပိုင်ရှင်၏သမီး
ဖြစ်သည်။

သူမ၏မိဘများ ကွယ်လွန်သွားပြီးနောက်ပိုင်း သိုင်းလောကထဲသို့ ထွက်လာခဲ့ပြီး သိုင်းဆရာမာယွင်နှင့် ရေစက်ဆုံခဲ့ပြီး မိုးဇွေတောင်ကြားသို့ မပြန်ဖြစ်တော့ချေ။

ဆေးဆရာက....

"ကျုပ်အကြံပေးတာကို လက်ခံစေချင်ပါတယ်ဗျာ"

အမျိုးသမီး သက်ပြင်းချလိုက်သည်။

"ကျွန်မ စဉ်းစားပါ့မယ်၊ ခုတော့ ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီဗျာ"

အမျိုးသမီးက မလှမ်းမကမ်းရှိ သစ်ပင်ရှိရာသို့ လှမ်းသွားလိုက်လေသည်။

သစ်ပင်အောက်၌ အထုပ်အပိုး ဝန်စည်စလှယ်များတင်ထားသည့် မြင်းတစ်ကောင်ရှိနေသည်။

အမျိုးသမီးက မြင်းဇက်ကြိုးကိုဆွဲကာ ထွက်သွားတော့သည်။ ဆေးဆရာက ငေးကြည့်နေစဉ်...

"သူက လမ်းခွဲသွားဖို့ အစကတည်းက စီစဉ်ထားတာကိုး"

မှတ်ချက်ချသံနှင့်အတူ ဗေဒါကြီး ရောက်ရှိလာလေသည်။

ဆေးဆရာက...

"မိုးဇွေတောင်ကြားသခင်မလေး ယုဝါးနဲ့ သိုင်းထိပ်ခေါင်မာယွင်တို့ဟာ သိုင်းလောကမှာ တွေ့ဆုံပြီး မေတ္တာသက်ဝင်ခဲ့ကြတယ်၊ သူတို့နှစ်ယောက်ဟာ ပျော်စရာကောင်းတဲ့ဘဝတစ်ခုကို ထူထောင်ပြီး သိုင်းလောကအကျိုး၊ အများအကျိုးသည်ပိုးဆောင်



ရွက်ခဲ့ကြတယ်၊ သိုင်းလောကရဲ့ စံပြဇနီးမောင်နှံ ဖြစ်ခဲ့ကြပေမယ့် ခုတော့ အကျင့်ယုတ်တဲ့ မြွေနက်မလင်ရှီကြောင့် လမ်းခွဲခဲ့ရပြီ"

ဟုညည်းတွားလိုက်လေသည်။

ဆေးဆရာက...

"မြွေနက်မလင်ရှီက အမှောင်လောကထိပ်သီး ရှန်းဝေနဲ့ပေါင်းပြီး လုပ်ဇာတ်ထွင်ခဲ့တာ ထင်ရှားပါတယ်၊ စင်ကျန်းဟာ မြူပြင်ခဲ့တယ်ဆိုပေမယ့် အယင်က လူကောင်းတစ်ယောက်မှ မဟုတ်တာ"

ဆေးဆရာနှင့် ဗေဒါကြီးတို့ အချင်းချင်းကြည့်လိုက်ကြ၏။

ဆေးဆရာက...

"ကျုပ်ထင်တာက ယုဝါးဟာ မြွေနက်မလင်ရှီက ဆရာမာယွင်ကို တစ်ဘက်သတ်မေတ္တာသက်ဝင်ခဲ့တာကို သဝန်တိုပုံရတယ်"

ဗေဒါကြီးက...

"စင်ကျန်း လုပ်ကြံခံလိုက်ရတော့ ပိုဆိုးသွားတာပေါ့၊ အင်းမေတ္တာတရားဟာ အင်မတန်ဆန်းကြယ်တာပဲ၊ တခါတရံမှာ အမုန်းတရားအဖြစ် ပြောင်းလဲသွားတာ သင်ခန်းစာယူရမလို ဖြစ်နေပြီပေါ့ဗျာ"

နှစ်ယောက်သား စကားကောင်းနေချိန်၌ အမျိုးသမီးဆွဲခေါ်သွားသည့် အထုပ်အပိုးတင်ထားသော မြင်းပေါ်မှ ကလေးငိုသံတစ်ချက် ထွက်ပေါ်လာသည်ကို ဗေဒါကြီးနှင့်ဆေးဆရာတို့ ကြားလိုက်ကြရလေတော့သည်။

♠ ♠ ♠

ဗေဒါကြီးနှင့်ဆေးဆရာတို့မှာ သိုင်းလောက၏ လူထူးလူဆန်းများ၌ ပါဝင်ကြသူများ ဖြစ်လေသည်။

သိုင်းထိပ်ခေါင်မာယွင်နှင့်မိုးစွေတောင်ကြားသခင်မယုဝါးတို့ အထင်လွဲမှားကာ ပြဿနာဖြစ်ပေါ်ကာ လမ်းခွဲခဲ့ကြသည့်ကိစ္စမှာ မာယွင်အား တစ်ဘက်သတ်မေတ္တာသက်ဝင်နေသည့် မြွေနက်မလင်ရှီက သိုင်းသမားဆိုးရှန်းဝေကို အကူအညီတောင်းပြီး ယုဝါး၏ အစ်ကိုစင်းကျန်းကို လုပ်ကြံလိုက်ပြီး မာယွင်အပေါ် အပြစ်ပုံချလိုက်ခြင်းကြောင့်ဖြစ်ကြောင်း ဆေးဆရာနှင့် ဗေဒါကြီးတို့ ရိပ်မိထားကြသော်လည်း သက်သေအထောက်အထား မရှိ၍ ဖြေရှင်းပေးနိုင်စွမ်းမရှိဘဲ လက်ပိုက်ကြည့်နေခဲ့ကြရလေသည်။

တစ်စုံတစ်ယောက်က ကြားဝင်ဖြေရှင်းပေးနိုင်ပါစေဟု မျှော်လင့်ဆုတောင်းခဲ့ကြသည်။

သူတို့၏ဆုတောင်းသည် နှောင်နှစ်ပေါင်းအတော်ကြာတော့မှ အမြင်မှန်ရသွားသော သိုင်းသမားဆိုးရှန်းဝေက အဖြစ်မှန်ကို ဝန်ခံသည့်စာတစ်စောင် မာယွင်ထံသို့ ပေးခဲ့မှ ဆုတောင်းပြည့်ဝခဲ့လေတော့သည်။

♠ ♠ ♠



## တောင်ကြားသခင်မ

နေလုံးကြီးသည် အလျှံညီးညီး တောက်ပနေသည်။

သို့သော်...

တစ်နှစ်ပတ်လုံး နှင်းများဖုံးလွှမ်းနေသည့် စန်းလုတောင်မှာမူ ရီဝေညို့မှိုင်းကာ အေးစိမ့်လျှက်ရှိနေပေသည်။

စန်းလုတောင်၏ တစ်ဘက်အစွန်တွင်ရှိသော နှစ်ဆောင်ပြိုင်တောင်ထိပ်ပေါ်တွင် အစိမ်းရိပ်ကလေးတစ်ခု လှုပ်ရှားလျှက်ရှိသည်။

ထိုအစိမ်းရိပ်ကလေးသည် တဟူးဟူးတိုက်ခတ်နေသော တောင်ပေါ်လေကြား အပေါ်၌လှုပ်ယမ်းနေခြင်းဖြစ်သည်။

ရွေ့လျားမှုကား မရှိချေ။

စင်စစ် အစိမ်းရိပ်ကလေးမှာ လူတစ်ယောက်၏ဝတ်စုံအရောင်သာ ဖြစ်ပေသည်။

အစိမ်းရောင်ဝတ်စုံရှင်မှာ လူငယ်တစ်ဦးဖြစ်သည်။။။

ရုပ်ရည် တည်ကြည်ခန့်ညားး၏။

လူငယ်သည် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက်ရပ်ယင်း တောင်အောက်သို့ ငေးစိုက်ကြည့်လျှက်ရှိသည်။

တောင်အောက်တွင်ကား မြူနှင်းများဖြင့် ဝေဆိုင်းရစ်သိုင်းနေလေသည်။

ဖြူလွလွ မှုန်ပျပျမှလွဲ၍ ဘာကိုမျှမမြင်ရချေ။

"အင်း..ဆရာက သည်တောင်အောက်မှာ မိုးစွေတောင်ကြားရှိတယ်လို့ပြောတယ်၊ သည်တောင်ကြားမှာ သိုင်းလောကနဲ့ ကင်းကွာနေတဲ့ ယုဝါးနေတယ်လို့ပြောလိုက်တယ်၊ သူ့ဆီကို ဆရာက စာတစ်စောင်ပို့ခိုင်းလိုက်တာ ဘယ်လိုပို့ရမှန်းတောင် မသိဘူး"

လူငယ်က ခပ်ညည်းညည်း ရေရွတ်လိုက်မိသည်။

ထို့နောက်...

ရင်ဘတ်ကြား၌ ထည့်ယူလာသောစာကို ထုတ်ကြည့်လိုက်သည်။

အနီရောင်စာအိတ်ထဲထည့်ကာ ချိတ်ထိုးထားသည်။

လူငယ်သည် စာအိတ်ကို ခပ်ငေးငေးစိုက်ကြည့်ယင်း...

"သည်စာကိုပေးလိုက်မှပဲ သူတို့နှစ်ဦးကြား လွဲမှားနေတဲ့



သံသယတွေ ပြေပျောက်သွားမယ်လို့ပြောတယ်၊ ဒါတင်မကဘူး၊ သိုင်းလောကတစ်ခုလုံးကို ခြိမ်းခြောက်နေတဲ့ ကပ်ဆိုးကြီးရဲ့အန္တရာယ်ကိုလည်း ဖယ်ရှားနိုင်မယ်တဲ့၊ ခက်တာက သည်စာကို သူ့ဆီရောက်အောင် ငါဘယ်လိုပို့ရပါ့မလဲ"

လူငယ်က အသံထွက်အောင် ရေရွတ်လိုက်မိသည်။

အမှန်လည်း စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

ထိုစဉ်...

တောင်အောက်ဘက်မှ ဝေ့၍တက်လာသော အသံတစ်သံကို ကြားလိုက်ရသည်။

"ဟော့..တောင်ပေါ်က ဘယ်သူလဲ၊ ယုဝါးဟာ ဘယ်သူ့ကိုမှလက်ခံမတွေ့ဘူးဆိုတာ နားမလည်ဘူးလား"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် လူငယ်သည် ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

တောင်အောက်ကို လှမ်းကြည့်လိုက်၏။

ဝိတ်ဖုံးနေသော ဖြူလွလွ နှင်းမှုန်များကိုသာ တွေ့မြင်ရလေသည်။

မည်သို့ဆိုစေ တစ်နေရာမှ တုန့်ပြန်သံ ထွက်ပေါ်လာသည့်အတွက် လူငယ်မှာ အနည်းငယ် အားတက်လာလေသည်။

အသံရှင်ကို မတွေ့မမြင်ရသော်လည်း လူငယ်က ပြန်လည်ဖြေကြားပြောဆိုလိုက်၏။

"ကျွန်တော့်နာမည် ဖန်ကျင်းပါ၊ ကျွန်တော့်ဆရာမာယွင်က

ဆရာမကြီးယုဝါးကို စာပို့ခိုင်းလိုက်လို့ပါ၊ တဆိတ်လောက် ကျေးဇူးပြုပြီး အကြောင်းကြားပေးပါခင်ဗျာ”

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။

လေတိုးသံကိုသာ ကြားနေရသည်။

အခြားမည်သည့်အသံကိုမျှ ဆက်လက်ကြားသိရခြင်း မရှိတော့ပေ။

လူငယ်သည် တုန့်ပြန်လာမည့် အသံကို နားစွင့်နေ၏။

အတန်ကြာသည့်တိုင် မည်သည့်တုန့်ပြန်သံမျှ မကြားရပါချေ။

လူငယ်သည် နားစွင့်ယင်း တောင်ကြားအောက်သို့ လှမ်းကြည့်သည်။

တခဏအကြာတွင် နှင်းလွှာထုကို ထိုးဖောက်၍ ငှက်တစ်ကောင် ပျံသန်းလာသည်ကို လှမ်းမြင်လိုက်ရလေသည်။

အဆိုပါငှက်ကလေးမှာ စာပို့ရာ၌ အသုံးပြုလေ့ရှိသည့် ခိုကလေးပင်ဖြစ်သည်။

အဖြူရောင်ဖြစ်၏။

ခိုကလေးသည် လူငယ်၏ဦးခေါင်းထက်၌ ပျံဝဲလျက်ရှိသည်။

အတန်ကြာသော် ခိုကလေးသည် လူငယ်၏လက်ထဲမှ အနီရောင်စာအိတ်ကလေးကို သုတ်ခနဲ ခြေဖြင့်ကုတ်ယူကာ တောင်ကြားအောက်ထဲသို့ ပြန်လည်ပျံသန်း ထွက်ခွာသွားလေသည်။

လူငယ်သည် ကြောင်အမ်းအမ်းဖြင့် ငေးစိုက်ကြည့်ယင်း



ကျန်ရစ်ခဲ့သည်။

စိတ်ထဲမှလည်း သို့လောသို့လော တွေးတောပူပန်မိသည်။

ခိုငှက်ကလေး စာလာယူသည်မှာ တောင်အောက်မှ ယူခိုင်းခြင်းမဟုတ်ဘဲ အစာအမှတ်ဖြင့် ကုတ်ချီသွားပါက မိမိအဖို့ခက်ရချည်ရဲ့ဟု တွေးမိသည်။

စိုးရိမ်စိတ်များ တဖွားဖွားကြီးထွားလာသည်။

ထိုစဉ်ခိုက်တွင် ပိတ်ဖုံးနေသော နှင်းမှုန်ထုကြား၌ ဖြူဖြူအရိပ်ကြီးတစ်ခု လှုပ်ရှားလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုဖြူဖြူအရိပ်ကြီးသည် တဖြည်းဖြည်း နီးကပ်လာ၏။

ထိုအခါမှ ဖြူဖြူအရိပ်ကြီးမှာ ဝက်ဝံတစ်ကောင်ဖြစ်နေမှန်း သိလိုက်ရလေသည်။

သို့ရာတွင် တောင်အောက်မှ လိပ်၍လိပ်၍ အုံ့ဆိုင်းအုံ့ကြွနေသည့် နှင်းမြူထုကြောင့် ဝက်ဝံ၏အောက်ခြေပိုင်းကို မမြင်ရချေ။

ဝက်ဝံကြီးသည် လူငယ်ရပ်နေသော တောင်ထိပ်၏အစွန်းနားသို့ ရောက်ရှိလာ၏။

လူငယ်မှာ ငေးကြောင်ကြောင်နှင့် ဝက်ဝံကြီးကို စိုက်ကြည့်နေမိသည်။

ဝက်ဝံကြီးက အောက်ဘက်သို့လက်ဖြင့် ညွှန်ပြ၏။

လူငယ်သည် ကြောင်ကြည့်နေရာမှ သတိပြန်ဝင်လာလေသည်။

ဝက်ဝံကြီးက အောက်ဘက်သို့ ခြေချစရာတစ်စုံတစ်ရာရှိ

သည်ဟု ပြလိုဟန်တူသည်။

ထိုသို့တွေးမိသည်နှင့် လူငယ်သည် ဝက်ဝံကြီးနား တဖြည်းဖြည်းတိုးကပ်သွားသည်။

ဝက်ဝံကြီးနားရောက်သည့်အခါ မိမိရပ်နေရာမှ ရှေ့သို့ဝါးငါးပြန်ခန့်အထိ ခြေတစ်ပြားစာမျှသာ ကျယ်သော တံတားသဖွယ်ကျောက်တန်းရှည်တစ်ခုကို ခပ်ဝါးဝါးတွေ့မြင်ရလေသည်။

ထိုကျောက်တန်းသည် မြင့်မားသော တောင်ကမ်းပါးနှစ်ခုကို ဆက်သွယ်လျှက်ရှိသည်။

ထိုကျောက်တန်းပေါ်၌ မီးခိုးများသဖွယ် ဝေ့ဆိုင်းနေသော မြူနှင်းများက လွင့်မျောရစ်သိုင်းလျှက်ရှိပေသည်။

ကျောက်တန်း အောက်ဘက်၌ကား အသူရာတမျှနက်ရှိုင်းလှသော ချောက်ကြီးရှိသည်။

ပါးစပ်ဖြဲ၍စောင့်နေသော မိချောင်းပါးစပ်ပမာ ရှိနေ၏။

ထို့ပြင်...

ကျဉ်းမြောင်းရှည်လျားသော ကျောက်တန်းကြီးသည် နှစ်ရှည်လများ နှင်းမြူများအုံ့ဆိုင်းကျရောက်မှုကြောင့် ရေညှိများတက်ကာ ပြောင်ချောလျှက်ရှိနေ၏။

ကိုယ်ဖော့ပညာ အဆင့်မြင့်သူများသာ ထိုကျောက်တန်းလမ်းကို လျှောက်လှမ်းဖြတ်ကျော်နိုင်မည် ဖြစ်လေသည်။

စိတ်လည်း တည်ငြိမ်ရန်လိုအပ်လှသည်။

ယခုအချိန်တွင် ဝက်ဝံကြီးက လူငယ်ကို လက်ယပ်ခေါ်နေ



ပြီဖြစ်သည်။

ထို့ကြောင့်...

လူငယ်သည် စိတ်တည်ငြိမ်ရန် အသက်ပြင်းပြင်းရှုလိုက်သည်။

ထို့နောက် ဝက်ဝံကြီး ဦးဆောင်လမ်းပြသည့်အတိုင်း တရွေ့ရွေ့ လိုက်ပါသွား၏။

ခြေတစ်လှမ်းမှား၍ လမ်းချော်သွားလျှင် ပြန်လမ်းမရှိတော့ပေ။

လူ့လောကမှ အပြီးအပိုင် ထွက်ခွာသွားရမည်ဖြစ်၏။

သို့ဖြစ်ရာ လူငယ်သည် သတိကြီးစွာထားလျှက် ကျောက်တန်းကို ဖြတ်ကျော်နေရပေသည်။

လုံးဝ သတိအလွတ်မခံဝံ့ချေ။

အတန်ကြာ လမ်းလျှောက်ပြီးသောအခါ တစ်ဘက်တောင်ကမ်းပါးသို့ ရောက်လာ၏။

အေးစိမ့်သော တောင်ပေါ်နေရာပင်ဖြစ်သော်လည်း လူငယ်၏တစ်ကိုယ်လုံး ချွေးစို့လျှက်ရှိသည်။

တစ်ဘက်တောင်ကမ်းပါးပေါ် ပိုင်ပိုင်နိုင်နိုင် ခြေချမိသည့်အခါမှ ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

♠ ♠ ♠

တောင်ကမ်းပါးပေါ်ရောက်သည်နှင့် ဝက်ဝံကြီးလည်း ထူထပ်သော သစ်ပင်ချုံနွယ်ကြား တိုးဝင်ပျောက်ကွယ်သွားသည်။

လူငယ်တစ်ဦးတည်းသာ ယောင်ချာချာနှင့် ကျန်ရစ်သည်။

ဘယ်သို့ဆက်သွားရမှန်း မသိချေ။

သို့သော်...

တောင်ကမ်းပါးယံကို ကွေ့ပတ်ဆင်းသွားသည့် လမ်းကလေးကိုတွေ့မြင်ရသဖြင့် ထိုလမ်းအတိုင်း ဆက်လျှောက်သွားသည်။

တစ်စထက်တစ်စ အလေ့ကျပေါက်သော အပင်များ ပို၍ ထူထပ်လာသည်ကို တွေ့ရသည်။

တသွင်သွင် စီးဆင်းနေသော ရေတံခွန်ကိုလည်း တွေ့မြင်ရသည်။

မြင်လေရာရာ ရှုခင်းများက လှပသော ပန်းချီကားချပ်တစ်ချပ်နှင့် လှချင်တိုင်း လှနေသည်ကို တွေ့မြင်ခံစားရသည်။

လူငယ်၏ရင်ထဲ ကြည်နူးသာယာသလို ခံစားလာရပေသည်။

ဤနေရာကား ယုဝါး ဇာတ်မြုပ်နေထိုင်ရာ မိုးစွေတောင်ကြားဖြစ်ရမည်ဟု လူငယ်က တွေးတောလိုက်မိသည်။

ဤနေရာနှင့် ပြင်ပလောက ဆက်သွယ်ရန်မှာ စောစောက လူငယ်ဖြတ်သန်းလာခဲ့ရာ ကျောက်တန်းလမ်းကလေးတစ်ခုသာ ရှိသည်။

ဤကျောက်တန်း လမ်းကျဉ်းကို ဖြတ်ကျော်ရန်ဆိုသည်မှာ



လည်း လွန်စွာခက်ခဲလှ၏။

မြင်ဖို့ဆိုသည်ပင် အကြောင်းမသိလျှင် လုံးဝမလွယ်ပေ။

ယခုမူ လူငယ်သည် ထိုအခက်အခဲများကို ကျော်လွှားလာနိုင်ခဲ့ပြီဖြစ်သည်။

ယုဝါးကို တွေ့ဖို့ရှိတော့သည်။

ထိုစဉ်...

သစ်ပင်များကြားမှ မိန်းကလေးတစ်ဦး တိုးထွက်လာသည်။

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် လူငယ်ထံ လျှောက်လှမ်းလာသည်။

မိန်းကလေးကား လွန်စွာချောမောလှပသည်။

ဤမျှချောမောလှပသော မိန်းကလေးသည် အဘယ်ကြောင့် ဤကဲ့သို့ လူသူမနီးသည့် တောကြီးမျက်မည်း၌ နေထိုင်ရပါသနည်း။

လူငယ်သည် တအံ့တသြဖြင့် မိန်းကလေးကို မှင်တက်ငေးကြည့်နေမိတော့သည်။

မိန်းကလေးသည် လူငယ်အနီး ရောက်ရှိသည့်အခါ ဦးညွှတ်လိုက်၏။

ထို့နောက်...

ကိုယ့်ကိုကိုယ် မိတ်ဆက်သည်။

"ကျွန်မနာမည်ယဲ့ဝှားပါ၊ ခုနက ခိုဖြူကလေးနဲ့ စာ အယူခိုင်းလိုက်တဲ့လူပါ၊ ကျွန်မဆရာက မနက်ပိုင်းသိုင်းကျင့်စဉ် မပြီးသေး

လို့ ဝက်ဝံကြီးလွှတ်ပြီး ရှင့်ကို အကြိုနိုင်းလိုက်ပါတယ်"

မိန်းကလေးသည် သူစိမ်းယောကျ်ားပျိုတစ်ဦးနှင့် ပြောနေရသော်လည်း ရှက်ရွံ့ဟန်မရှိချေ။

ပွင့်လင်းဖော်ရွေသည်။

မိန်းကလေး၏စကားကြောင့် လူငယ်သည် ထိုမိန်းကလေးမှာ မိမိတွေ့လိုသူ၏ တပည့်မဖြစ်ကြောင်း သိရှိရလေသည်။

ပြန်လည်ဦးညွှတ်ပြီး...

"အခုလို အရေးတယူကြိုဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ယွဲ့ဝှာက နှစ်လိုဖွယ်ပြုံးပြလိုက်ပြီး ရှေ့မှလမ်းပြခေါ်ဆောင်သွားလေသည်။

သူတို့နှစ်ယောက်သည် ပန်းဝက်ပါတစ်ခုကို ဖြတ်ကျော်ပြီးသည့်အခါ သဘာဝအလျောက် ဖြစ်ပေါ်နေသော လိုဏ်ဂူတစ်ခုရှေ့သို့ရောက်ရှိလာကြသည်။

ဂူဝတွင် သစ်ပင်ချုံနွယ်များ သွယ်ယှက်ကျဆင်းနေသည်ကို တွေ့မြင်ရ၏။

ချုံနွယ်များသည် လိုက်ကာတစ်ခုသဖွယ် လိုဏ်ဂူဝကို ဖုံးကွယ်ထားခြင်းဖြစ်သည်။

ဂူဝသို့ရောက်ရှိလာသည့်အခါ ယွဲ့ဝှာသည် ကျဆင်းသွယ်ဆိုင်းနေသည့် ချုံနွယ်ကို လက်ဖြင့်ဖယ်မယင်း ဂူအတွင်းသို့ လှမ်းဝင်လိုက်၏။



လူငယ်ကလည်း နောက်မှ လိုက်ဝင်သွား၏။

ဂူအတွင်း၌ကား ပြူပြင်ဖန်တီးထားသောကြောင့် နေအိမ်သဖွယ် အခန်းများရှိနေသည်ကို မြင်တွေ့ရသည်။

လူငယ်သည် ပွနေသော အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်ပြင်ဆင်လိုက်၏။

ထို့နောက်...

ယွဲ့ဝှာနှင့်အတူ ဂူအတွင်းခန်းသို့ လှမ်းဝင်လိုက်လေသည်။

အတွင်းခန်းထဲ၌ လူလတ်ပိုင်း အမျိုးသမီးတစ်ဦးကို မြင်တွေ့ရ၏။

ထိုအမျိုးသမီး၏မျက်နှာကား ပန်းပွင့်တစ်ပွင့်ပမာ နူးညံ့လှပေသည်။

မိမိတွေ့လိုသူဖြစ်မည်ဟု လူငယ်တွေးလိုက်သည်။

ထို့ကြောင့်...

လူငယ်သည် အမျိုးသမီးကြီးအနားသို့ သွားကာ ဒူးထောက်ထိုင်ချလိုက်၏။

"ဆရာမကြီးခင်ဗျာ၊ ကျွန်တော် မာယွင်ရဲ့တပည့် ဖန်ကျင်းပါ၊ ဆရာမကြီးကို ဂါရဝပြုပါတယ်"

ထိုအမျိုးသမီးကြီးကား ယုဝါးဖြစ်သည်။

အသက်ခြောက်ဆယ်ခန့်ရှိပြီ ဖြစ်သော်လည်း အသက်လေးဆယ်အရွယ်မျှဟု ထင်မှတ်ရလောက်အောင် အရွယ်တင်သူဖြစ်သည်။

ဖန်ကျင်းသည် သူ၏ဆရာမာယွင်ပြောပြချက်အရ ဆရာမ ကြီးယုဝါးအကြောင်းကို သိတန်သလောက် သိရှိထားခဲ့ပြီးဖြစ်၏။

ယုဝါးသည် အတွင်းအား မြင့်မားနက်ရှိုင်းကာ သိုင်းလော က၌ အထွတ်အထိပ်သို့ရောက်နေသူ တစ်ဦးဖြစ်ကြောင်း သိရလေ သည်။

ဖန်ကျင်းသည် ဆရာမကြီးယုဝါးအား မြင်တွေ့ရသည်နှင့် အလိုလို လေးစားခင်မင်ရုံမျှမက လွန်စွာရင်းနှီးကျွမ်းဝင်သော ဆွေ မျိုးတစ်ဦးကို မြင်တွေ့ရသကဲ့သို့ ခံစားလိုက်ရလေသည်။

ယုဝါးကလည်း မိခင်တစ်ဦး၏ ယုယကြင်နာသောအကြည့် ဖြင့် ဖန်ကျင်းကို စိုက်ကြည့်လိုက်သည်။

"ဖန်ကျင်း...အဝေးကနေ သည်ကိုလာရတယ်ဆိုတော့ အ တော်ပင်ပန်းမှာပေါ့နော်၊ အခု ကန်ထဲမှာ အေးစိမ့်ပန်းပွင့်နေပြီ"

ထိုသို့ပြောပြီးနောက် ယုဝါးသည် ခပ်လျှမ်းလှမ်း၌ရပ်နေ သော ယဲ့ဗှာကို လှမ်းကြည့်လိုက်၏။

"ယဲ့ဗှား..မင်းရဲ့ဂိုဏ်းတူအစ်မကို သွားခေါ်စမ်း၊ ပြီးတော့ အေးစိမ့်ပန်းကိုလည်း တစ်လက်စတည်းခူးလာခဲ့"

ယဲ့ဗှာသည် ဦးညွှတ်လိုက်ပြီးနောက် လိုဏ်ဂူထဲမှ ပြန်လည် ထွက်ခွာသွားလေသည်။

♠ ♠ ♠



ယဲ့ဗှာသည် အခြားမိန်းကလေးတစ်ဦးနှင့်အတူ လိုဏ်ဂူထဲ သို့ပြန်လည်ဝင်ရောက်လာသည်။

ယုဝါးက နောက်ရောက်လာသည့် မိန်းကလေးနှင့် ဖန်ကျင်း ကိုမိတ်ဆက်ပေးလိုက်သည်။

"သူကငါ့ရဲ့တပည့်မကြီးရှန်းကျင့်၊ ခုဆိုယင် သူ့အသက်က နှစ်ဆယ်ရှိပြီ၊ မင်းထက် နှစ်နှစ်ကြီးတယ်"

ယုဝါး၏စကားကြောင့် ဖန်ကျင်း အံ့အားသင့်သွားသည်။

ဆရာမကြီးယုဝါးသည် မိမိအသက်အား မည်သို့သိရှိနေပါ သနည်း။

ဖန်ကျင်း မေးကြည့်ချင်သည်။

သို့သော်...

မေးရန် မဝံ့ရဲပေ။

အသာပင် ငြိမ်နေမိသည်။

ဆရာမကြီးယုဝါးက ရှန်းကျင့်ကို စိုက်ကြည့်ယင်း စကား ဆက်လိုက်သည်။

"ရှန်းကျင့်..တစ်ချိန်က ကျော်ကြားခဲ့တဲ့ ရွှေချိုးအမြုတေ ဟာ အခု ခုံတုံရသေ့ချင်းမီဆီရောက်နေတယ်၊ သည်သတင်းဟာ သိုင်းလောကတစ်ခုလုံး ပျံ့နှံ့သွားပြီး ဒုစရိုက်သမားတွေက လုယက် ဖို့ကြံစည်နေတယ်လို့ ကြားရတယ်၊ ဒါကြောင့် သိုင်းလောကမှာ မကြာ မီဆိုးရွားတဲ့ပြဿနာကြီး ပေါ်လာမှာ သေချာသလောက်ဖြစ် နေပြီကွယ့်"

ရှန်းကျင့်က ငြိမ်သက်စွာပင် နားစွင့်နေသည်။

ဖန်ကျင်းကမူ ဤကိစ္စများသည် မိမိယူဆောင်လာသော စာထဲ၌ ဆရာဖြစ်သူမာယွင်က အပြည့်အစုံရေးထားလိုက်ခြင်းဖြစ်သည်ဟုတွေးတောမိသည်။

အကြောင်းမှာ ဤကိစ္စများကို ဆရာမကြီးယုဝါးအနေဖြင့် မသိနိုင်သောကြောင့် ဖြစ်သည်။

ဆရာမကြီးယုဝါးသည် ဤမိုးဇွေတောင်ကြား၌ ဇာတ်မြှုပ်လျှက်နေသူဖြစ်သည်။

သိုင်းလောက အခြေအနေကို မည်သည့်နည်းနှင့်မျှ သိနိုင်စွမ်းရှိမည် မဟုတ်ပေ။

မိမိယူဆောင်လာသောစာအရ သိရှိခြင်းသာဖြစ်မည်ဟု ဖန်ကျင်း ကောင်းစွာယုံကြည်လေသည်။

ထိုစဉ်...

ဆရာမကြီးယုဝါးထံမှ စကားသံထပ်မံ ထွက်ပေါ်လာပြန်သည်။

"ရွှေချိုးအမြုတေကို လုယူမယ့် ဒုစရိုက်သိုင်းသမားတွေထဲမှာ ထိပ်သီးသိုင်းသမားတွေဖြစ်တဲ့ လူထူးလူဆန်းကြီးဆယ့်သုံးဖော်၊ လောက်စန်းတောင် မိစ္ဆာလေးဖော် နောက်ပြီး ကျန်းစံအိမ်က ဂေဟာရှင်ကြီးကျန်းမင်တို့လည်း ရွှေချိုးအမြုတေကို လုယူဖို့ ခုံတံရသေ့ချင်းမီနောက်ကို လိုက်နေကြတယ်လို့ သိရတယ်"

ရှန်းကျင့်သည် တစ်ခွန်းတပါဒမျှ ကြားဖြတ်မေးမြန်းပြော



ဆိုခြင်းမပြုဘဲ ငြိမ်သက်စွာ နားထောင်နေသည်။

"အဲသည် ရွှေချိုးအမြုတေဟာ ငါနဲ့မင်းရဲ့ဂိုဏ်းတူဘကြီးကိစ္စနဲ့ပတ်သက်နေတယ်"

ဆရာမကြီးယုဝါးသည် ယင်းသို့ပြောဆိုပြီးနောက် ရှန်းကျင့်နှင့်ဖန်ကျင်းကို တစ်လှည့်စီ ကြည့်လိုက်လေသည်။

"ဒါကြောင့် မင်းနဲ့ဖန်ကျင်းဟာ အဲသည်ရွှေချိုးအမြုတေကို ဒုစရိုက်သမားတွေလက်ထဲ ရောက်မသွားအောင် မင်းတို့နှစ်ယောက်စလုံး ကိုယ်စီတတ်ထားတဲ့ တိမ်ပျံဓားနဲ့ကြိုးကြာဓားကွက်တွေကို အသုံးချပြီး ခုခံကာကွယ်ရလိမ့်မယ်၊ အေး တစ်ခုပဲ ပြောစရာရှိတယ်၊ မြောင်နယ်ခြားက ယက္ခကြီးသာ သူ့ရဲ့ကတိအတိုင်း သည်ကိစ္စမှာ ဝင်မစွက်ယင်တော့ မင်းတို့နှစ်ယောက်အနေနဲ့ ဘာမှအခက်အခဲတွေ့စရာ အကြောင်းရှိမှာမဟုတ်ဘူး"

ဖန်ကျင်းနှင့်ရှန်းကျင့်တို့က ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

ဆရာမကြီးယုဝါးသည် ကျေနပ်စွာဖြင့် ပြုံးလိုက်လေသည်။

"အေး..အများကောင်းကျိုးလုပ်တယ်ဆိုတော့ မှန်မြတ်ပါတယ်၊ အခု ရွှေချိုးအမြုတေ သိုင်းလောကမှာ ပြန်ပေါ်လာတယ်ဆိုတာ တစ်ဘက်ကကြည့်ယင် ကောင်းကျိုးရှိသလို တစ်ဘက်မှာလည်း ဆိုးကျိုးတွေကတော့ပေါ်လာမှာပဲ၊ အထူးသဖြင့် သိုင်းလောကမှာ လိုချင်ရမ္မက်ဇောတွေ ကြီးထွားလာပြီး သွေးညှီနံ့ပေါ့ဖုံးလာဦးမှာ သေချာတယ်"

ဟုပြောလေသည်။

ယုဝါးသည် သိုင်းလောကကြီး၏ ရှေ့ရေးအတွက် ရတက်မအေးနိုင်ဟန်ရှိသည်။

သိုင်းလောကတွင် မငြိမ်သက်ပါက ရပ်ရွာအေးချမ်းရေးကို ထိခိုက်လာနိုင်သည်။

ရာဇဝတ်မှုများ ထူပြောလာနိုင်သည်။

ထို့ကြောင့်...

ဆရာမကြီးယုဝါးသည် ထိုသို့သော အခြေအနေမျိုး ဖြစ်မလာစေရန် အတတ်နိုင်ဆုံး ထိန်းသိမ်းလိုဟန်ရှိပေသည်။

ဖန်ကျင်းသည် ဆရာမကြီးယုဝါးကို ငေးကြည့်ယင်း စိတ်ထဲ၌ အလိုလိုခင်မင်တွယ်တာနေမိသည်။

ယုံကြည်ကိုးစားသောစိတ်များလည်း ဖြစ်ပေါ်လာမိလေသည်။

ထိုစဉ်...

ယုဝါးက စကားဆက်လိုက်သည်။

"ကျုံးကျူးပြည်နယ်ဘက်မှာ သမားတော်ရှုယင်ဆိုတာရှိတယ်၊ အဲသည်သမားတော်ကြီးဆီသွားပြီး တစ်ချိန်က ငါအပ်ထားခဲ့တဲ့ ရွှေပိုးမျှင်အင်္ကျီကို ပြန်တောင်းပါ၊ သည်လိုပြန်တောင်းတဲ့အခါ ငါ သူ့ကို စကားဝှက်ပြောထားတာရှိတယ်၊ အဲဒါကို မင်းပြောရင် သူက ရွှေပိုးမျှင်အင်္ကျီထုတ်ပေးလိမ့်မယ်၊ စကားဝှက်က တတ်ကျွမ်းဆေးပညာကို စိတ်ထားကောင်းကောင်းနဲ့ကုပါတဲ့၊ သူ့ဆီကရမယ့်



ရွှေပိုးမျှင်အင်္ကျီဟာ တုတ်၊ ဓား၊ လှံစတဲ့လက်နက်တွေ မတိုးဘူးကွယ့်၊ ဒါကြောင့် သည်ဝတ်စုံဟာလည်း သိုင်းလောကအဖို့ မျက်စိကျစရာ ရတနာတစ်ပါးပဲ"

ဖန့်ကျင်းက ခေါင်းညိတ်မှတ်သားထား၏။

ဆရာမကြီးယုဝါးက နောက်ဘက်၌ရပ်နေသော ယွဲ့ဗွားကို ခေါင်းဆတ်၍ခေါ်လိုက်သည်။

ယွဲ့ဗွား ရှေ့သို့တိုးလာသည်။

ပန်းဝတ်ဆံကို ဖန်ကျင်းကို လှမ်းပေးသည်။

ဤတွင် ယုဝါးက ပြုံးလိုက်ပြီး...

"အဲသည်အေးစိမ့်ပန်းဟာ ခုနစ်နှစ်မှတစ်ကြိမ်သာ သီးတာကွယ့်၊ ပန်းဝတ်ဆံစားလိုက်ယင် အတွင်းအား သိသိသာသာတိုးပြီး အဆိပ်ပေါင်းစုံကိုလည်း ပြေစေနိုင်တယ်၊ အခု မင်း ပန်းဝတ်ဆံငါးစေ့ကိုစားလိုက်၊ ကျန်တဲ့နှစ်စေ့ကို အသုံးလိုတဲ့အခါ စားဖို့သိမ်းထား"

ဖန်ကျင်းသည် ဆရာမကြီးယုဝါးပြောသည့်အတိုင်း ပန်းဝတ်ဆံငါးစေ့ကို ပါးစပ်ထဲထည့်လိုက်၏။

ပန်းဝတ်ဆံနှစ်စေ့ကိုကား သေချာစွာ သိမ်းဆည်းလိုက်သည်။

ပန်းဝတ်ဆံကား သာမန်ကြာပန်းစေ့နှင့် မတူချေ။

ထူးခြားလှသည်။

တစ်ကိုယ်လုံး ပူရှိန်းသွားစေသည်။

"ကဲ မင်းရဲ့ဂိုဏ်းတူအစ်မ ရှန်းကျင့်နဲ့အတူသွားပေတော့၊ ငါမှာတဲ့အတိုင်း ဆောင်ရွက်ခဲ့ကြ၊ ကြားလား"

နှစ်ယောက်စလုံး ခေါင်းညိတ်လိုက်ကြသည်။

ဆရာမကြီးယုဝါးက ဂူအပြင်ဘက် တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကဲ..ကဲ..မင်းတို့ မြန်မြန်သွားကြတော့၊ တကယ်လို့များ လမ်းမှာ အသားမည်းမည်း အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး မိန်းမကြီး တစ်ယောက်ကိုတွေ့ရယင် အထူးသတိဝီရိယထားဖို့ မမေ့ကြနဲ့၊ ကဲ ကဲ သွားတော့ သွားတော့"

ဆရာမကြီးယုဝါးက ခပ်လောလောပြောဆိုလိုက်ရာ ဖန်ကျင်းနှင့်ရှန်းကျင့်တို့နှစ်ယောက် ပြိုင်တူပင် ဦးညွှတ်လိုက်ကြလေသည်။

"ဟုတ်ကဲ့"

ဖန်ကျင်းနှင့်ရှန်းကျင့်တို့သည် ဂူထဲမှ လှမ်းထွက်လာခဲ့ကြသည်။

ဆရာမကြီးယုဝါးသည် သူတို့နှစ်ယောက်ကျောပြင်ကို ငေးကြည့်ယင်း ကျန်ရစ်ခဲ့၏။

♠ ♠ ♠



ဖန်ကျင်းနှင့်ရှန်းကျင့်တို့သည် ချုံနွယ်ပိတ်ဖုံးနေသော တောင်ကမ်းပါးယံအတိုင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာခဲ့ကြသည်။

မိုးစွေတောင်ကြားသည် တစ်စထက်တစ်စ အောက်ဘက် ၌နိမ့်၍ကျန်ရစ်ခဲ့သည်။

မကြာမီ သူတို့နှစ်ယောက်သည် တောင်ကမ်းပါးနှစ်ခုကို ဆက်သွယ်ထားသည့် ကျောက်တန်းလမ်းကျဉ်းသို့ ရောက်လာ၏။

အောက်ဘက်သို့ လှမ်းကြည့်သည့်အခါ ပိတ်ဖုံးနေသော ဖြူလွှလွှင့်မျောနေသည့် မြူနှင်းများကိုသာ တွေ့ရသည်။

လေတဟူးဟူး တိုက်ခတ်နေသည်။

သူတို့နှစ်ယောက်၏ အဝတ်အစားများ တဖျတ်ဖျတ်လူး လွန့်လျှက်ရှိသည်။

သူတို့သည် ရေးတေးတေးမျှသာ မြင်ရသော ကျောက် လမ်းကလေးအတိုင်း သတိကြီးစွာထား၍ ကိုယ်ဖော့ကာ လျှောက် သွားကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဖြူလွှင်မှုန်ပျနေသည်။
ရှေ့ ဝါးတစ်ရိုက်ထက်ပို၍ သဲကွဲစွာ မမြင်နိုင်ချေ။
နှစ်ယောက်စလုံး အသက်ပြင်းပြင်း မရှူဝံ့ချေ။
တစ်နှစ်ပတ်လုံး နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ကျောက်ကျဉ်းလမ်းမှာ ရေညှိတို့ဖြင့် အတိပြီး၏။

ခြေတစ်ချက်ချော်သည်နှင့် နက်ရှိုင်းလှစွာသော ချောက်ကြီးက ဝါးမျိုရန် ပါးစပ်ဖြဲ၍စောင့်ကြိုလျှက် ရှိနေသည်။

ဖန်ကျင်းတို့နှစ်ယောက်မှာ ခြေလက်များ အေးစက်ရုံသာမက အသည်းများပင် အေးခနဲ စိမ့်ခနဲ ဖြစ်နေကြလေသည်။

♠ ♠ ♠

## ဆန်းကြွယ်သောကံတရား

မရဏချောက်ကမ်းပါး...။

ဤချောက်ကမ်းပါးကို ပြေလျောခြင်းမရှိဘဲ မတ်စောက်လျှက်ရှိသည့် ကျောက်တောင်ကြီးက အပေါ်မှ စီးမိုးလျှက်ရှိသည်။

အံ့ဩဖွယ်ကောင်းသည်မှာ ဤချောက်ကမ်းပါးတခွင်လုံး မည်သည့်အပင်မျှမရှိဘဲ ကျောက်သားပကတိဖြင့် ပြောင်ချောလျှက်ရှိနေခြင်းပင်တည်း။

ချောက်ကမ်းပါး တစ်ဘက်တစ်ချက်ရှိ တောင်နံရံများမှာလည်း ကုတ်တွယ်စရာ အချွန်အတက် အချိုင့်အဝှမ်းမရှိ ချောမွတ်နေသည့်ကျောက်သားဖြင့် အတိပြီး၏။

အကယ်၍ တစ်စုံတစ်ယောက်သည် ဤကျောက်နံရံကို တွယ်တက်၍ ချောက်ကမ်းပါးပေါ် တက်သည်ဆိုပါအုံ့။

ထိုလူသည် သူရူးတစ်ယောက်ဟု ဆိုဖွယ်သာရှိသည်။

သို့မဟုတ်ပါကလည်း မိမိအသက်ကိုဖက်နှင့်ထုပ်၍ သေမင်းနှင့် ဆော့ကစားသူဟုလည်း ဆိုရပေလိမ့်မည်။

ထို့ကြောင့်လည်း ဤချောက်ကမ်းပါးကို မရဏချောက်ကမ်းပါးဟု သိုင်းလောကသားများ ပြောစမှတ်ပြုခဲ့ကြခြင်းဖြစ်ဟန်တူသည်။

မည်သူတစ်စုံတစ်ယောက်ကမျှလည်း ဤချောက်ကမ်းပါးပေါ်သို့ တက်ရန် ကြိုးစားခဲ့ခြင်းမရှိပေ။

သို့သော်...

ယခုအချိန်၌ ဤချောက်ကမ်းပါးပေါ် တက်ရောက်ရန် လူတစ်ယောက်က အားကြိုးမာန်တက် ကြိုးပမ်းလျှက်ရှိသည်ကို အံ့ဩထူးခြားစွာပင် မြင်တွေ့ရလေသည်။

ထိုလူသည်ကား သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီး ခုံတုံရသေ့ချင်းမီပင်ဖြစ်လေသည်။

ခုံတုံရသေ့ချင်းမီသည် မတ်စောက်သော တောင်နံရံကို ပေါက်ချွန်းတစ်လက်တည်းဖြင့် ကြိုးစားတက်နေပေသည်။

ပေါက်ချွန်းဖြင့် တောင်နံရံကို ချိုင့်ခွက်ငယ်ပမာထွင်းထုယင်း လက်ဖြင့် ကုတ်၍တွယ်တက်သည်။

လက်တစ်ဘက်ဖြင့် ချိုင့်ငယ်ကို ကုတ်ကိုင်ယင်း အခြားလက်တစ်ဘက်ဖြင့် တောင်နံရံကို ထွင်းထုသည်။

ယင်းသို့ဖြင့် တောင်ပေါ်သို့ တရွေ့ရွေ့ တက်လှမ်းနေခြင်းဖြစ်ပေသည်။

တောင်ကမ်းပါးပေါ် လက်တစ်လှမ်းစာ ရွေ့တက်နိုင်ရန် အတော်ပင် ခက်ခဲစွာ ကြိုးပမ်းရ၏။

ထို့ကြောင့် ရသေ့ကြီးချင်းမီမှာ တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေပေသည်။

အကယ်၍ ခြေချော်လက်ချော်သာဖြစ်ခဲ့လျှင် အရိုးတခြား အသားတခြားဖြစ်မည် မလွဲတည်း။

ထို့ကြောင့် ချင်းမီသည် အပေါ်သို့ တစ်လှမ်းတစ်လှမ်း ရွေ့တက်နိုင်ရန် သတိကြီးစွာထားနေရသည်။

နေကလည်း ပူပြင်းလှသည်။

ချွေးကလည်း တစ်ကိုယ်လုံး ရွှဲနစ်နေသည်။

လက်ဖဝါးတစ်ခုလုံး ချွေးစေးများဖြင့် စေးထန်းနေသည်။

ပေါက်ချွန်းဖြင့်ပေါက်ထားသည့် တောင်နံရံချိုင့်ခွက်ကို လက်တစ်ဘက်ဖြင့်သာ မှေးကိုင်ထားရလေသည်။

မတော်တဆ လက်ချော်သွားပါက သေမင်းခံတွင်းထဲ ခွေးကျဝက်ကျ ကျသလို ဖြစ်ပေရော့မည်။

ချင်းမီသည် မဆုတ်မနစ်သောဇွဲဖြင့် အားမာန်ခဲကာ သေမင်းနှင့်စစ်ခင်းလျှက် တောင်ကမ်းပါးပေါ် တရွေ့ရွေ့တက်သည်။

တစ်စထက်တစ်စ အမြင့်သို့ရောက်လေ လေကပို၍ပြင်း

ထန်စွာ တိုက်ခတ်လေဖြစ်သည်။

လေတိုက်သောကြောင့် ချွေးများခြောက်မသွားပေ။

စေးထန်းထန်း ဖြစ်လာ၏။

ကုတ်တွယ်ရသည်မှာ ပို၍ပင်ပန်းခက်ခဲလာသည်။

အဝေးမှကြည့်လျှင် ပက်ကျိတစ်ကောင် တောင်ကမ်းပါးပေါ်တက်နေသည်နှင့် တူလှပေသည်။

တောင်ကမ်းပါးအမြင့်၏ သုံးပုံနှစ်ပုံခန့်သို့ ရောက်ရှိလာသည်။

ချင်းမီသည် မိမိမည်မျှ တက်ခဲ့ပြီးသည်ကို သိလိုသဖြင့် ခေတ္တနား၍ အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဘုရား...ဘုရား"

ချင်းမီ ရင်ထိတ်သွား၏။

တောင်ကမ်းပါး၏ အောက်ခြေကား နက်ရှိုင်းလှစွာကျန်ခဲ့ချေပြီ။

မှုန်ပျပျသာ မြင်ရတော့၏။

ချင်းမီ၏ရင်ထဲ၌ အေးခနဲ ဖြစ်သွားသလို ခံစားလိုက်ရလေသည်။

ထိုအခြေအနေရောက်မှ လက်လျှော့ပြီး ပြန်ဆင်းရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်တော့ပေ။

သေမင်းလက်တွင်း သက်ဆင်းရသလိုသာ ဖြစ်သွားလိမ့်မည်။



ထို့ကြောင့် ချင်းမီက အံခဲလျှက် တောင်ကမ်းပါးပေါ် ဆက်၍တက်သည်။

လက်ချောင်းများလည်း ပေါက်ပြဲစပြုနေပြီဖြစ်သည်။

မတတ်နိုင်တော့ပါ။

တောင်ကမ်းပါးထိပ်ပေါ်ရောက်အောင် တက်ရပေတော့မည်။

♠ ♠ ♠

နေမွန်းတည့်ပြီ ဖြစ်သည်။

ယခု ချင်းမီသည် တောင်ကမ်းပါးထိပ်သို့ ရောက်ရှိလာခဲ့လေပြီ။

တောင်ကြီးဖဝါးအောက်ဟူသော စကားသည် ဖွဲမာန်လုံ့လကြီးသူတို့အတွက် ရည်ညွှန်းသောစကားပင် ဖြစ်ဟန်တူလေသည်။

ချင်းမီသည် အခက်အခဲအမျိုးမျိုးကို ဖွဲလုံ့လအားမာန်အပြည့်ဖြင့် ရင်ဆိုင်ကျော်လွှားလာခဲ့ရာ တောင်ကမ်းပါးထိပ်သို့ရောက်ရှိလာခဲ့ပြီဖြစ်၏။

မြင့်မားမတ်စောက်သော တောင်ကြီးသည် ချင်းမီ၏ခြေဖဝါးအောက်သို့ ရောက်ရှိသွားပြီဖြစ်လေသည်။

မည်မျှမြင့်မားခေါင်သီသော တောင်ထွတ်ကြီးဖြစ်စေကာမူ နောက်ဆုံး ဖွဲမာန်ကြီးသူတို့၏ ခြေဖဝါးအောက်သို့သာ ရောက်ရှိရပေမည်။

ချင်းမီသည် တောင်ထွတ်ပေါ်သို့ ရောက်သည့်အခါ အတော်ပင် ခြေကုန်လက်ပန်းကျနေပြီဖြစ်သည်။

ခြေလက်များကိုပင် မသယ်ချင်အောင် ဖြစ်လာရပေသည်။

ထို့ကြောင့် တောင်ကမ်းပါးထိပ်ပေါ် ရောက်သည့်အခါ နားခိုစရာကို အပြေးအလွှား ရှာဖွေကြည့်ရှုလိုက်လေသည်။

ထိုအခါ ခပ်လှမ်းလှမ်း၌ တစ်ပင်တည်း ထီးထီးကြီးရှိနေသော ထင်းရှူးပင်ကို လှမ်းမြင်လိုက်ရသည်။

ချင်းမီ ဝမ်းသာသွားသည်။



ထင်းရှူးပင်အိုရှိရာသို့ လျှောက်သွား၏။

ပြီးလျှင် ထင်းရှူးပင်ခြေရင်းတွင် ပင်စည်ကို ကျောမှီလဲလျောင်းလိုက်သည်။

ထိုသို့ လဲလျောင်းလိုက်သည်နှင့် ပင်ပန်းမှုဒဏ်ကြောင့် တခဏအတွင်းမှာပင် ခြေပစ်လက်ပစ် အိပ်မောကျသွားလေတော့သည်။

♠ ♠ ♠

ချင်းမီသည် ပင်ပန်းလွန်းသောကြောင့် အနားယူလိုက်စဉ် မေ့ခနဲ အိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်း မသိပေ။

"ဝေါင်း"

"ရှီး...ရှီး"

"ဝုန်း"

ပြင်းထန်လှသော လှုပ်ရှားလူးလွန့်သံကြောင့် ချင်းမီ အိပ်မောကျနေရာမှ ဖျပ်ခနဲလန့်နိုးလာသည်။

ပြူးတူးကြောင်တောင်ဖြင့် မျက်လုံးများကို ပွတ်သပ်ကြည့်လိုက်လေသည်။

ထိုအခါ ချင်းမီ၏မျက်လုံးအစုံမှာ ရုတ်တရက် ဝိုင်းစက်ပြူးကျယ်သွားရတော့၏။

ချင်းမီ မြင်လိုက်ရသည့်အရာကား ကြီးမားလှသော မြွေကြီးတစ်ကောင်နှင့် ကျားကြီးတစ်ကောင်တို့ လုံးထွေးရစ်ပတ်လျှက် သတ်ပုတ်နေကြခြင်းပင် ဖြစ်သည်။

မြွေကြီးမှာ စပါးကြီးမြွေဖြစ်ဟန်တူသည်။

လုံးပတ်ကြီးပြီး လွန်စွာ ရှည်လျားလှသည်။

ကျားကြီး၏ ကိုယ်လုံးကို အထပ်ထပ်ရစ်ပတ်ထားသည်။

ကျားကြီးကလည်း မြွေ၏လည်မျိုကို ကိုက်ခဲထားသည်။

ထိုသတ္တဝါနှစ်ကောင် သတ်ပုတ်နေကြသည်မှာ ကြည့်ယင်းဖြင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှ၏။



ချင်းမီသည် သတ္တဝါနှစ်ကောင် သတ်ပုတ်နေသည်ကို ထိတ်လန့်အံ့သြစွာ ငေးမောကြည့်နေမိသည်။

ဖြစ်ပုံမှာ ချင်းမီ မောမောနှင့် မေ့ခနဲ အိပ်ပျော်သွားစဉ် သူ့လက်တဖဝါး စာခန့် လုံးပတ်ရှိသော တောကြီးမြွေသည် ချင်းမီ၏ ခြေးနံ့ကို ခံကာ တရွရွ ချဉ်းကပ်လာ၏။

တောင်ပေါ်ကျားတစ်ကောင်ကလည်း လူနံ့ရသဖြင့် ချင်းမီကိုခုန်အုပ်ရန် အခြေအနေစောင့်ကြည့်နေလေသည်။

ထိုစဉ်...

မြွေကြီးတစ်ကောင်က သူ့အစာရှိရာသို့ ဦးတည်သွားနေသည်ကိုမြင်သဖြင့် လှမ်း၍ခုန်အုပ်လိုက်သည်။

ချက်ကောင်းမိသော်လည်း မြွေမှာ အခြားသားကောင်နှင့်မတူ အသက်ပြင်းသည်။

ဦးခေါင်းပိုင်း မလှုပ်နိုင်သော်လည်း ရှည်လျားသော ကိုယ်လုံးက ရစ်ပတ်တိုက်ခိုက်နိုင်သေးသည်။

ကျားကြီးသည် မြွေကြီး၏ဦးခေါင်းပိုင်းကို မလွတ်တမ်းခဲထားသည်။

မြွေကလည်း ကျား၏ခန္ဓာကိုယ်ကို ရစ်ပတ်ဆွဲဆန့်သည်။

နှစ်ကောင်စလုံး အင်အားကြီးမားလှ၏။

ထို့ကြောင့် သတ္တဝါနှစ်ကောင်၏ တိုက်ခိုက်မှုမှာ ပြင်းထန်လှသည်။ တဝုန်းဝုန်းနှင့် ကမ္ဘာပျက်သည့်အလား ထင်မှတ်ရပေသည်။

သတ္တဝါနှစ်ကောင်၏ တိုက်ခိုက်သတ်ပုတ်မှုကိုကြည့်ယင်း ချင်းမီ ကျောစိမ့်သွားသည်။

အကယ်၍ သူ့ထံသို့ မြွေကြီးချဉ်းကပ်လာစဉ် အနီးအနား၌ အဆိုပါကျားကြီး ရှိမနေလျှင် ချင်းမီအနေဖြင့် မြွေကြီးရစ်ပတ်ဝါးမြိုမှုကို သေချာပေါက်ခံရမည် ဖြစ်သည်။

ထို့အတူ ကျားကြီးက သူ့ကိုချောင်းမြောင်းနေခိုက် ဤတောကြီးမြေ ရောက်မလာလျှင် ချင်းမီမှာ ကျားစာဖြစ်နေလောက်ပြီဖြစ်သည်။

သို့ဖြစ်ရာ ချင်းမီအနေဖြင့် ကံကောင်းလှသည်ဟု ဆိုရပေတော့မည်။

မြွေကြီးသည် ကျားကြီး၏ ကိုက်ခဲမှုကြောင့် သွေးများဖြင့် ချင်းချင်းနီရဲနေသော်လည်း အမြီးပိုင်းကမူ တစ်ရစ်ပြီးတစ်ရစ် ကျားကြီးကို တင်းကျပ်စွာ ရစ်ပတ်နေသည်။

ကြာလျှင် မြွေကြီး၏ ရစ်ပတ်မှုကြောင့် ကျားကြီးခမျာ အသက်ဆုံးရှုံးရတော့မည် ဖြစ်သည်။

မည်သို့ဆိုစေ ထိုသတ္တဝါနှစ်ကောင်စလုံးမှာ လူတို့အားကြီးစွာအန္တရာယ်ကို ပေးနိုင်စွမ်းသည့် သတ္တဝါများဖြစ်ရာ နှစ်ကောင်စလုံးကို အရှင်ထား၍မဖြစ်ကြောင်း ချင်းမီတွေးလိုက်မိသည်။

ထို့ကြောင့် သူ၏အင်္ကျီရင်ဘတ်ကြား၌ ထည့်သွင်းယူဆောင်လာသော လက်နက်ပုန်းများကို ထုတ်ယူလိုက်သည်။

ယင်းလက်နက်ပုန်းကား အဆိပ်ကိုးမျိုးပါသော လက်နက်



ပုန်းဖြစ်၏။

လက်နက်ပုန်းကို ထုတ်ယူပြီးသည်နှင့် မြွေကြီး၏မည်သည့်နေရာကို ပစ်ပေါက်ရမည်နည်းဟု ချင်းမီတွေးလိုက်သည်။

ထိုအခါ မြွေကြီး၏ တောက်ပနီရဲသော မျက်လုံးနှစ်လုံးကို ပစ်ပေါက်ရန် အကောင်းဆုံးဖြစ်ကြောင်း သိမြင်လိုက်၏။

မြွေကြီး၏မျက်လုံးနှစ်လုံးကား ပတ္တမြားကြီးနှစ်လုံးပမာ နီရဲတောက်ပလှပေသည်။

လွန်စွာထူးခြားဆန်းကျယ်လှသည့် တောကြီးမြွေတစ်ကောင်ဖြစ်ကြောင်း ချင်းမီ နားလည်သိရှိလိုက်သည်။

ချင်းမီသည် မြွေ၏မျက်လုံးနှစ်လုံးကို ဦးစွာတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

သို့ဖြင့်...

လက်နက်ပုန်းကိုင်ထားသော ညာလက်ကို စတင်လှုပ်ရှားလိုက်သည်။

"ဝှစ်...ဝှစ်"

လက်နက်ပုန်းများ ပစ်လွှင့်သွား၏။

"ဖောင်း"

လက်နက်ပုန်းနှစ်ခုသည် မြွေကြီး၏မျက်လုံးကို တိုက်ရိုက်ထိမှန်သွားသည်။

နီရဲသောမြွေကြီး၏ မျက်လုံးနှစ်လုံးမှာ ပေါက်ကွဲထွက်သွားသည်။

ဓွေးဓွေးနီသောသွေးများ မြင်မကောင်းအောင် ကျဆင်းလာသည်။

လက်နက်ပုန်းတစ်ခုက ကျားကြီးကို ထိမှန်သွားသည်။

"ဝေါင်း"

မာန်ဗီဟိန်းဟောက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီးနောက် ကျားကြီးမှာ မြွေကိုကိုက်ခဲထားရာမှ ငြိမ်ကျသွားလေတော့သည်။

သို့သော် မြွေကြီးမှာ ပို၍လူးလွန့်လှုပ်ရှားလာသည်။

တရှူးရှူး တရှဲရှဲဖြစ်လာ၏။

သွေးဖြင့် ချင်းချင်းနီရဲနေသည့်တိုင် မြွေကြီးကား ပို၍လှုပ်ရှားလာလေသည်။

ပို၍ပြင်းထန်စွာ လှုပ်ရှားလာသော မြွေကြီးကိုကြည့်ကာ ချင်းမီ ထိတ်လန့်တုန်လှုပ်သွား၏။

တအံ့တသြလည်း ဖြစ်သွားမိသည်

အကြောင်းမှာ သူ၏အဆိပ်ပါရှိသော လက်နက်ပုန်းထိမှန်ခံရသည့်တိုင် မြွေကြီးမှာ သေဆုံးသွားခြင်းမရှိဘဲ ပို၍ဒေါသတကြီးဖြစ်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ကျားကြီးမှာ အဆိပ်လက်နက်ပုန်း ထိမှန်ခံရသည်နှင့်တုံးခနဲ လဲကျသေဆုံးသွားပြီဖြစ်သည်။

မြွေကြီးသည်သာ အဆိပ်လက်နက်ပုန်းထိမှန်ခံရလျက်ဘာမှမဖြစ်ဘဲ တရှူးရှူးတရှဲရှဲဖြစ်လာသည်။



ပို၍ထူးဆန်းအံ့သြဖွယ် ကောင်းလှတော့၏။

ချင်းမီမှာ မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်လာရသည်။

"ငါ့ရဲ့အဆိပ်လက်နက်ပုန်းဟာ ဘာကြောင့်များ မြွေကြီးကို သေအောင်မစွမ်းနိုင်ရတာပါလိမ့်၊ ကျားကြီးကတော့ တစ်ခါတည်းနဲ့ ငြိမ်ကျသွားပြီ၊ မြွေကြီးမသေတာ အံ့စရာပဲ"

ချင်းမီသည် စိတ်ထဲမှတွေးတောရေရွတ်လုက်မိခြင်းဖြစ်၏။

အဆိပ်လက်နက်ဖြင့် မသေနိုင်သော မြွေကြီးကို ငေးကြည့်ယင်း ချင်းမီ အတော်ပင် လန့်ဖျပ်သွားမိလေသည်။

ထိုစဉ်...

မြွေကြီးသည် လူနံ့ကိုရသောကြောင့်ထင်သည်။

ချင်းမီရှိရာ ထင်းရှူးပင်ဆီသို့ မျက်နှာမူယင်း ပါးပျဉ်းထောင်၏။

မြွေ၏ဦးခေါင်းတစ်ခုလုံး သွေးများဖြင့် နီရဲနေသည့်တိုင် မြွေသည် ဘာမျှမဖြစ်သလို လှုပ်ရှားနိုင်သည်ကိုတွေ့ရသည်။

ချင်းမီ ထိတ်လန့်တုန်လှုပ်လာ၏။

ယင်းအခိုက်မှာပင် ကိုယ်ကိုကျုံ့ကာ မြွေကြီးကို အမြီးဖြင့် ကန်ထုတ်လိုက်သည်။

မြွေ၏ခန္ဓာကိုယ်သည် လေထဲ၌လွင့်ပျံကာ ချင်းမီဆီဦးတည်လာသည်။

လုံးဝ မထင်မှတ်သော ဖြစ်ရပ်ကြောင့် ချင်းမီ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။

ကမန်းကတန်းပင် ခုန်ရှောင်လိုက်ရ၏။

မြွေကြီးမှာ ထင်းရှူးပင်ခြေရင်း၌ ပုံလျက်သားလဲကျသွားသည်။

ပါးပြင်းကမူ ထောင်နေလျက်ရှိသည်။

ခေါင်းကို ဘယ်ညာယိမ်းလျက်ရှိ၏။

နှာမှုတ်သံ တရှဲရှဲက ကြားရသူကို ထိတ်လန့်တုန်လှုပ်စေသည်။

မျက်လုံးနှစ်ဘက် မမြင်ရတော့သဖြင့် မြွေကြီးသည် ရန်သူကို နှာခေါင်းဖြင့် အနံ့ခံသည်။

ချင်းမီမှာ လေအောက်သို့ ရောက်နေသဖြင့် မြွေကြီးသည် လောလောဆယ် အနံ့ခံမရဘဲ ဖြစ်နေသည်။

ချင်းမီသည် လက်နက်ပုန်းဖြင့် မြွေကြီးကို ပစ်ခတ်တိုက်ခိုက်ရန် စိတ်ကူးသေး၏။

သို့သော် ထိရောက်မှုမရှိနိုင်မှန်း တွေးမိသဖြင့် လက်နက်ပုန်းကို မထုတ်တော့ပေ။

ထုတ်၍သုံးလျှင်လည်း အလဟဿဖြုန်းတီးရာ ရောက်ပေတော့မည်။

ထို့ကြောင့် ချင်းမီသည် ခါးစည်းမှဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

ပြီးလျှင် ကျောတွင်ပိုးလွယ်ထားသော ဂေါ်ပြားကိုပါ ဖြုတ်ယူလိုက်၏။



လက်နက်အပြည့်အစုံကိုင်ဆောင်ပြီးသည်နှင့် ချင်းမီသည် တင်ပျဉ်ခွေထိုင်ချလိုက်သည်။

မြွေကြီးရှိသည့် ထင်းရှူးပင်ဘက်ဆီသို့ မျက်နှာမူထားလေ၏။

ဓားမြှောင်နှင့်ဂေါ်ပြားကိုလည်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

မြွေကြီးသည် ပါးပျဉ်းထောင်ယင်း ဦးခေါင်းကို ဘယ်ညာယိမ်းခါလျက်ရှိသည်။

ရန်သူကို အနံ့ခံရှာဖွေနေခြင်းဖြစ်သည်။

ထိုအချိန်၌ လေကြောင်းပြောင်းသွားသည်။

တောင်မှမြောက် တိုက်ခတ်နေရာမှ မြောက်မှတောင်သို့ လေကြောင်းပြောင်း၍ တိုက်ခတ်နေ၏။

ထိုအခါ မြွေကြီးသည် ချင်းမီကို အနံ့ခံမိသွားသည်။

"ရှူး"

နှာမှုတ်သံတစ်ချက် ထွက်ပေါ်လာပြီး မြွေကြီးသည် ချင်းမီထံသို့ ပြန်လာလေသည်။

ချင်းမီသည် မြွေကြီး၏ဦးခေါင်းကို ဂေါ်ပြားစောင်းဖြင့် လှမ်း၍ပစ်ပေါက်လိုက်သည်။

မြွေကြီးက ဦးခေါင်းကို ယမ်းခါကာ ချင်းမီထံ အတင်းတိုးဝင်လာသည်။

မြွေကြီးသည် မျက်စိမမြင်ရသော်လည်း လေသံကြောင့်

အန္တရာယ်ရှိမှန်းသိကာ တိမ်းရှောင်လိုက်ခြင်း ဖြစ်ဟန်တူသည်။

ချင်းမီသည် မြွေကြီးတိုးဝင်လာသည်ကို မြင်သည်နှင့် ကိုယ်ကိုယ်မိမ်းကာ တစ်ဘက်သို့ လိမ့်ထွက်လိုက်၏။

တဆက်တည်းပင် လက်တဲမှ ဓားမြှောင်ဖြင့် မြွေကြီး၏ဝမ်းဗိုက်ကို ထိုးခွဲကာ ဆွဲချလိုက်သည်။။။

မြွေကြီး၏ဝမ်းဗိုက် ဟက်တက်ကွဲသွားသည်။

မြွေကြီးမှာ တစ်ချက်လူးလွန့်နိုင်ပြီး ငြိမ်ကျသွားသည်။

ချင်းမီသည် အန္တရာယ်ကြီးတစ်ခုမှ လွတ်မြောက်ခဲ့ပြီဟု တွေးတောကာ ဝမ်းသာအားရဖြစ်သွားသည်။

မြွေကြီးကို လှမ်းကြည့်လိုက်၏။

ထိုစဉ်...

သေအံ့မူးမူး မြွေကြီးသည် ကိုယ်ကို တစ်ချက်လူးလွန့်လိုက်သည်။

ကြီးမားသော မြွေအမြီး၏ရိုက်ချက်သည် ချင်းမီကို ပြင်းထန်စွာပင် ထိမှန်သွားလေသည်။

"ဘုန်း"

"အား"

ချင်းမီ၏ကိုယ်ခန္ဓာသည် မြွေကြီး၏အမြီးရိုက်ချက်ကြောင့် ဝါးတစ်ပြန်ခန့်အကွာသို့ လွင့်ကျသွားလေသည်။

မြွေကြီးလည်း လုံးဝမလှုပ်ရှားနိုင်ဘဲ ငြိမ်ကျသွားလေတော့သည်။



ပြင်းထန်လှသော မြွေကြီးအမြီး၏ရိုက်ချက်ကြောင့်လည်း ချင်းမီမှာ သတိလစ်သွားရလေသည်။

♠ ♠ ♠

အေးစိမ့်သော အတွေ့အထိကြောင့် ချင်းမီ သတိပြန်ရလာသည်။

မျက်လုံးများကို ဖွင့်ကြည့်လိုက်သည့်အခါ မိုးစက်မိုးပေါက်များက မျက်လုံးထဲဝင်ရောက်လာ၏။

ရေစက်များကို သပ်ချယင်း လူးလဲထလိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်သည်။

ကောင်းကင်တပြင်လုံး တိမ်ညိုများအုံ့ဆိုင်းကာ မည်းမှောင်လျက်ရှိသည်ကို တွေ့ရ၏။

မိုးများ သည်းထန်စွာ ရွာသွန်းနေ၏။

လေကလည်း တသဲသဲတိုက်ခတ်နေ၏။

မည်သည့်အချိန်က မိုးလေသည်းထန်လာသည်ကို ချင်းမီ မသိပေ။

သတိလစ်နေသောကြောင့် ပတ်ဝန်းကျင်နှင့် တဒင်္ဂမျှကင်းကွာသွားသည်။

ယခု သတိရလာသောအချိန် အေးစိမ့်သောဒဏ်ရာနှင့် နာကျင်သော ဝေဒနာကို တပြိုင်တည်း ခံစားလိုက်ရသည်။

နာကျင်သော ဝေဒနာမှာ ညာဘက်ရင်အုံနားမှဖြစ်၏။

ဤနေရာကား မြွေအမြီးဖြင့် အရိုက်ခံရသော နေရာပင်ဖြစ်သည်။

ချင်းမီသည် ဘယ်လက်ဖြင့် ကိုယ်တွင်းသို့လက်လျှိုနှိုက်လိုက်သည်။

လက်ကို ပြန်လည်ထုတ်သည့်အခါ မည်းနက်သော ဆေးလုံးတစ်လုံးပါလာသည်။

ထိုဆေးလုံးကား ဒဏ်ကြေဆေးလုံးပင်ဖြစ်လေသည်။

ချင်းမီသည် ထိုဆေးလုံးကို ပါးစပ်ထဲထည့်၍ မြိုချလိုက်၏။

မကြာမီ နာကျင်မှုဝေဒနာများ အနည်းငယ်သက်သာသွားသည်။

အနည်းငယ်လည်း နေသာထိုင်သာရှိသွားလေသည်။

ချင်းမီသည် နာကျင်သောဝေဒနာ သက်သာလာသည်နှင့် တောမြွေကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထူးခြားလှသော အရာတစ်ခုကို မြင်တွေ့လိုက်သည့်အတွက် ချင်းမီ၏မျက်လုံးမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

ထိုအရာဝတ္ထုကို သေချာစွာပင် စူးစိုက်ကြည့်မိသည်။

ဟက်တက်ကွဲနေသော မြွေ၏ဝမ်းဗိုက်ထဲတွင် ရွှေရောင်အရာဝတ္ထုတစ်ခုကို တွေ့မြင်လိုက်ရ၏။

ချင်းမီ အံ့အားသင့်သွားရခြင်းကား ရွှေရောင်အရာဝတ္ထုသည် သိုင်းလောကသားတိုင်း လိုချင်မက်မောနေသည့် 'ရွှေချိုးအမြုတေ' ဖြစ်ကြောင်း သိရှိလိုက်ရသောကြောင့် ဖြစ်လေသည်။



ထိုရွှေချိုးအမြုတေသည် သိုင်းလောက၌ အထူးကျော်ကြားပေသည်။

ချင်းမီသည် သိုင်းလောကအတွေ့အကြုံ ရင့်ကျက်ပြီး ဗဟုသုတကြွယ်ဝသူဖြစ်ခြင်းကြောင့် တွေ့မြင်လိုက်သည်နှင့် ရွှေချိုးအမြုတေဖြစ်မှန်း အတပ်သိလိုက်ခြင်းပင်ဖြစ်သည်။

ယင်းအမြုတေကို သိုင်းလောကသားများ လိုချင်မက်မောကြခြင်းမှာ ရွှေချိုးအမြုတေ၏ ထူးခြားဆန်းကြယ်သော အစွမ်းထက်မှုကြောင့်ဖြစ်၏။

ရွှေချိုးအမြုတေ၏ ထက်မြက်သော အာနိသင်ကား မည်သို့သော ကြီးမားပြင်းထန်သည့် ဒဏ်ရာဒဏ်ချက်ပင်ဖြစ်စေကာမူ ထိုသူ၌ အသက်ငွေ့ငွေ့ရှိနေသေးပါက ယင်းရွှေအမြုတေကို လူနှိုက်တွင်စိမ်၍တိုက်ကျွေးပါက ယူပစ်လိုက်သလို ပျောက်ကင်းသွားနိုင်ခြင်းပင်ဖြစ်သည်။

ထိုမျှမကသေးပေ။

လူ့ကိုယ်တွင်း၌ ကုန်ဆုံးသွားသည့် အတွင်းအားများမှာလည်း နဂိုအတိုင်း ပြန်လည်ဖြစ်လာနိုင်ပေသည်။

ထို့ကြောင့် ယင်းအမြုတေကို သိုင်းလောကသားတိုင်း အာသာငမ်းငမ်းမက်မောနေကြခြင်း ဖြစ်ပေသည်။

အဆိုပါ အမြုတေသည် သိုင်းလောကအတွင်းမှ ပျောက်ဆုံးသွားခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ခန့် ရှိနေပြီဖြစ်သည်။

ထိုနှစ်ပေါင်းသုံးဆယ်အတွင်း သိုင်းလောကမှ သိုင်းသမားများသည် အမြုတေကို သတင်းအနံ့ခံယင်း လိုက်လံရှာဖွေကြ၏။

သို့သော် ရွှေချိုးအမြုတေနှင့် ပတ်သက်သည့် သတင်းအစအနကိုပင် မရရှိခဲ့ချေ။

ရွှေချိုးအမြုတေကို လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က လူတစ်ဦး ပိုင်ဆိုင်ရရှိခဲ့သည်။

ထိုလူမှာ ဆေးဆရာကျိုးဖုဖြစ်သည်။

ဆေးဆရာကျိုးဖုသည် ဆေးဆရာကောင်းပီပီ ယင်းအမြုတေကို အသုံးပြု၍ ဒုက္ခရောက်နေသူများကို ကုသကယ်တင်ခဲ့လေသည်။

ထို့ကြောင့် ဆေးဆရာကျိုးဖုမှာ လူအများ၏ ရိုသေချစ်ခင်လေးစားခြင်းကို ခံယူခဲ့ရ၏။

ကျိုးဖုထံမှ ရွှေချိုးအမြုတေ၏ အာနိသင်ကို ကြားသိရသောအခါ လောဘသမား ဒုစရိုက်သမားများသည် အဆိုပါအမြုတေရရှိနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားလာကြလေသည်။

ကျိုးဖုသည် အမြုတေကို သူခိုးသူဝှက်ထံ မရောက်ရှိစေရန် အမျိုးမျိုးကာကွယ် စောင့်ရှောက်ခဲ့သည်။

နောက်ဆုံးတွင် ကျိုးဖုခမျာ လူဆိုးများ၏လက်ချက်ဖြင့် ဒဏ်ရာအကြီးအကျယ် ရရှိခဲ့သည်။

သေအံ့မူးမူး၌ အမြုတေကို လူဆိုးများလက်ထဲ အရောက်မခံနိုင်သဖြင့် ချောက်ကမ်းပါးတစ်ခုထဲ ပစ်ချလိုက်တော့သည်။



ယင်းသို့ဖြင့် ရွှေချိုးအမြုတေသည် လုံးဝအစအန ပျောက်သွားခဲ့ရသည်။

လိုချင်ရမ္မက်ရှိနေသူများက လက်မလျှော့ဘဲ ခြေရာခံလိုက်ကြသည်။

နှစ်ပေါင်းသုံးဆယ်မျှ ကြာသွားသည်။

ရွှေချိုးအမြုတေ၏သတင်းအစအနကို လုံးဝမကြားရတော့ပေ။

ယခုမူ လုံးဝမျှော်လင့်မထားဘဲ ချင်းမီ၏လက်ထဲသို့ ရောက်ရှိလာလေသည်။

ကျိုးဖုသည် ရွှေချိုးအမြုတေကို ချောက်ထဲပစ်ချခဲ့ရာ တောကြီးမြွေတစ်ကောင်က အစာထင်မှတ်ပြီး မျိုချခဲ့ဟန်တူသည်။

ထို့ကြောင့် မြွေဝမ်းထဲမှ ရွှေချိုးအမြုတေကို ချင်းမီက မြင်တွေ့ရရှိခဲ့ခြင်းဖြစ်သည်။

ထိုမြွေကြီးသည် အဆိပ်ပါသော လက်နက်ပုန်းထိမှန်သည့်တိုင် အဘယ်ကြောင့် သေဆုံးခြင်းမရှိရသည်ကို ယခုမှ ချင်းမီ နားလည်သိရှိခဲ့ရတော့သည်။

♠ ♠ ♠

ချင်းမီသည် အမြုတေကို မိုးရေဖြင့် သန့်စင်ဆေးကြောလိုက်သည်။

မမျှော်လင့်ဘဲ အမြုတေကို ရလိုက်သည့်အတွက် ချင်းမီမှာ ဝမ်းသာပျော်ရွှင်မဆုံး ဖြစ်သွားသည်။

အတန်ကြာသော် မိုးစဲသွားသည်။

နေရောင်များ ပွင့်လာသည်။

အနောက်ဘက် မိုးကုတ်စက်ဝိုင်းဆီသို့ နေမင်းကြီးက ဆင်းသက်စပြုနေပြီဖြစ်သည်။

ချင်းမီသည် ရွှေချိုးအမြုတေကို အဝတ်ဖြင့် သေချာစွာထုပ်ပြီး ရင်ဘတ်ကြားထဲထည့်၍ သိမ်းဆည်းလိုက်သည်။

ထို့နောက် တောင်ကမ်းပါးထိပ် တောင်ကြောလမ်းအတိုင်း လျှောက်လှမ်းသွားသည်။

အတန်ကြာ လျှောက်မိသော် တောင်ကြောလမ်းသည် တဖြည်းဖြည်း နိမ့်ဆင်းသွားသည်ကို တွေ့ရသည်။

သစ်ပင်ချုံပင်များလည်း တစ်စထက်တစ်စ ပို၍ထူထပ်များပြားလာသည်ကို တွေ့ရသည်။

ဆက်၍လျှောက်လာရာ တစ်စထက်တစ်စ တောနက်လာသည်ကို တွေ့ရသည်။

မြွေကြီး၏အမြီးဖြင့် အရိုက်ခံထားရသော ဒဏ်ရာက ပြန်ပေါ်လာသည်။

နာကျင်မှုကို ကြိတ်မှိတ်ခံစားနေရသည်။



သို့သော် ချင်းမီသည် အနားမယူရဲပေ။

တောကြီးမျက်မည်းထဲ၌ မိုးချုပ်သွားမည်ကို စိုးရိမ်သဖြင့် ဝေဒနာကို ပြင်းစွာခံစားနေရသည့်ကြားမှ ဆက်၍ ခရီးနှင်ခဲ့သည်။

နေဝင်လုဆဲဆဲတွင် တောတွင်းတစ်နေရာ၌ ထီးထီးကြီးရှိနေသော သစ်လုံးအိမ်တစ်အိမ်ကို လှမ်းမြင်လိုက်ရသည်။

ချင်းမီသည် ဝမ်းသာသွားပြီး အဆိုပါအိမ်ကလေးဆီသို့ လျှောက်သွားတော့၏။

ထိုသစ်လုံးအိမ်ကလေးမှာ တောလိုက်မုဆိုးအိမ်ဖြစ်သည်။

ချင်းမီသည် ထိုအိမ်၌ တစ်ညတာ တည်းခိုအိပ်စက်ခွင့်တောင်းရာ အိမ်ရှင်မုဆိုးက ရှောရှောရှူရှူပင် ခွင့်ပြုလိုက်သည်။

အိမ်ရှင်မုဆိုး၏ဇနီးမှာ သားသည်မိခင်ဖြစ်၍ ချင်းမီသည် နို့အနည်းငယ် တောင်းခံပြီး ရွှေချိုးအမြုတေဖြင့် စိမ်လိုက်သည်။

မကြာမီ နို့ခဲသွားသည်။

ထိုနို့ခဲကို သောက်သုံးလိုက်ရာ ချင်းမီ၏နာကျင်သော ဝေဒနာအားလုံး ယူပစ်သလို ပျောက်ကင်းသွားလေသည်။

ချင်းမီသည် ရွှေချိုးအမြုတေ၏အစွမ်းထက်မြက်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရာ အတိုင်းမသိ ဝမ်းသာသွားသည်။

အိမ်ရှင်မုဆိုးကလည်း ချင်းမီကို အိမ်တွင် ပျော်သလောက်နေရန်ပြောသည်။

ချင်းမီသည် သူရရှိထားသော အမြုတေဖြင့် အနီးအနားရှိ ကျေးရွာများသို့ သွားရောက်ကာ ဆေးဝါးကုသပေးလေသည်။

သို့ဖြင့် ရွာနီးချုပ်စပ်ရှိ တောသူတောင်သားများသည် ချင်းမီအား ကယ်တင်ရှင် သမားတော်ကြီးသဖွယ် ယုံကြည်ကိုးစားလာကြ၏။

ချင်းမီ၏ရွှေချိုးအမြုတေ အစွမ်းထက်ပုံကိုလည်း ပြောမဆုံးပေါင်ဖြစ်လာသည်။

အနှစ်နှစ်အလလ ကုမရသော ထူးဆန်းသည့်ဝေဒနာအားလုံး ချင်းမီကုသပါက ယူပစ်သလို ပျောက်ကင်းသွားရသည်ချည်းသာ ဖြစ်သည်။

ချင်းမီအကြောင်းနှင့် ရွှေချိုးအမြုတေအကြောင်းသည် တစ်စထက်တစ်စ ရေပန်းစားလာသည်။

လူ့သတင်းလူချင်းဆောင်ဟူသော စကားကဲ့သို့ ချင်းမီ၏သတင်းသည် တောမီးလောင်သကဲ့သို့ တိုတောင်းလှသည့် ရက်ပိုင်းအတွင်း၌ တစ်နံတစ်လျား ကျယ်ပြောစွာ ပျံ့နှံ့သွားလေတော့သည်။

ယင်းသို့ သတင်းကြီးကျော်ဇောမှုကြောင့် ချင်းမီသည် မမျှော်လင့်သော အခြေအနေများကို ကြုံတွေ့ရင်ဆိုင်လာရလေသည်။



တစ်နေ့...။

ချင်းမီသည် သစ်တောနှင့် မလှမ်းမကမ်းရှိ ရွာတစ်ရွာ၌ မြွေကိုက်ခံရသော လူနာတစ်ဦးကို သွားရောက်ကုသပေးခဲ့ရသည်။

အပြန်တွင် သူတည်းခိုသည့် မုဆိုးအိမ်မှလူအားလုံး လုပ်ကြံခံရသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေသည်။

ထိတ်လန့်အံ့ဩမှုကြောင့် ချင်းမီ၏မျက်လုံးအစုံမှာ ဝိုင်းစက်ဖြူးကျယ်သွားရသည်။

နံရံပေါ်မှ သွေးဖြင့်စာရေးထားခဲ့သည်ကိုလည်း တွေ့မြင်ရသည်။ ချင်းမီသည် နံရံပေါ်မှစာကို ကပျာကယာပင် ဖတ်ကြည့်လိုက်မိသည်။

"ချင်းမီ

ရွှေချိုးအမြုတေဟာ မင်းနဲ့ထိုက်တန်တဲ့ပစ္စည်း မဟုတ်ဘူး၊ တစ်လအတွင်း လောက်စန်းတောင်ကိုလာပို့ပါ၊ တစ်လပြည့်လို့မှ ဒီပစ္စည်းကို လာမပို့ယင် ခုမြင်ရတာထက် ပိုဆိုးတဲ့အဖြစ်မျိုး မင်းကြုံလာရလိမ့်မယ်။

မိစ္ဆာလေးဖော်"

ဟုရေးသားထားသည်။

ထိုစာကို ဖတ်ရှုပြီးသည့်အခါ ချင်းမီသည် ခေါင်းခနဲ ဒေါသထွက်သွား၏။ အံကို တင်းတင်းကြိတ်လိုက်သည်။

"တောက်...သိပ်လူပါးဝတဲ့ကောင်တွေ၊ ငါက မပေးယင် ဒင်းတို့ ဘာတတ်နိုင်မှာလဲ"

စိတ်ထဲမှ ရေရွတ်ကြုံးဝါးလိုက်မိသည်။

သို့သော် မိစ္ဆာလေးဖော်ကား ပြောသည့်အတိုင်း လုပ်တတ်သော လက်မရှိ့သိုင်းသမားများဖြစ်ကြောင်း တွေးမိသော အခါ အနည်းငယ် စိုးရိမ်တုန်လှုပ်လာမိသည်။

တစ်ဦးချင်း ယှဉ်ရမည်ကို ချင်းမီမမှုပေ။

သို့သော် လေးယောက်ယှဉ်ရလျှင်ကား မိမိအနေဖြင့် မည်သို့မျှ တတ်နိုင်စွမ်းမရှိကြောင်း ကောင်းစွာနားလည်သိရှိထားပေသည်။

ထိုမိစ္ဆာလေးဖော်ကား ရက်စက်ကြမ်းကြုတ်လှသလို သတင်းအနံ့ခံလည်း ကောင်းလှသည်။

မိမိ၏သတင်းကို မည်သို့မည်ပုံရရှိပြီး ဤနေရာတိုင်အောင် မည်သည့်နည်းဖြင့် ရောက်ရှိလာခဲ့သည်ကို ချင်းမီ လုံးဝနားမလည်နိုင်ချေ။

သူသည် မရဏချောက်ကမ်းပါးထိပ်သို့ သက်စွန့်ကြိုးပမ်းဖြတ်ကျော်တက်ရောက်ပြီး ဤနေရာသို့ ရောက်လာခဲ့သူဖြစ်၏။

မိစ္ဆာလေးဖော်ကား မရဏကမ်းပါးထိပ်သို့ တက်ရောက်ကျော်ဖြတ်လာခြင်း မဟုတ်သည်မှာ သေချာသည်။

ထိုသို့ဆိုလျှင် သူတို့သည် မည်သည့်ခရီးလမ်းမှ ဤနေရာသို့ ရောက်ရှိလာနိုင်ခဲ့ကြပါသနည်း။

ချင်းမီအဖို့ ပဟေဠိသဖွယ် ဖြစ်နေခဲ့ရလေသည်။

♠ ♠ ♠



ချင်းမီသည် လုပ်ကြံခံရသော မုဆိုးကြီးမိသားစုကို ကောင်းမွန်စွာ သဂြိုလ်လိုက်၏။

ထို့နောက် မုဆိုးကြီး နေထိုင်ရာအိမ်ကိုလည်း မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ကိစ္စအဝဝ ပြီးဆုံးသည့်အခါ ချင်းမီသည် ခရီးဆက်ထွက်လာခဲ့သည်။

နေ့ညမပြတ် ခရီးနှင်ခဲ့သည်။

ထိုအခါ လေလွင့်သူကျောက်ဖေးကို သတိရလာသည်။

ကျောက်ဖေးသည် တော်တည့်ဖြောင့်မတ်ပြီး တရားဥပဒေကို လေးစားသူဖြစ်သည်။

သိုင်းလောကနှင့် ရပ်ရွာအေးချမ်းရေးကို လိုလားသူဖြစ်သည်။

ထို့ကြောင့် ချင်းမီသည် ကျောက်ဖေးကို တွေ့ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ကျောက်ဖေးကား လေလွင့်သူတစ်ယောက်ဖြစ်သည်။

သူ့အား မည်သည့်နေရာသို့ သွားရောက်ရှာဖွေရမည်ကို ချင်းမီ မသိပေ။

ကျောက်ဖေး သွားလာတတ်သည့်နေရာကို သိရှိသူမှာ တစ်ယောက်တည်းသာရှိသည်။

ထိုလူကား ကျုံရှောင်တောင်ပေါ်တွင် နေထိုင်သော ထင်း

ခုတ်သမားကြီးဖြစ်သည်။

ထို့ကြောင့် ချင်းမီသည် ကျုံ့ရှောင်တောင်သို့သွားရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

ယခုရောက်နေသောနေရာမှ ကျုံ့ရှောင်တောင်သို့သွားရန် မည်သည့်လမ်းမှသွားရမည်ကို ချင်းမီ မသိပါ။

နေ့ညမပြတ်သာ ခရီးနှင်နေရသည်။

နေရာဒေသအားလုံးမှာ ချင်းမီအတွက် စိမ်းနေသည်။

နှစ်ရက်မျှ ခရီးနှင်ပြီးသောအခါ ရေစီးသန်သော မြစ်တစ်မြစ်ကို တွေ့မြင်လိုက်သည်။

ချင်းမီသည် မြစ်ကြောင်းအတိုင်း ကမ်းခြေမှဆက်၍ ခရီးနှင်သည်။

နေ့ဝက်ခန့် ခရီးနှင်ပြီးသည့်အခါ ထိုမြစ်မှာ မြစ်ဝါမြစ်ဖြစ်ကြောင်း သိရှိလိုက်ရသည်။

ချင်းမီသည် ကူးတို့လှေဖြင့် တစ်ဘက်ကမ်းသို့ ကူးလိုက်သည်။

တစ်ဘက်ကမ်းသို့ ရောက်သည်နှင့် ချင်းမီသည် ကျုံ့ရှောင်တောင်သို့ဆက်၍တက်သည်။

သို့သော် ချင်းမီအဖို့ ကြိုးစားပမ်းစား ခရီးနှင်ခဲ့ရသမျှ အမောသာ အဖတ်တင်သွားသည်။

ထင်းခုတ်သမားကား နေအိမ်တွင် မရှိချေ။



ထို့ကြောင့် ချင်းမီက စာတစ်စောင်ရေးသားထားခဲ့ပြီး ပြန်ထွက်လာသည်။

စာတွင် သိုင်းသမားကြီးကျောက်ဖေးအား ရှာဖွေ၍ခုံတုံ ရသေ့ကျောင်းသို့ လာရောက်ကူညီရန် ရေးသားထားသည်။

မြစ်ကမ်းသို့ ချင်းမီပြန်လည်ရောက်လာသောအခါ ကူးတို့လှေကို မမီတော့ချေ။

ကူးတို့လှေမှာ ထွက်ခွာသွားပြီဖြစ်သည်။

အချိန်အနည်းငယ် နောက်ကျသွားသောကြောင့် ကူးတို့လှေကိုမမီခြင်းဖြစ်ကြောင်း တွေးမိကာ စိတ်ထဲ၌ တဖျစ်တောက်တောက် မချင့်မရဲဖြစ်နေမိသည်။

ထိုအခိုက် မြစ်ပြင်တစ်နေရာတွင် တံငါလှေတစ်စင်းကို မမျှော်လင့်ဘဲ ရုတ်တရက် မြင်တွေ့လိုက်ရသည်။

လှေပေါ်တွင် အပြန့်ကျယ်သော ဝါးခမောက်ဆောင်းထားသည့် တံငါသည်ကြီးတစ်ဦး ရပ်လျှက်ရှိနေသည်။

ချင်းမီသည် တံငါလှေကို စူးစိုက်ကြည့်နေမိသည်။

တံငါသည်သည် ဝါးလုံးကို ရေထဲထိုးနှစ်ယင်း လှေကို ရေစီးဖြင့်မျောပါမသွားအောင် ထိန်းထားသည်။

ရေစီးကား ကြမ်းတမ်းလှ၏။

သာမန်လူတစ်ဦး ဤသို့ပြုလုပ်နိုင်မည် မဟုတ်ချေ။

ထို့ကြောင့် တံငါသည်၏အတွင်းအား ကောင်းမွန်မှုကို ချင်းမီစိတ်ထဲမှ ကြိတ်၍ချီးကျူးမိလေသည်။

ထိုစဉ်မှာပင် တံငါသည်သည် ချင်းမီကို မြင်တွေ့သွားပုံရသည်။

ချင်းမီဘက်သို့ လှည့်ပြီး…

"ဗျို့…ဆရာကြီး ဟိုဘက်ကမ်းကူးမလို့လား၊ ကျုပ်လိုက်ပို့ပေးမယ်လေ"

ချင်းမီက ခေါင်းညိတ်ပြလိုက်သည်။

တံငါသည်သည် ဝါးကို မြစ်အောက်ထိုးယင်း ကမ်းနားသို့ကပ်လာခဲ့သည်။

ချင်းမီသည် လှေပေါ်သို့ ခုန်ကူးလိုက်သည်။

ချင်းမီ၏ခြေအစုံသည် လှေပေါ်သို့ ကျလာသည့်တိုင် ယိမ်းထိုးခါသွားခြင်း မရှိပေ။

လွန်စွာ ကိုယ်ဖော့ပညာကောင်းလှကြောင်း တံငါသည်သတိပြုမိလိုက်သည်။

ချင်းမီကလည်း တံငါသည်ကို သတိပြုမိသည်။

တံငါသည်မှာ သာမန်လူတစ်ယောက် မဟုတ်ဘဲ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်ကြောင်း ကောင်းစွာပင် အကဲခတ်မိလေသည်။

တံငါသည်သည် ချင်းမီကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

"ဆရာကြီးဟာ ခုံတုံရသေ့ချင်းမီဆိုတာ ထင်တယ်"

ချင်းမီမှာ အနည်းငယ် အံ့အားသင့်သွားဟန်ဖြင့် တံငါသည်ကို ဖြတ်ခနဲ မော့ကြည့်လိုက်သည်။



"ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

ထိုသို့ လှမ်းမေးယင်း ချင်းမီက အသင့်အနေအထားပြင်ဆင်လိုက်သည်။

မိမိအမည်ကို သိရှိထားလျှင် မိမိထံ၌ ရွှေအမြုတေရှိကြောင်းကိုလည်း သိရှိထားမည်မှာ သေချာသည်။

ထို့ကြောင့် တံငါသည်က တိုက်ခိုက်လာပါက ပြန်လည်ခုခံနိုင်ရန် အသင့်ပြင်ထားလိုက်ခြင်းဖြစ်သည်။

"ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ"

တံငါသည်က ချင်းမီ စိုးရိမ်ထိတ်လန့်သွားသည်ကို အကဲခတ်မိလိုက်သဖြင့် ကပျာကယာ တောင်းပန်လိုက်ခြင်းဖြစ်သည်။

ထို့နောက်…

ခေါင်းထက်မှ ပြန့်ကားသော ခမောက်ကို ဆွဲချွတ်လိုက်လေသည်။

ထိုအခါ ဖြူဖွေးသော ဆံပင်များထွက်လာသည်။

သူ၏မျက်လုံးများက စူးရှတောက်ပလှသည်။

အဆင့်မြင့်သိုင်းသမားဖြစ်ကြောင်း ပို၍သေချာသွားသည်။

သို့သော် လူကောင်းလား၊ လူဆိုးလားဆိုသည်ကို ချင်းမီဝေခွဲမရနိုင်ချေ။

မြင်ဖူးသလိုရှိသည်ဟု ထင်နေမိသည်။

"ဆရာကြီး ကျုပ်ကို မမှတ်မိဘူးထင်တယ်၊ ကျုပ် ယင်စန်းလေ"

ထိုအခါ တံငါသည်ကို ချင်းမီ မှတ်မိသိရှိသွားတော့သည်။

ယင်စန်းကား လမ်းမှန်သိုင်းသမားတစ်ဦး ဖြစ်သည်။

အမှန်တရားဘက်မှ ရပ်တည်လေ့ရှိသူဖြစ်ကြောင်း **ချင်းမီ သတိရလာသည်။**

"ဩော်..သူရဲကောင်းကြီး ယင်စန်းကိုး၊ ဒါနဲ့ ခင်ဗျား ကျုပ်အကြောင်း ဘယ်လိုသိတာလဲ"

"သိုင်းထိပ်ခေါင်မာယွင်ရဲ့တပည့် ဝမ်းစုဆီက သတင်းရခဲ့တာပဲ၊ ခင်ဗျားနောက်ကို သိုင်းသမားလေးဖော်မကဘူး၊ ကျန်းအမျိုးအနွယ်တွေကလည်း ခင်ဗျားနောက်ကို လိုက်နေတယ်၊ ဒါကြောင့် ခံတုံရသေ့ကျောင်းကိုပြန်ဖို့ ဒီလမ်းကို မသုံးယင်ကောင်းမယ်"

တံငါသည်သိုင်းသမားယင်စန်းက ချင်းမီကို သတိပေးလိုက်လေသည်။

ချင်းမီက အသာအယာပြုံးပြလိုက်သည်။

"ကျုပ်ဟာ ဒီပစ္စည်းကို ရခဲ့ပေမယ့် ကိုယ်ကျိုးအတွက် မသုံးပါဘူး၊ အများအကျိုးအတွက်သုံးမှာပါ၊ အများအကျိုးရှိမယ်ဆိုယင် လက်ဆင့်ကမ်းဖို့ ဝန်မလေးပါဘူး၊ ဒါပေမယ့် ဒီပစ္စည်းကို အသုံးချပြီး အများအကျိုး ထိခိုက်နစ်နာအောင်လုပ်မယ့်လူတွေရဲ့ လက်ထဲကိုတော့ အရောက်မခံနိုင်ပါဘူး"

ယင်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်က ဒီလမ်းကမသွားဖို့ သတိပေးနေရတာပေါ့၊ ခင်ဗျားဆီက ရွှေချိုးအမြုတေကို လုယူဖို့



စောင့်နေတဲ့လူတွေဟာ ဒုစရိုက်သမားတွေလေ၊ ဖြစ်နိုင်ယင် ဒီလမ်းကမသွားတာ ပိုကောင်းလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် မိစ္ဆာလေးဖော်ဟာ ကျုပ်ကိုပေးထားတဲ့ တစ်လဆိုတဲ့အချိန်ဟာ ပြည့်တော့မယ်၊ တစ်လပြည့်လို့ သူတို့ဆီ ရွှေချိုးအမြုတေသွားမပို့ယင် သူတို့ဟာ ကျုပ်ရဲ့ ခံတုံကျောင်းကိုလိုက်လာမှာ သေချာတယ်၊ တော်ကြာ ကျုပ်ရဲ့ဂိုဏ်းတူညီအစ်ကိုတွေ ဘုမသိဘမသိ ဒုက္ခရောက်နေကြပါလိမ့်မယ်၊ ဒါကြောင့် အချိန်မီ ကျောင်းကိုရောက်ဖို့အတွက် ကျုပ် ဒီလမ်းအတိုင်းသွားမှဖြစ်မယ်"

ယင်စန်းသည် ချင်းမီအား မည်သို့မျှတားဆီး၍ရမည် မဟုတ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် လှေကို တစ်ဘက်ကမ်းသို့အရောက် လှော်ခတ်ပြီးပို့ဆောင်ပေးလိုက်လေတော့သည်။

♠ ♠ ♠

ချင်းမီသည် ကမ်းပေါ်ရောက်သည်နှင့် ယင်စန်းကို နှုတ်ဆက်ကာ ခရီးဆက်ခဲ့၏။

ယင်စန်း သတိပေးထားသဖြင့် ချင်းမီသည် အစစအရာရာ အထူးပင်ဂရုစိုက်ခဲ့သည်။

သို့သော် လမ်းအခြေအနေကား ထူးထူးခြားခြား မရှိလှပေ။

ချင်းမီ အနည်းငယ် အံ့ဩသွားမိသည်။

လမ်းတလျှောက် ရန်သူများ ဝိုင်းနေလိမ့်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း အတော်အတန် ခရီးပေါက်လာသည့်တိုင်အောင် ယှက်သူ တစ်စုံတစ်ယောက်ကိုမျှ မမြင်တွေ့ရဘဲ ရှိနေလေသည်။

ချင်းမီ အနည်းငယ် စိတ်အေးလက်အေးဖြစ်သွားသည်။

အေးအေးလူလူပင် ခရီးဆက်ခဲ့၏။

လမ်းခရီး တစ်စထက်တစ်စ ကျဉ်းမြောင်းလာသည်။

လမ်း၏ဝဲယာ တစ်ဘက်တစ်ချက်၌ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများကို မြင်တွေ့လာရသည်။

ချောက်ကမ်းပါးအစပ်တွင်မူ သစ်ပင်ကြီးများ ကျိုးတဲကျဲတဲ ရှိနေ၏။

ချင်းမီသည် ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။

တစ်နေရာအရောက်တွင်...

"ဩော်..ခုမှပဲ ရောက်လာတာကိုး၊ ကျုပ်တို့ကတော့ စောင့်နေရတာ ကြာလှပြီဗျ"



ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ချင်းမီ၏ခြေလှမ်းများ တုံ့ခနဲရပ်သွား၏။

အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်ပေါ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

မကြာမီမှာပင် သစ်ပင်ပေါ်မှ လူသုံးယောက် ဆင်းလာကြသည်။

တဆက်တည်းမှာပင် ချင်းမီ၏နောက်ဘက်မှ လူနှစ်ယောက်ပေါ်လာသည်။

ကြိုတင်စောင့်ဆိုင်းနေကြခြင်းဖြစ်သည်မှာ သေချာလှတော့သည်။

ယခုဆိုလျှင် ထိုလူငါးယောက်သည် ချင်းမီအား ရှေ့နောက်ဝိုင်းရံထားလိုက်ပြီဖြစ်သည်။

ချင်းမီသည် ထိုလူငါးယောက်အား တွေ့မြင်လိုက်ရသည်နှင့် မျက်မှောင်ကြုတ်လိုက်မိသည်။

"ဩော်..မြေခွေးငါးဖော်ပါလား"

အဆိုပါ လူငါးယောက်မှာ ကွမ်းဆီးနယ်မှ မြေခွေးငါးဖော်ပင်ဖြစ်လေသည်။

ချင်းမီသည် သူတို့ငါးဦးအား တစ်ချက်ဝေ့ကြည့်လိုက်၏။

"လွန်ခဲ့တဲ့နှစ်က မင်းတို့တွေ မဟုတ်တာလုပ်လို့ ငါဆုံးမခဲ့တယ် မဟုတ်လား၊ မင်းတို့တွေ အမြင်မှန်ရလောက်ပြီထင်လို့

မင်းတို့အသက်ကို ငါချမ်းသာခွင့်ပေးခဲ့တာ၊ ခု ဒီလိုလုပ်တာ ဘာသဘောလဲ"

မြေခွေးငါးဖော်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ကြလေသည်။

"ဟား..ဟား..ဟား"

မြေခွေးငါးဖော်၏ ရယ်မောသံသည် တောင်အထပ်ထပ်သို့ ပဲ့တင်ရိုက်ခတ်သွား၏။

ကျေးငှက်တိရစ္ဆာန်များပင် လန့်ဖျပ်၍ထပျံပြေးကြလေသည်။

အတန်ကြာ ရယ်မောပြီးနောက် မြေခွေးငါးဖော်**အနက်တစ်**ယောက်က ချင်းမီကို စေ့စေ့ကြည့်လိုက်သည်။

"ဒီမှာ အဘိုးကြီး..မနှစ်ကကိစ္စကို ခင်ဗျားမှတ်မိ**နေတာ အကောင်းဆုံး**ပဲ၊ ဒါမှ ကျုပ်တို့က တန်ပြန်ဆုံးမရတဲ့အခါ ပို**ပြီးအသာစီးရမှာ**ဗျ၊ မနှစ်က ကျုပ်တို့ဟာ ပညာမပြည့်သေးတော့ ခင်ဗျား**အနေနဲ့** အသာစီးရသွားတာပေ့ါ၊ ဒါပေမယ့် ခုတော့ ကျုပ်တို့ဟာ ပညာ**ပြည့်**စုံနေပြီဗျ၊ မနှစ်ကလို ကျုပ်တို့ကိုအနိုင်ရလိမ့်မယ်လို့ မထင်နဲ့"

ထိုသူက မထီတရီပြုံးလိုက်သည်။

ပြီးမှ စကားဆက်လိုက်ပြန်၏။

"ကဲ..ဒီလိုလုပ် ခင်ဗျားဆီက ရွှေချိုးအမြုတေ ကျုပ်ကိုပေး၊



ဒါဆိုယင်တော့ ကျုပ်တို့က ခင်ဗျားကို လက်ဖျားနဲ့တောင်မတို့ဘဲ လိုရာခရီးသွားခွင့်ပြုလိုက်မယ်၊ အဲ မပေးယင်တော့.."

ထိုလူက စကားဖြတ်လိုက်ပြီး သူ့အဖော်များကို မျက်စပစ်လိုက်သည်။

ထိုအခါ ကျန်လေးယောက်သည် ကျောထက်၌လွယ်ထားသော ဓားများကို ပြိုင်တူဆွဲထုတ်လိုက်ကြ၏။

"ခြွမ်း"

ဓားများသည် နေရောင်ဖြင့်ထိကာ ပြိုးခနဲပြက်ခနဲ ဝင်းလက်သွား၏။

ဓားသွားမှာ လွှသွားကဲ့သို့ အချွန်အတက်ကလေးများဖြင့် ပြုလုပ်ထားသည်။

လွန်စွာကြောက်မက်ဖွယ်ကောင်းလှသော လက်နက်များဖြစ်သည်။

ချင်းမီ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ရင်ခွင်ကြား၌ သိမ်းဆည်းထားသည့် ရွှေချိုးအမြုတေကို ထုတ်ယူလိုက်လေသည်။

ထို့နောက်...

ရွှေချိုးအမြုတေကို လက်ဖဝါးပေါ်တင်ပြီး..

"ကဲ..ဒီမှာတွေ့လား၊ ရွှေချိုးအမြုတေ၊ ငါ့လက်ထဲမှာရှိနေတယ်၊ မင်းတို့သတ္တိရှိယင် လာယူကြ"

ချင်းမီသည် ခက်ထန်သောလေသံဖြင့် လှမ်းပြောလိုက်သည်။

မြေခွေးငါးဖော်သည် ချင်းမီလက်ထဲမှ ရေအချိုးအမြုကို မြင်လိုက်သည့်အခါ လောဘရမ္မက်များတက်လာကြပြီး အတင်းတိုက်ခိုက်ယူရန် ရှေ့တိုးလာကြသည်။

ထိုစဉ်မှာပင် ဩဇာအာဏာ ပြည့်ဝသောအသံတစ်သံထွက်ပေါ်လာ၏။

"ခွေးသူခိုးတွေ ဒီပစ္စည်းက မင်းတို့နဲ့ထိုက်တန်သလားကွယ့်"

အသံနှင့်အတူ တဝှစ်ဝှစ်မြည်သံများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

မြေခွေးငါးဖော်၏လက်ထဲမှ ဓားများလွတ်ကျသွားသည်။

သူတို့လက်များမှာလည်း လက်နက်ပုန်းထိမှန်ကာ အသီးသီးဒဏ်ရာရသွားကြလေသည်။

ချင်းမီသည် အံ့အားသင့်စွာဖြင့် အသံရှင်ကို လှည့်ကြည့်လိုက်၏။

မုတ်ဆိတ်ရှည်နှင့် လူကြီးတစ်ယောက် လှမ်းလာနေသည်ကိုတွေ့လိုက်ရသည်။

"ဒီပစ္စည်းထွက်လာတာဟာ ကောင်းတဲ့အတိတ်နိမိတ်တော့ မဟုတ်ဘူး"

တရားသံဝေဂရသည့်လေသံဖြင့် မုတ်ဆိတ်ရှည်နှင့်လူက လှမ်းပြောလိုက်သည်။

မြေခွေးငါးဖော်မှာ လက်တွင် ဒဏ်ရာအသီးသီးရရှိသွား



သောကြောင့် နာကျင်သောဝေဒနာကို ပြိုင်တူခံစားနေရလေသည်။

ထိုစဉ် မုတ်ဆိတ်ရှည်နှင့်လူက ချင်းမီဘက် လှည့်လိုက်လေသည်။

"ကျုပ် ချန်ကျိုက ချင်းမီအတွက် ဘေးအန္တရာယ်ကင်းအောင် ရွှေချိုးအမြုတေကို လက်ဆင့်ကမ်းယူဆောင်သွားပါ့မယ်၊ ဒါကြောင့် ခင်ဗျားလက်ထဲက အမြုနေကို ကျုပ်ကိုပေးလိုက်ပါ၊ ခင်ဗျားလက်ထဲ အမြုတေမရှိတော့ဘူးဆိုယင် ခင်ဗျားအတွက်လည်း အသက်အန္တရာယ် ကင်းသွားတာပေါ့"

ထိုစကားကို ကြားလိုက်ရသောအခါ မြေခွေးငါးဖော်သည် ခံပြင်းဒေါသထွက်လာကြသည်။

သူခိုးလက်မှသူဝှက်လုခံရသလို မခံချိမခံသာ ဖြစ်လာ၏။

ထို့ကြောင့် ချန်ကျိုအား ရင်ဆိုင်ရန် ဟန်ပြင်လိုက်ကြသည်။

သို့သော် ချန်ကျိုဟူသောအမည်ကြောင့် သူတို့အားလုံး ထိတ်လန့်တုန်လှုပ်မိကြသည်။

ဟန်သာရှိသည် တကယ်တမ်းအားဖြင့် ရင်ဆိုင်ဝံ့ခြင်းမရှိကြပေ။

ချန်ကျိုသည်ကား မြောက်ပိုင်းနယ်မှ ဆိုးရွားလှသော ဒုစရိုက်သမားကြီးတစ်ဦးဖြစ်သည်။

သိုင်းလောကမှ ထိပ်သီးဆယ်ယောက်နှင့် အဆင့်တူဖြစ်၏။

သိုင်းပညာထက်မြက်ပြီး လက်နက်ပုန်းပစ်ရာ၌ ကျွမ်းကျင်

တိကျသူဖြစ်၏။

သွေးအေးအေးဖြင့် ရက်စက်ကြမ်းကြုတ်သူလည်း ဖြစ်၏။

ယခုလည်း ချင်းမီထံမှ ရွှေချိုးအမြုတေကို လာရောက်လုယက်ခြင်းဖြစ်သည်။

မည်သို့ဆိုစေ လုယက်ရာ၌ နာမည်ကြီးသော ချန်ကျိုသည် ဤညဥ့်ဆက်၍ နာမည်ကြီးနိုင်တော့မည်မဟုတ်ဟု ချင်းမီ မှတ်ချက်ချလိုက်လေသည်။

ချင်းမီသည် ချန်ကျိုကို တစ်ချက်လှမ်း၍ အကဲခတ်ယင်း..

"ငါ ဒီမကောင်းဆိုးဝါးကြီးကို သုတ်သင်ပစ်ရမယ်၊ ဒီကောင်ဟာ မြို့စားမင်း အလိုရှိနေတဲ့ ရာဇဝတ်သားပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့အသက်ဆုံးချင်ဆုံးပါစေ၊ ဒုစရိုက်သမားကိုတော့ အသက်စွန့်ပြီး နှိမ်နင်းရမှာပဲ"

ချင်းမီသည် စိတ်ထဲမှကြိတ်၍ ရေရွတ်လိုက်ခြင်းဖြစ်၏။

ထိုသို့တွေးတောရေရွတ်ပြီးနောက် ချင်းမီက...

"ခင်ဗျားလိုချင်တဲ့ပစ္စည်း ကျုပ်မှာရှိပါတယ်၊ ခင်ဗျားကဆက်ပြီး ထိန်းသိမ်းချင်တယ်ဆိုတော့လည်း ပေးရမှာပေါ့ဗျာ"

ချင်းမီ၏စကားကို ကြားလိုက်ရသောအခါ ချန်ကျိုအံ့အားသင့်သွားရသည်။

သူ့အနေဖြင့် ရွှေချိုးအမြုတေကို ဤမျှလွယ်လွယ်ကူကူဖြင့် ရရှိလိမ့်မည်ဟု မျှော်လင့်မထားပေ။

ချင်းမီသည် ရွှေချိုးအမြုတေကို ရှေ့သို့ဆန့်ထုတ်လိုက်၏။



ချန်ကျို၏မျက်လုံးများ ဝင်းလက်တောက်ပလာ၏။

အာသာငမ်းငမ်းဖြင့် ရှေ့တိုးလာသည်။

အတော်ပင် နီးကပ်လာပေပြီ။

ထိုအခါ ချင်းမီက လက်ထဲမှ ရွှေချိုးအမြုတေကို ချေမွလိုက်သည်။

ချန်ကျို၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွား၏။

တဒင်္ဂမျှ ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

ထိုအခိုက်မှာပင် ချင်းမီသည် ကျေမွသွားသော အမြုတေအပိုင်းအစများကို လက်နက်သဖွယ် ပစ်လွှင့်လိုက်လေသည်။

လုံးဝမထင်မှတ်ဘဲ ချင်းမီက ရုတ်တရက် လှုပ်ရှားလိုက်သဖြင့် ချန်ကျိုမှာ ဘာမှပြန်လည်မလှုပ်ရှားနိုင်ပဲ မှင်တက်ငေးမောနေမိသည်။

ပဲ့ထွက်လွင့်စဉ်လာသော ကျောက်သားအပိုင်းအစများက သူ၏ကိုယ်တွင်းသို့ စူးနစ်ဝင်ရောက်သွားလေတော့သည်။

အံ့အားသင့်လွန်းသောကြောင့် ချန်ကျိုမှာ အသံပင်မထွက်နိုင်တော့ဘဲ လဲကျသေဆုံးသွားရလေသည်။

မြေခွေးငါးဖော်မှာ အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်ကုန်ကြ၏။

ရွှေချိုးအမြုတေကို ချင်းမီကချေမွလိုက်သည့်အတွက် သူတို့အားလုံး နှမြောတသ ဖြစ်သွားကြသည်။

ဆိုးသွမ်းရက်စက်လှသော ချန်ကျိုသေဆုံးသွားသည်ကို

တွေ့ကာ သူတို့ထိတ်လလန့်သွားကြသည်။

ငါးယောက်စလုံး ဘာလုပ်ရမန်းမသိအောင် ဖြစ်သွားကြရလေသည်။

ထိုစဉ် လေးဘက်လေးတန်မှ ထွက်ပေါ်လာသော လှုပ်ရှားသွားလာသည့်ခြေသံများကို ကြားလိုက်ကြရသည်။

မြေခွေးငါးဖော်မှာ ထိတ်လန့်တုန်လှုပ်သွားကြ၏။

တစ်ယောက်ကိုတစ်ယောက် အချက်ပြပြီး ထိုနေရာမှ တချို့တည်း ထွက်ပြေးကြတော့သည်။

ချင်းမီ တစ်ဦးတည်းသာ ကျန်ရစ်လေ၏။

မကြာမီ...

လူရိပ်များ ထွက်ပေါ်လာသည်။

ထိုလူရိပ်များအနက်မှ ဝတ်စုံနက်ဝတ်ဆင်ထားသည့် ပိန်ပိန်ပါးပါးလူကြီးတစ်ယောက်က လှမ်းအော်ပြောဆိုလိုက်သည်။

"ဟေ့..ချင်းမီ မင်းဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရွှေချိုးအမြဲတေကို ဖျက်ဆီးလိုက်တဲ့အတွက် မင်းရဲ့အဖွဲ့က ဂိုဏ်းတူညီနောင်သုံးယောက်လည်း မရှုမလှ သေစေရမယ်ကွ၊ နားလည်လား"

ယင်းသို့ ခက်ထန်သည့် ကြုံးဝါးသံကို ကြားလိုက်ရသောအခါ ထိုအသံမှာ မိစ္ဆာလေးဖော်အနက်မှ တစ်ယောက်ယောက်၏ အသံဖြစ်ကြောင်း ချင်းမီ သိရှိလိုက်သည်။

စကားသံဆုံးသွားသည်နှင့် လူတစ်ယောက်သည် လျှပ်တပြက် ချင်းမီထံ ခုန်ဝင်လာလေသည်။



တဆက်တည်းပင် ချင်းမီ၏ရင်ဝသို့ လက်ဝါးရိုက်ချက်တစ်ချက်ဖြင့် တိုက်ခိုက်လိုက်သည်။

ချင်းမီက လက်ဝါးနှစ်ဘက်ကို ဆန့်ထုတ်ပြီး ဆီးကြိုခုခံလိုက်သည်။

လက်ဝါးချင်း ပြင်းထန်စွာထိတွေ့ပြီးနောက် တိုက်ခိုက်လာသူမှာ နောက်သို့ လွင့်စဉ်သွားလေသည်။

ထိုသူ မြေပေါ်ကျရှုံ့ရှိသေးသည်။

နောက်ထပ်တစ်ယောက် ခုန်ဝင်လာပြီး ချင်းမီကို တိုက်ခိုက်လိုက်ပြန်၏။

နောက်ထပ် ခုန်ဝင်လာသူမှာ ဝတ်စုံစိမ်းအဘိုးအိုဖြစ်သည်။

သူ၏လက်ချောင်းများမှ လက်သည်းသည် သာမန်အချိန်တွင် လိမ်ဝင်နေသော်လည်း တိုက်ခိုက်ရန် ဆန့်ထုတ်လိုက်သည့်အခါ လွန်စွာကြောက်မက်ဖွယ်ကောင်းသော လက်နက်ဆန်းများ ဖြစ်လာလေတော့သည်။

ဝတ်စုံစိမ်းအဘိုးအိုသည် ရူးချွန်သဖွယ်ထောင်မတ်နေသော လက်သည်းရှည်ဖြင့် ချင်းမီ၏နောက်ကျောကို ခွဲကုတ်လိုက်သည်။

ထိုအချိန်၌ မည်သည့်အချိန်က သစ်ပင်ပေါ်ရောက်နေမှန်းမသိသော လူငယ်နှစ်ဦးသည် ရုတ်တရက် ခုန်ချလာလေသည်။

သူတို့ရောက်လာသည်မှာ အချိန်ကောင်းပင် ဖြစ်သော်လည်း ခြေတစ်လှမ်း နောက်ကျသွားသည့်အတွက် ချင်းမီ ဒဏ်ရာတစ်ချက်ရသွားလေသည်။

ချင်းမီအား ပထမဆုံး ဝင်ရောက်တိုက်ခိုက်လာသူမှာ မိစ္ဆာလေးဖော်အနက်မှ အပြုံးမိစ္ဆာဖန်ထင်းပင်ဖြစ်သည်။

ဖန်ထင်းသည် ချင်းမီက ရွှေချိုးအမြုတေကို ချေမွဖျက်ဆီးပစ်လိုက်သည့်အတွက် ဒေါသချောင်းချောင်း ထွက်သွားပြီး ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဒုတိယဝင်ရောက်တိုက်ခိုက်သော ဝတ်စုံစိမ်းအဘိုးအိုကား မျက်စိလျှင်သူဖြစ်သည်။

ဖြတ်ထိုးဉာဏ်လည်းကောင်းသူ ဖြစ်သည်။

ထို့ကြောင့် ချင်းမီအနေဖြင့် အဖိုးတန်လှသော ရွှေချိုးအမြုတေကို မည်သည့်နည်းနှင့်မျှ ဖျက်ဆီးပစ်မည်မဟုတ်ဟုလည်း နားလည်လိုက်၏။

သို့ဖြစ်ရာ ချင်းမီထံ၌ ရွှေချိုးအမြုတေ အစစ် ရှိနေရမည်ဟု သေချာပေါက် တွက်ဆမိသည်။

ပို၍သေချာစေရန် ချင်းမီအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

တဆက်တည်းမှာပင် ချင်းမီ၏ကိုယ်တွင်းသို့ လက်နှိုက်လိုက်သည်။

အမြုတေကို စမ်းမိသဖြင့် နှိုက်ယူလိုက်လေသည်။

ဝတ်စုံစိမ်း အဘိုးအို ခန့်မှန်းတွေးတောသည့်အတိုင်း မှန်ကန်နေ၏။

ချင်းမီ ချေမွဖျက်ဆီးလိုက်သည့် ရွှေချိုးအမြုတေမှာ အတု



ပင်ဖြစ်သည်။

ချင်းမီက အကြပ်တွေ့ပါက ရန်သူကို လှည့်စားရန် သူကိုယ်တိုင်ပင်ပင်ပန်းပန်း ထုလုပ်ထားသည့် အမြုတေအတုပင် ဖြစ်သည်။

သို့သော်...

ချင်းမီသည် အခြားသူများကိုသာ လှည့်စား၍ရခဲ့သည်။

ဝတ်စုံစိမ်းအဘိုးအိုကိုမူ လှည့်စား၍မရခဲ့ချေ။

ဝတ်စုံစိမ်းအဘိုးအိုကား ရွှေချိုးအမြုတေကို သဲသဲမဲမဲ လိုက်နေသည့် ကျန်းအမျိုးအနွယ်မှ ကျန်းဂေဟာပိုင်ရှင် ကျန်းမင်ပင်ဖြစ်သည်။

ကျန်းမင်၏သိုင်းပညာကား ထက်မြက်လှ၏။

ယခုအချိန်အထိ သူ့အား တစ်ဦးချင်းယှဉ်ပြိုင်နိုင်သူ မရှိသေးပေ။

စောစောက ချင်းမီအား တိုက်ခိုက်စဉ် သစ်ပင်ပေါ်မှ လူငယ်နှစ်ယောက် ခုန်ဆင်း၍ ဝင်ရောက်ဟန့်တားသည်။

ထိုလူငယ်နှစ်ဦးမှာ ဟန်စန်းတောင်မှ သိုင်းထိပ်ခေါင်မာယွင်၏တပည့်ဖန်ကျင်းနှင့် မိုးစွေတောင်ကြားမှယုဝါး၏တပည့်မရှန်းကျင့်တို့ပင် ဖြစ်ကြလေသည်။

သူတို့နှစ်ဦးသည် ဆရာမကြီးယုဝါး၏ တာဝန်ပေးစေခိုင်းချက်အရ ချင်းမီအား ကာကွယ်စောင့်ရှောက်ရန် ရောက်ရှိလာကြသူများ ဖြစ်သည်။

သို့သော်...

မဆိုစလောက်ကလေး နောက်ကျသွားသည့်အတွက် ချင်းမီမှာ ဒဏ်ရာရသွားခဲ့သည်။

ထိုမျှသာမက ချင်းမီထံမှ ရွှေချိုးအမြုတေသည်လည်း ကျန်းမင်လက်ထဲ ကျရောက်သွားခဲ့ရသည်။

ထိုအခါ ဖန်ကျင်းနှင့်ရှန်းကျင့်တို့သည် မခံမရပ်နိုင်အောင် ဖြစ်လာကြပြီး ကျန်းမင်အား တိုက်ခိုက်ရန် ဦးတည်လိုက်ကြ၏။

သို့သော် အပြုံးမိစ္ဆာက ကြားဖြတ်ဝင်ရောက်ဟန့်တားလိုက်သည်။

အပြုံးမိစ္ဆာသည် ပြင်းထန်သောအတွင်းအားကို စုစည်းပြီး ရှန်းကျင့်ကို တိုက်ခိုက်လိုက်၏။

သူ၏လက်ဝါးသာ ထိမှန်ခြင်းခံရပါက ရှန်းကျင့်မှာ အသက်ပင်ပါသွားနိုင်လောက်သည်။

ရှန်းကျင့်က ကြိုးကြာဓားဖြင့် လှမ်းယောက်လိုက်၏။

ထိုအခါ အပြုံးမိစ္ဆာသည် သူ၏လက်ဝါးကို ရှေ့သို့ဆက်မတိုးဝံ့ဘဲ ဖန်ကျင်းဘက်လှည့်၍ တိုက်ခိုက်လိုက်သည်။

ဖန်ကျင်းက လက်ဝါးဖြင့် ပြန်၍ခံပေးလိုက်သည်။

လက်ဝါးနှစ်ခု ပြင်းထန်စွာ ထိတွေ့သွားကြသည်။

"ဝုန်း"

ဖန်ကျင်း ခြေတစ်လှမ်း နောက်ဆုတ်သွား၏။

ထို့အတူ အပြုံးမိစ္ဆာလည်း နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားရသည်။



ခြေတစ်လှမ်းဆုတ်သွားရုံသာမက အပြုံးမိစ္ဆာ၏လက်ချောင်းများပင် ထုံကျဉ်သွားလေသည်။

ထို့ကြောင့် အပြုံးမိစ္ဆာသည် လူငယ်နှစ်ယောက်စလုံးကို အထင်မသေးဝံ့အောင် ဖြစ်သွားရလေသည်။

ထိုစဉ် ဖန်ကျင်းက ကျန်းမင်ကို လှမ်းကြည့်လိုက်၏။

"သူများပစ္စည်း ဘာလို့လုယူထားရတာလဲ၊ ပြန်ပေးပါ"

ကျန်းမင်သည် လူငယ်နှစ်ဦး၏ပညာကို အကဲခတ်မိပြီဖြစ်သည်။

ထို့ကြောင့် သူတို့အား မည်သို့တိုက်ခိုက်ရမည်ကို တွေးတောနေမိသည်။

ဤတွင် ဖန်ကျင်းသည် တိမ်ပျံဓားကွက်ဖြင့် ကျန်းမင်ကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

"ရွှမ်း"

ကျန်းမင်က နောက်သို့ခုန်ရှောင်လိုက်သဖြင့် ဖန်ကျင်း၏ဓားချက်သည် လေကိုသာ ခုတ်မိသွားသည်။

ကျန်းမင်သည် လက်ဝါးရိုက်ချက်ဖြင့် ပြန်လည်တိုက်ခိုက်ရန် စိတ်ကူးမိသေးသည်။

သို့သော် သူ၏ရိုက်ချက်မှာ ထိရောက်မှုမရှိပါက နာမည်ပျက်မည်စိုးကာ နောက်သို့ ခုန်၍ရှောင်ရုံသာ ရှောင်သည်။

ပြန်လည်တိုက်ခိုက်ခြင်း မပြုပေ။

အကယ်၍သာ ရှန်းကျင့်နှင့် ဖန်ကျင်းတို့ ပူးပေါင်းတိုက်

နိုက်လာမည်ဆိုပါက မိမိအနေဖြင့် လွယ်မည်မဟုတ်ကြောင်း ကျန်းမင်တွေးတောမိသည်။

လူငယ်နှစ်ယောက်နှင့် တိုက်ခိုက်ပြီး အခြေအနေမဟန်ခဲ့လျှင် အကြီးအကျယ် နာမည်ပျက်သွားမည်ဖြစ်သည်။

ဤသည်ကို ကျန်းမင် အစိုးရိမ်ဆုံးဖြစ်သည်။

ကျန်းမင်သည် ဖန်ကျင်း၏ တိမ်ပျံဓားကွက်ကို ရှောင်တိမ်းလိုက်ပြီးနောက် တစ်ဘက်သို့ လှည့်ထွက်မည်အပြုတွင် ရှန်းကျင့်၏ ကြိုးကြာဓားသည် သူနှင့် တစ်ပေခန့်အကွာသို့ ရောက်လာ၏။

ကျန်းမင် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။

ကျန်းမင်သည် အကြီးအကျယ် ထိတ်လန့်သွားကာ နောက်သို့ခုန်ဆုတ်လိုက်မိလေသည်။

လူငယ်နှစ်ယောက်ကား သိုင်းလောက မျက်နှာသစ်များဖြစ်ကြသည်။

နှစ်ယောက်စလုံး သိုင်းလောက၌ နာမည်မရှိကြသေးပေ။

ဤကဲ့သို့သော လူငယ်နှစ်ယောက်၏ တိုက်ချက်ကြောင့် နာမည်ကျော်သိုင်းဆရာကြီးတစ်ဦး နောက်ဆုတ်ရသည့်အဖြစ်ကို တွေးကာ ကျန်းမင် ရှက်လာလေသည်။

ရှက်ရာမှ ခံပြင်းလာသည်။

လူငယ်နှစ်ယောက်အား စိစိကျေအောင် ချေပစ်ချင်စိတ်ပင် ပေါ်ပေါက်လာသည်။

ကျန်းမင်သည် လူငယ်နှစ်ယောက်အပေါ် မုန်းတီးရွံရှာလာပြီး ရှက်ရမ်းရမ်းတော့မည်အထိ ခံပြင်းစိတ်က အုံကြွလာသည်။



တိုက်ခိုက်ရန်ပင် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဟား...ဟား...ဟား"

ရယ်သံမှာ အတွင်းအားမြင့်မားသူ၏ ရယ်မောသံဖြစ်ပုံရသည်။

ရယ်သံသည် တုန်ဟည်းစွာ ထွက်ပေါ်လာ၏။

ရူးရူးရှရှ ရှိသည်။

သို့သော် ထူးခြားနေသည်ကား ရယ်မောသံ မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို ခန့်မှန်းမရနိုင်ခြင်းပင် ဖြစ်လေသည်။

အတန်ကြာသော် ရယ်သံသည် တဖြည်းဖြည်းတိုးကာ ပျောက်ကွယ်သွား၏။

ရူးရှုံသြဇာပြည့်ဝသော အသံတစ်သံ ထွက်ပေါ်လာ၏။

"မတွေ့ရတာကြာပြီပဲ၊ မျက်နှာရှင်ရှင်နဲ့ အပြုံးမိန္ဓာဟာ လူငယ်နှစ်ယောက်ကိုတောင် မနိုင်ပါလား၊ လူငယ်တွေရဲ့အတွင်းအားနဲ့ ဓားကွက်တွေကိုကြည့်ရတာ တယ်လည်း အဆင့်မြင့်တာပဲ၊ မာယွင်နဲ့ယုဝါးတို့ရဲ့တပည့်လို့ ပြောစရာတောင်မလိုပါလား"

ဖန်ကျင်းနှင့်ရှန်းကျင့်တို့သည် အသံရှင်ကို ရှာဖွေကြည့်မိကြသည်။

သို့သော် မတွေ့ရပေ။

မည်သည့်နေရာမှ ပြောဆိုနေသည်ကိုပင် ခန့်မှန်းမရနိုင်ဘဲ

ဖြစ်နေကြ၏။

ဖန်ကျင်းတို့နည်းတူ ကျန်းမင်လည်း အံ့အားသင့်လျှက်ရှိသည်။

ထိုစဉ် စကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ငါ အခုလာတာ ရွှေချိုးအမြုတေကို လုယူဖို့ပဲ၊ ဒါပေမယ့် ခုလိုယူယင် ငါ့အဖို့ သိပ်အရသာမရှိဘူး၊ ဒါကြောင့် နောက်သုံးနှစ်မြောက် လမုန့်ရာသီ ကျင်းပတဲ့ည တောင်ဝါတောင်မှာ သိုင်းပြိုင်ပွဲကြီးလုပ်ပြီးယူမယ်"

ဖန်ကျင်း၊ ရှန်းကျင့်နှင့် ကျန်းမင်းတို့သည် စကားသံကို ဂရုတစိုက် နားစွင့်လျှက်ရှိကြသည်။

"အဲဒီပြိုင်ပွဲမှာ သိုင်းထိပ်သီးဆယ်ယောက်ရဲ့ ပညာအဆင့်အတန်းကိုလည်း ပြန်ပြီးဆန်းစစ်ရလိမ့်မယ်၊ ပြိုင်ပွဲမှာ အဆင့်တစ်ရတဲ့လူကို ရွှေချိုးအမြုတေပေးအပ်ရမယ်၊ ခုလောလောဆယ်တော့ ကျန်းမင်လက်ထဲမှာပဲ ထားဦး၊ လူငယ်နှစ်ယောက်ကလည်း အမြုတေကို မလုနဲ့တော့၊ မင်းတို့ရဲ့မာယွင်နဲ့ယုဝါးတို့ကိုသာ နောက်သုံးနှစ်ကြာတဲ့အခါ တောင်ဝါတောင်ကိုကြွခဲ့ကြဖို့ ပြောလိုက်ပါ၊ အဲဒီအခါမှပဲ ရွှေချိုးအမြုတေကို ဘယ်သူပိုင်သင့်တယ်ဆိုတာ ဆုံးဖြတ်ကြတာပေါ့"

စကားသံကို နားစွင့်ယင်း အသံရှင်မှာ သိုင်းပညာအဆင့်လွန်စွာမြင့်မားလှသူဖြစ်ကြောင်း ကျန်းမင် ကောင်းစွာခန့်မှန်းမိသည်။



"အင်း..သူပြောတာ ဆိုးတော့မဆိုးဘူး၊ နောက်သုံးနှစ်ဆိုတော့ ငါ့အနေနဲ့ သိုင်းပညာ ထပ်ပြီးလေ့ကျင့်ဖို့ရနိုင်တယ်၊ နောက်ပြီး ပစ္စည်းကလည်း ငါ့လက်ထဲမှာ ရှိနေတာပဲ"

ကျန်းမင်၏စိတ်ထဲမှ တွေးတောလိုက်ခြင်းဖြစ်သည်။

"ကောင်းပြီလေ၊ ဒါဆိုလည်း နောက်သုံးနှစ်ကြာတဲ့အခါ ကျုပ် တောင်ဝါတောင်ကို လာခဲ့မယ်"

ကျန်းမင်က ယင်းသို့ ကတိပေးစကား ပြောကြီးကာ ထိုနေရာမှထွက်ခွာသွား၏။

သူထွက်ခွာသွားသောအခါ အပြုံးမိစ္ဆာသည်လည်း ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားလေသည်။

ဖန်ကျင်းနှင့်ရှန်းကျင့်တို့သာ ကျန်ရစ်ခဲ့ကြသည်။

ထိုစဉ် ညည်းညူသံထွက်လာသည်ကို သူတို့ကြားလိုက်ရသည်။

ချင်းမီ၏ ညည်းညူသံပင် ဖြစ်လေသည်။

ဖန်ကျင်းနှင့်ရှန်းကျင့်တို့သည် ကပျာကယာပင် ချင်းမီကို သွားရောက် ဖေးမလိုက်ကြသည်။

သူတို့ဆရာ ပေးအပ်လိုက်သည့်တာဝန်ကို သူတို့ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်မိကြသည်။

သူတို့မျက်စိအောက်မှာပင် ရွှေချိုးအမြုတေ လုယူခံလိုက်ရသည်။

ချင်းမီလည်း ဒဏ်ရာရရှိသွားသည်။

သူတို့အနေဖြင့် ဘာတစ်ခုကိုမျှ ဟန့်တားကာကွယ်နိုင်ခြင်း မရှိပေ။

တွေးကြည့်လျှင် ဝမ်းနည်းဖို့ကောင်းလှသည်။

ရှန်းကျင့်သည် ချင်းမီ၏ခြေလက်များကို ဆုပ်ကိုင်ကြည့်လိုက်သည်။

အတော်ပင် အေးစက်နေသည်ကို တွေ့ရသည်။

ထို့ပြင် နှလုံးခုန်နှုန်းမှာလည်း သိသိသာသာ နှေးကွေးလျှက်ရှိသည်ကို သတိပြုမိသည်။

ဤအခြေအနေကို သိရှိလိုက်ရသောအခါ ဖန်ကျင်းမှာ လွန်စွာစိုးရိမ်ထိတ်လန့်သွားသည်။

ထို့ကြောင့် ယုဝါးပေးလိုက်သည့် အေးစိမ့်ပန်းကိုထုတ်ကာ ချင်းမီကို တိုက်ကျွေးလိုက်သည်။

တခဏကြာသော် ချင်းမီ၏ခြေလက်များ ပြန်လည်နွေးထွေးကာ နှလုံးခုန်နှုန်းလည်း ပုံမှန်ပြန်ဖြစ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအခါ ချင်းမီလည်း ကောင်းစွာ သတိရလာ၏။

ဖန်ကျင်းက စောစောက ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်ပြောပြလိုက်သည်။

"နောက်သုံးနှစ်အကြာ လမုန့်ရာသီမှာ ရွှေချိုးအမြုတေ ကို ဘယ်သူရသင့် မရသင့်ဆိုတာကို တောင်ဝါတောင်မှာ သိုင်းပြိုင်ပွဲ



ကြီးလုပ်ပြီး ဆုံးဖြတ်မယ်တဲ့"

ချင်းမီသည် နားထောင်နေရာမှ တစ်စုံတစ်ရာ သတိရလာဟန်ဖြင့်...

"ခုံတုံရသေ့ကျောင်း"

ချင်းမီ၏လေသံမှာ တုံးတိပြတ်တောင်းလှ၏။

စကားကို အားယူကြိုးစား၍ ပြောနေရကြောင်း သိသာလှသည်။

ဖန်ကျင်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ချင်းမီ၏အခြေအနေ သိပ်မကောင်းလှကြောင်း နားလည်သိရှိသွားသည်။

"ဆရာကြီး ဘာမှာချင်ပါသလဲခင်ဗျာ"

ဖန်ကျင်းက လှမ်းမေးလိုက်၏။

"ခုံတုံရသေ့ကျောင်း"

ချင်းမီက ထပ်ပြီးပြောပြန်သည်။

ဖန်ကျင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဆရာကြီး ကျွန်တော်တို့ ခုံတုံကျောင်းကိုသွားပေးပါ့မယ်၊ ဆရာကြီး ဘာများမှာချင်ပါသေးသလဲ"

ချင်းမီသည် ဘာမှဆက်မပြောတော့ဘဲ ရင်ဘတ်ကြားမှ ဓားမြှောင်ကို ထုတ်ယူလိုက်သည်။

ထို့နောက် ရင်ဝသို့ စိုက်ချရန် ဟန်ပြင်လိုက်သည်။

ရှန်းကျင်းက ဖြတ်ခနဲ လှမ်းဆွဲလိုက်သဖြင့် ရင်ဝသို့ မထိုးမိ

တော့ချေ။

"ရွှေချိုးအမြုတေ"

ချင်းမီသည် ယင်းသို့သာ ပြောလိုက်နိုင်၏။

ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

♠ ♠ ♠

ဖန်ကျင်းနှင့်ရှန်းကျင့်တို့သည် ချင်းမီ၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုလ်လိုက်သည်။

ချင်းမီ၏လက်ချက်ဖြင့် သေဆုံးသွားသည့် ချန်ကျိုကိုလည်း ဤအတိုင်းထားရန် မသင့်သဖြင့် တစ်နေရာတွင် မြေမြှုပ်ပေးလိုက်ကြလေသည်။

ရှန်းကျင့်သည် ချင်းမီထံမှရခဲ့သည့် ဓားမြှောင်လေးကို ငေးစိုက်ကြည့်လိုက်သည်။

"အင်း...ကြည့်ရတာတော့ ခုံတုံကျောင်းမှာ ဆိုးရွားတဲ့အခြေအနေတွေ ဖြစ်ပေါ်လာဦးမယ် ထင်ပါရဲ့"

ရှန်းကျင့်က တွေးတွေးဆဆဖြင့် မှတ်ချက်ချသည်။

ထို့နောက် ဖန်ကျင်းကို ဖြတ်ခနဲ လှမ်းကြည့်လိုက်ပြီး...

"ကဲ..ဖန်ကျင်း ရှင်ဒီဓားမြှောင်ကိုယူပြီး ခုံတုံကျောင်းကို သွားလိုက်ပါ၊ ကျွန်မက ဆရာ့ဆီပြန်ပြီး အကျိုးအကြောင်း ပြောပြမယ်"



ရှန်းကျင့်သည် ပြောပြောဆိုဆိုဖြင့် လက်ထဲမှ ဓားမြှောင်ကိုဖန်ကျင်းအား လှမ်းပေးလိုက်သည်။

ထို့နောက် လမ်းခွဲထွက်ခွာသွားတော့သည်။

တရိပ်ရိပ်ထွက်ခွာသွားသော ရှန်းကျင့်၏ကျောရိပ်ကိုလှမ်းကြည့်ကာ ဖန်ကျင်း တွေးတောလိုက်မိသည်။

"အင်း...ငါ့ရဲ့ဂိုဏ်းတူအစ်မက သိပ်ကိုလှတာပဲ၊ ငါ့ရဲ့ဂိုဏ်းတူအစ်ကိုဝမ်းစုနဲ့ဆိုယင် သိပ်ကိုလိုက်ဖက်ညီမှာပဲ၊ အခွင့်ကြုံတဲ့အခါ သူတို့နှစ်ယောက် တွေ့ဆုံနိုင်အောင် ငါ ဖန်တီးပေးရဦးမှာပဲ"

ဖန်ကျင်းသည် ယင်းသို့တွေးတောယင်း ချင်းမီ၏မြေပုံကို လှမ်းကြည့်လိုက်မိသည်။

မြေပုံထိပ်တွင် သစ်ကိုင်းတစ်ကိုင်းကို ခိုင်ခံ့စွာ စိုက်ထားသည်။

ချင်းမီ၏မြေပုံကို လှမ်းကြည့်ယင်း ဖန်ကျင်း တွေးမိလာပြန်သည်။

"အင်း...ချင်းမီဟာ ရွှေချိုးအမြုတေအတွက်နဲ့ သေဆုံးသွားရှာပြီ၊ ဆရာမကြီးယုဝါးက အမြုတေကို ရန်သူလက်ထဲ မရောက်အောင် စောင့်ရှောက်ဖို့ တို့ကိုတာဝန်ပေးလိုက်တယ်၊ ဒါပေမယ့် ငါတို့ဘာမှမတတ်နိုင်ခဲ့ပါလား"

ဖန်ကျင်းသည် တွေးတောယင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသည်။

ထို့နောက် ကိုယ့်အကြောင်း ကိုယ်တွေးမိပြန်၏။

ကိုယ့်အကြောင်း တွေးမိပြန်တော့ ဘာတစ်ခုမှ မရေရာ သည်ကို သိလာရပြန်လေသည်။

သက်ပြင်း ယဲ့ယဲ့တစ်ချက် ချလိုက်မိ၏။

"အင်း...ငါ့ဘဝအကြောင်းကို ငါ ဘာမှလည်း တိတိကျကျ မသိခဲ့ရဘူး၊ ဂိုဏ်းတူအစ်ကိုကြီးကို မေးကြည့်ပြန်တော့လည်း အချိန် မတန်သေးဘူးလို့ ပြောတယ်"

ယင်းသို့ တွေးတောနေစဉ်ခဏ၌ သူ၏အမြင်အာရုံသည် ရုတ်တရက် ဝေဝါးသွားသည်။

သူသည် ကပျာကယာပင် မျက်တောင်တစ်ချက် ခတ်လိုက် သည်။

ထိုအခါ...

အမြင်အာရုံ ပြန်၍ကြည်လင်သွားသည်။

ဝမ်းနည်းအားငယ်မှုကြောင့် မျက်ရည်များ ရစ်ဝိုင်းလာခြင်း ဖြစ်သည်။

သူသည် သက်ပြင်းကို ခပ်လေးလေး ချလိုက်လေတော့ သည်။

♠ ♠ ♠



## တိမ်ပျံလက်သိုင်း

နေစောင်းပြီ ဖြစ်သည်။

ဖန်ကျင်းသည် ချင်းမီ၏စကားအတိုင်း ခုံတုံရသေ့ကျောင်း ဆီသို့ ဦးတည်ထွက်လာခဲ့သည်။

လမ်းတလျှောက်တွင် တွေ့မြင်ခဲ့ရသည့် ခရီးသွားများကို မေးစမ်းလာခဲ့ရာ ညနေစောင်းအချိန်ရောက်သော် ခုံတုံတောင်သို့ ရောက်လာ၏။

တောင်ခြေတွင် ခုံတုံရသေ့ကျောင်းကြီးမှာ ထီးထီးရှိနေ သည်ကို တွေ့မြင်ရလေသည်။

ခုံတုံရသေ့ကျောင်းကို အုတ်နီများဖြင့် တည်ဆောက်ထား သည်။

ဖန်ကျင်းသည် ခုံတုံကျောင်းကို မြင်သည်နှင့် စိတ်အားတက်ကြွလာပြီး ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာသည်။

ကျောင်းတံခါးရှေ့သို့ တခဏအတွင်းပင် ရောက်ရှိသွားလေသည်။

တံခါးဝသို့ရောက်သည့်အခါ ဖန်ကျင်း၏ မျက်လုံးများ ပြူးကျယ်သွား၏။

အကြောင်းမှာ...

သစ်မာဖြင့် ပြုလုပ်ထားသော တံခါးကြီးမှာ တစ်စုံတစ်ခုဖြင့် ပြင်းထန်စွာဆောင့်ထုထားခြင်း ခံရသဖြင့် ကျိုးပဲ့နေသည်ကို မြင်တွေ့ရသည်။

ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသည်နှင့် ဖန်ကျင်း၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရသည်။

ယင်းအခိုက် ကျောင်းခန်းအတွင်းမှ ညည်းညူသံသဲ့သဲ့ကို ဖန်ကျင်း ကြားလိုက်ရပြန်၏။

ဖန်ကျင်းမှာ ပို၍စိုးရိမ်ထိတ်လန့် သွားရသည်။

ကပျာကယာပင် ကျောင်းခန်းအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

အခန်းတွင်း၌ ကျောက်ရုပ်ထုများ ဖရိုဖရဲလဲကျနေသည်ကို တွေ့မြင်ရ၏။

ရန်သူများ ဝင်ရောက်မွှေနှောက်သွားပြီဖြစ်ကြောင်း ဖန်ကျင်း ရုတ်ခြည်းပင် သိလိုက်လေသည်။



ဖန်ကျင်းသည် ညည်းညူသံ ထွက်ပေါ်လာရာကို ရှာဖွေလိုက်လေသည်။

ထိုအခါ အဆောင်၏အနောက်ဘက်ထောင့်တစ်နေရာ၌ လူတစ်ယောက် ရုပ်ထုကြီးတစ်ခုအောက်၌ ပိနေသည်ကို လှမ်းမြင်လိုက်ရသည်။

ထိုနေရာသို့ ဖန်ကျင်း အလျှင်အမြန်ပြေးသွားသည်။

ထို့နောက် ပြိုလဲကျနေသည့် ရုပ်ထုကြီးကို မ,၍ဖယ်ရှားပေးလိုက်သည်။

ကျောက်ရုပ်ထု အပိခံနေရသူကား ချင်းမီ၏ဂိုဏ်းတူညီတစ်ယောက်ဖြစ်သည်။

ထိုသူသည် ဖန်ကျင်းအား ရန်သူဟု ထင်မှတ်ကာ ထိတ်လန့်သွားသည်။

ဖန်ကျင်းက မိမိအား ချင်းမီက စေလွှတ်လိုက်ကြောင်းပြောပြသည်။

ပြီးလျှင် ချင်းမီ၏အဖြစ်အပျက်ကို အစမှအဆုံးတိုင် ပြန်လည်ပြောပြလိုက်လေသည်။

ထိုအခါမှ ရုပ်ထုအပိခံရသူသည် နားလည်သဘောပေါက်သွားပုံရသည်။

သူတို့၏ အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်လေသည်။

"အပြုံးမိစ္ဆာတို့လူစု လာသွားတယ်၊ တို့ကို ဘာမပြောညာ

မပြော ဝင်တိုက်တာပဲ၊ ငါ့ရဲ့ဂိုဏ်းတူညီဟာ သူ့ရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရတယ်၊ ငါလည်း အခြေအနေမဟန်လို့ ထွက်ပြေးပါသေးတယ်၊ ဒါပေမယ့် အပြုံးမိစ္ဆာရဲ့လက်ဝါးရိုက်ချက်ကြောင့် ငါ အတွင်းဒဏ်ရာရခဲ့တယ်"

ရုပ်ထုအဝိခံရသူသည် မျက်နှာကို ရှုံ့မဲ့ယင်း ပြန်လည်ပြောပြလျှက်ရှိသည်။

ဝေဒနာကို အံကြိတ်၍ တင်းခံနေရကြောင်း သိသာထင်ရှားသည်။

"အပြုံးမိစ္ဆာရဲ့ တိုက်ခိုက်မှုကြောင့် ရုပ်ထုကြီး ငါ့အပေါ်ဝိကျလာခဲ့တာပဲ၊ နောက်ပြီး သူ့ရဲ့အဆိပ်ငါးမျိုးလက်ဝါးလည်း အထိခံထားရတယ်၊ ငါ့အဖို့ မျှော်လင့်ချက်မရှိတော့ဘူး"

ထိုသို့ပြောပြီးနောက် ရုပ်ထုအဝိခံရသည့်ချင်းမီ၏ဂိုဏ်းတူညီငယ်သည် အမောဖြေဟန်ဖြင့် မျက်လုံးများကိုမှိတ်ကာ အသက်မှန်အောင် ကြိုးစား၍ရှူနေလေသည်။

ဖန်ကျင်းသည် ထိုလူ၏နှလုံးကို စမ်းသပ်ကြည့်လိုက်လေသည်။

နှလုံး သိပ်မခုန်တော့ပေ။

ထို့ပြင် မျက်နှာတစ်ခုလုံးသည်လည်း သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကိုတွေ့မြင်ရသည်။

အကယ်၍သာ ရွှေချိုးအမြုတေသာ ရှိမည်ဆိုလျှင် ထိုလူ၏အသက်ကို ကောင်းစွာ ကယ်တင်နိုင်မည်ဖြစ်လေသည်။



ယခုမူ ရလိုရငြား အေးစိမ့်ပန်းကိုသာ အားကိုးရတော့ပေမည်။

ဖန်ကျင်းသည် အေးစိမ့်ပန်းကို ထုတ်ယူ၍သူ့အားတိုက်ကျွေးရန် ဟန်ပြင်လိုက်သည်။

ထိုလူက လက်ကာပြ၏။

"နေပါစေ၊ ငါကို ဆေးတိုက်ဖို့ မကြိုးစားနဲ့တော့၊ မင်းရဲ့ဆေး အလကားဖြစ်သွားမယ်၊ မင်းကို ငါတစ်ခုတော့ မှာခဲ့ချင်တယ်၊ လေလွင့်သိုင်းသမားကျောက်ဖေးကိုတွေ့ယင် ပြောပြပါ၊ ငါတို့ခုံတုံကျောင်းတစ်ခုလုံး အပြုံးမိစ္ဆာရဲ့လက်ချက်နဲ့ ပျက်စီးသွားပြီလို့"

ယင်းသို့ပြောဆိုပြီးနောက် ထိုလူသည် ဖန်ကျင်းအား တုတ်တစ်ချောင်းလှမ်းပေးလိုက်သည်။

"မင်း ဒီတုတ်ကို ယူထားပါ၊ တစ်နေ့ အသုံးဝင်လာလိမ့်မယ်"

ယင်းသို့ပြောပြီးသည်နှင့် ထိုလူသည် ငြိမ်သက်သွားတော့သည်။

အသက် မရှိတော့ပါချေ။

စိတ်ဆောင်ထားသောကြောင့် ဤမျှစကားများများ ပြောဆိုနိုင်ခြင်းဖြစ်ကြောင်း ဖန်ကျင်း နားလည်လိုက်လေသည်။

ဖန်ကျင်းသည် စထွက်လာကတည်းက စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များနှင့် ဆက်တိုက်ကြုံခဲ့ရသဖြင့် ရင်ထဲ၌ ဝမ်းနည်းစွာခံစားနေရသည်။

သူသည် အံကို တင်းတင်းတစ်ချက် ကြိတ်လိုက်သည်။

"လူ့လောကကို အကျည်းတန်အောင် လုပ်နေတဲ့ ဒုစရိုက်ကောင် မကောင်းဆိုးဝါးတွေကို ကျွန်တော် အသက်ရှင်နေသရွေ့ အမြစ်မကျန်သုတ်သင်နှိမ်နင်းမယ်ဆိုတာ ကတိပြုပါတယ်ဗျာ"

ဖန်ကျင်းသည် အသက်မရှိတော့သူကို တိုင်တည်သစ္စာပြုလိုက်သည်။

ထို့နောက်...

ဒူးထောက်ထိုင်နေရာမှ အသာအယာပြန်ထလိုက်၏။

သူ၏မျက်လုံးများက အခန်းတွင်းအနှံ့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

တစ်နေရာမှ လူတစ်ဦး၏လှုပ်ရှားမှုကို အမှတ်မထင် ကြားလိုက်ရ၏။

ဖန်ကျင်း မျက်မှောင်ကြုတ်လိုက်မိသည်။

"ဟော့..ဘယ်သူလဲ၊ ခိုးကြောင်ခိုးဝှက် ပုန်းနေတာ ထွက်ခဲ့စမ်း"

ဖန်ကျင်းက လှမ်းအော်ပြောလိုက်သည်။

သူ၏စကားအဆုံးတွင် အတွင်းခန်းဘက်မှ ဆံပင်စုတ်ဖွားနှင့်လူတစ်ယောက် ထွက်လာသည်။

မျက်နှာညစ်ထေးထေးရှိကာ လက်တစ်ဘက်ပြတ်နေသူဖြစ်သည်။

ထိုလူသည် လဲကျသေဆုံးနေသူကို တစ်ချက်လှမ်းကြည့်လိုက်သည်။



ထို့နောက် မပြောမဆိုဖြင့် ဖန်ကျင်းကို တရကြမ်းဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ဖန်ကျင်း အံ့အားသင့်သွားသည်။

ထိုလူ၏ တိုက်ခိုက်ပုံ အနေအထား အသွင်အပြင်စသည်တို့သည် လေလွင့်သိုင်းသမားကြီး ကျောက်ဖေးနှင့် တထပ်တည်းတူညီနေသည်ကို ဖန်ကျင်း သတိပြုလိုက်မိသည်။

အကြောင်းမှာ လေလွင့်သိုင်းသမားကြီး၏ အသွင်အပြင်အနေအထားနှင့် တိုက်ခိုက်လှုပ်ရှားဟန်စသည်တို့ကို သူ၏ဂိုဏ်းတူအစ်ကိုက အသေးစိတ် ပြောပြထားသောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ယင်းဆံပင်စုတ်ဖွားနှင့်လူကို လေလွင့်သိုင်းသမားဖြစ်ကြောင်း ဖန်ကျင်း အတပ်သိလိုက်ခြင်း ဖြစ်လေသည်။

ထို့ပြင် သိုင်းလောကမှ ယုဝါး၊ မာယွင်၊ သမားတော်ရှုယင်နှင့် အရက်အိုးကြီးထင်းလွေတို့သည် အဖြူရောင်သိုင်းသမားများဖြစ်ကြောင်းကိုလည်း သိရှိထားပေသည်။

ဤမျှ မကသေးပါချေ။

မြောင်နယ်ခြားမှ တိန်ချောင်း၊ မိစ္ဆာလေးဖော်၊ ကျန်းညီနောင်နှင့် မြွေနက်မလင်ရှီတို့သည် သိုင်းလောကမှ အမည်းရောင်ဒုစရိုက်သိုင်းသမားများ ဖြစ်ကြောင်း စသည်တို့ကိုလည်း သိရှိထားလေသည်။

ယခု...

လေလွင့်သိုင်းသမားကြီး ကျောက်ဖေးမှာလည်း တော်တည့် မှန်ကန်သော သိုင်းသမားကြီးတစ်ဦးဖြစ်၏။

သူ၏အသွင်မှာ ဆိုးသွမ်းမည့်သူဟု ထင်မှတ်ဖွယ်ဖြစ်သည်။

သို့သော် သူသည် စိတ်ရင်းကောင်းသူဖြစ်၏။

အမှန်တရားကို လိုလား၏။

ကျောက်ဖေးသည် ထိပ်သီးဆယ်ယောက်အနက် တစ်ဦးအပါအဝင် ဖြစ်လေသည်။

ကျောက်ဖေးက ဘာမပြောညာမပြော တိုက်ခိုက်လာသဖြင့် ဖန်ကျင်းမှာ တဒင်္ဂမျှ ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

သို့သော် ရုတ်ခြည်းဆိုသလို လျှပ်တပြက် ရှောင်တိမ်းနိုင်လိုက်သည်။

ထို့ကြောင့် ကျောက်ဖေး၏လက်ဝါးရိုက်ချက်သည် ဖန်ကျင်း၏ နောက်ဘက်ရှိ ကြွေရုပ်ထုကိုသာ ထိမှန်သွားလေသည်။

"ဝုန်း"

"ချလွမ်း'

ကြွေရုပ်ထု၏လက်တစ်ဘက် ကျိုးပဲ့ပြုတ်ကျသွား၏။

ကျောက်ဖေး ဒေါပွသွား၏။

ဆက်၍တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

လေလွင့်သိုင်းသမား ကျောက်ဖေး၏ မဆင်မခြင် တိုက်ခိုက်မှုကြောင့် ဖန်ကျင်းမှာ အနည်းငယ် စိတ်တိုလာလေသည်။



ကျောက်ဖေးအား စေ့စေ့ကြည့်ကာ...

"ဒီမှာ လေလွင့်သိုင်းသမားကြီး၊ ခုံတုံကျောင်းကို ဖျက်ဆီးတာ မိစ္ဆာလေးဖော်ရဲ့လက်ချက်ဗျ၊ ကျုပ်က ခုံတုံကျောင်းကို အကူအညီပေးဖို့လာတာ ဒါပေမယ့် မမီဘူး"

ဟုပြောလိုက်သည်။

လေလွင့်သိုင်းသမားကြီးသည် ဖန်ကျင်းအား အကဲခတ်သလိုစူးစိုက်ကြည့်သည်။

ဖန်ကျင်းက စကားဆက်လိုက်သည်။

"ခင်ဗျား ကျုပ်ကို မမေးမစမ်းဘဲ တိုက်ရသလားဗျ၊ သေချာလည်းကြည့်ပါဦး၊ ကျုပ်က မိစ္ဆာလေးဖော်တို့လူစုထဲကလူ ဟုတ်မဟုတ်ဆိုတာ၊ ခင်ဗျားရဲ့ဝိညာဉ်လက်ဝါးသိုင်းကွက်ဟာ ပြိုင်စံရှားတယ်ဆိုပြီး သိပ်အထင်ကြီးမနေနဲ့ဦး၊ ပြောမရယုံင်တော့ ကျုပ်ကလည်း ငြိမ်နေမှာမဟုတ်ဘူး"

ဖန်ကျင်းက မခံချင်စိတ်ဖြင့် လှမ်းပြောယင်း သတိပေးလိုက်၏။

ကျောက်ဖေးသည် သိုင်းလောက၌ ချင်းမီနှင့်ထင်းခုတ်သမားတို့နှင့်သာ မိတ်ဆွေခင်ပွန်းဖွဲ့မိသည်။

ထိုနှစ်ယောက်မှလွဲ၍ အခြားမိတ်ဆွေများမရှိပေ။

ချင်းမီ လာစဉ်က သူသည် ထင်းခုတ်သမားနှင့်အတူ သစ်တောထဲ၌ အရက်သောက်လျှက်ရှိနေခဲ့သည်။

ထို့ကြောင့် တွေ့လွဲလွဲခဲ့ရခြင်း ဖြစ်သည်။

သူတို့ အိမ်ပြန်ရောက်သည့်အခါ ချင်းမီရေးသားထားခဲ့သည့် စာကို တွေ့ရသည်။

စာတွေ့လျှင်တွေ့ချင်း ချင်းမီ ချိန်းဆိုသည့်အတိုင်း ခုံတုံကျောင်းသို့ လိုက်လာခဲ့ခြင်းဖြစ်လေသည်။

သို့သော်...

သူရောက်လာသည်မှာ နောက်ကျသွားသည်။

သူရောက်လာသည့်အချိန်၌ ခုံတုံကျောင်းမှာ ပျက်စီးနေပြီ ဖြစ်လေသည်။

ကျောင်းအတွင်း ဝင်ရောက်မိသောအခါ ဖန်ကျင်းကို မြင်တွေ့ရသဖြင့် ရန်သူဟုထင်မှတ်ကာ ဒေါသတကြီး ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပေသည်။

ဖန်ကျင်းက ရှင်းပြသည့်အခါမှ အခြေအနေမှန်ကို သိခဲ့ရသည်။

ထို့ကြောင့် တိုက်ခိုက်မှုကို ရပ်တန့်လိုက်သည်။

သေဆုံးနေသော အလောင်းများကို စိတ်မကောင်းစွာဖြင့် လှမ်းကြည့်သည်။

ချင်းမီသည် သူ၏အရင်းနှီးဆုံးသော မိတ်ဆွေဖြစ်လေသည်။

သို့ဖြစ်ရာ ခုံတုံကျောင်းမှ ချင်းမီ၏ဂိုဏ်းတူညီနောင်များသည်လည်း သူ၏မိတ်ဆွေများပင် ဖြစ်လာရသည်။

ရန်သူ၏လက်ချက်ဖြင့် ခုံတုံကျောင်း ပျက်စီးသွားရသည့်



အတွက် ကျောက်ဖေး အမှန်ပင် စိတ်မကောင်းဖြစ်မိလေသည်။

မျက်ရည်များပင် ရစ်ဝဲလာရလေ၏။

သူသည် သေဆုံးနေသူများကိုကြည့်ကာ စိတ်မထိန်းနိုင်တော့ဘဲ ချုံးပွဲချငိုကြွေးလေတော့သည်။

ဖန်ကျင်းသည် သူ့ကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"အခုမှတော့ ငိုနေလည်း ဘာမှထူးမှာမဟုတ်ပါဘူး၊ ဖြစ်ပြီးတဲ့ကိစ္စကပြီးသွားပြီပဲ၊ ဒီရုပ်အလောင်းတွေကို သင်္ဂြိုလ်ဖို့သာ စီစဉ်ကြရအောင်လားဗျာ"

လေလွင့်သိုင်းသမားကြီးကျောက်ဖေးသည် တွေဝေငေးငိုင်နေရာမှ ဖန်ကျင်းကို ဖျတ်ခနဲလှမ်းကြည့်လိုက်လေသည်။

"ဒါနဲ့ ချင်းမီကော ဘယ်ရောက်နေသလဲ"

ဤကိစ္စကို ပြောပြခဲ့ပြီးဖြစ်လျှက် ကျောက်ဖေးသည် ကောက်ကာငင်ကာ ပြန်၍မေးလာသဖြင့် ဖန်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားပုံရသည်။

အတန်ကြာမှ ထပ်မံပြောပြ လိုက်ရလေသည်။

ကျောက်ဖေးသည် အံကို တင်းတင်းကြိတ်လိုက်၏။

"ကဲ..ဒါဆို ဒီမိစ္ဆာလေးဖော်ကို မင်းနဲ့ငါ လက်တွဲပြီးသုတ်သင်မယ်၊ နောက်ပြီး ကျန်းမင်ဆီက ရွှေချိုးအမြုတေကိုလည်း ရအောင်ပြန်ယူမယ်၊ ခုချိန်ကစပြီး မင်းနဲ့ငါ မိတ်ဆွေဖြစ်သွားကြပြီ မင်းက ငါ့ကို အစ်ကိုလို့ခေါ်၊ ငါက မင်းကိုညီလေးလို့ခေါ်မယ်"

ဖန်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော် သမားတော်ရှယင်ဆီသွားဖို့ ရှိနေပါသေးတယ်၊ ရှေ့လ လမုန့်စားတဲ့ရက်ကျယင် မိစ္ဆာလေးဖော်ရှိတဲ့နေရာမှာ ခင်ဗျားနဲ့ကျွန်တော် ပြန်ဆုံကြမယ်"

ကျောက်ဖေး ခေါင်းညိတ်လိုက်သည်။

"အေး..ကောင်းတယ်"

ထို့နောက်...

သူတို့နှစ်ယောက်သည် မိစ္ဆာလေးဖော်၏လက်ချက်ဖြင့် သေဆုံးသွားကြရသူများကို မြေမြှုပ်သင်္ဂြိုလ်လိုက်ကြလေသည်။

ကိစ္စအားလုံးဆောင်ရွက်ပြီးသည့်အခါ ဖန်ကျင်းက သံတုတ်ကောက်ကို ထုတ်ပြလိုက်၏။

"ဒီတုတ်ကောက်ကို ကြည့်စမ်းပါဦးဗျာ၊ ဘာများ ထူးခြားတာရှိလဲမသိဘူး"

ကျောက်ဖေးသည် သံတုတ်ကိုယူ၍ သေချာစွာစစ်ဆေးကြည့်ရှုလိုက်သည်။

ဘာမျှ ထူးထူးခြားခြား မတွေ့ရပေ။

ဦးခေါင်းကို အသာအယာ ခါယမ်းပြီး...

"ဘာမှထူးခြားတာတော့ မတွေ့ရဘူးကွ၊ ဒါပေမယ့် တစ်ခုခုတော့ ထူးခြားမှုရှိလိမ့်မယ်၊ ငါ့အနေနဲ့တော့ မင်းကို ဘာလက်ဆောင်မှပေးစရာ မရှိပါဘူးကွာ"



ဟု ပြောလိုက်သည်။

ဖန်ကျင်းသည် သံတုတ်ကောက်ကို ပြန်ယူလိုက်လေ၏။

ကျောက်ဖေးသည် ဖန်ကျင်းကို စူးစိုက်ကြည့်လိုက်လေသည်။

ပြီးလျှင်..

"ဒါနဲ့ မင်းစိတ်ဝင်စားမယ်ဆိုရင်တော့ ငါ့ရဲ့တိမ်ပျံလက်သိုင်းကိုတော့ လက်ဆောင်အဖြစ် သင်ပေးလိုက်ပါ့မယ်"

ထိုစကားကြားလျှင် ဖန်ကျင်း ဝမ်းသာသွားသည်။

သိုင်းကွက်အသစ် ထပ်မံရရှိတော့မည်ဖြစ်၍ စိတ်ဓာတ်တက်ကြွလာသည်။

ကျောက်ဖေးရှေ့ ဒူးထောက်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ကျွန်တော် ကောင်းကောင်း သင်ယူပါ့မယ် အစ်ကိုကြီး"

ကျောက်ဖေးက သဘောကျစွာဖြင့် ပြုံးလိုက်သည်။

ထို့နောက် သံတုတ်ကောက်ကို အဝတ်တစ်ခုဖြင့် ထုပ်ပိုးလိုက်ပြီး ကွက်လပ်တစ်ခုကို ရှာဖွေလေတော့သည်။

♠ ♠ ♠

အချိန်မှာ ညပိုင်းသို့ရောက်ရှိနေပြီ ဖြစ်သည်။

သို့သော် ပြည့်ဝန်းသည့် လမင်းကြီး၏အလင်းရောင်ကြောင့် လောကဓာတ်တခွင်လုံး ထိန်လင်းလျှက် ရှိနေပေသည်။

လရောင်ဆမ်းသည့် မြေကွက်လပ်တွင် ကျောက်ဖေးသည် မည်သူ့ကိုမှ သင်ကြားပေးဖူးခြင်း မရှိသေးသည့် တိမ်ပုံလက်သိုင်းကို ဖန်ကျင်းအား သင်ကြားပေးလေသည်။

တိမ်ပုံသိုင်းကွက်သည် လက်နက်မဲ့သိုင်းကွက်ဖြစ်သည့်အတွက် အများကြီးမရှိဘဲ ရှစ်ကွက်သာရှိသည်။

သို့သော်လည်း သိုင်းကွက်တစ်ကွက်တိုင်း၌ ပြောင်းလဲကွက်များစွာ ပါဝင်သည်။

သိုင်းကွက်တိုင်းသည် ထူးခြားမှုရှိ၏။

ထိရောက်မှုလည်း ရှိသည်။

ထို့ကြောင့် ကျောက်ဖေးသည် ထိပ်သီးဆယ်ယောက်အနက် အမှတ်စဉ်ငါးနေရာ၌ ရှိနေခြင်းဖြစ်၏။

ထိုသိုင်းကွက်များကို တကယ်တမ်း သင်ယူမိသည့်အခါ ကျောက်ဖေး၏ အဆင့်မြင့်သိုင်းပညာများကို ဖန်ကျင်းသိရှိခဲ့ရသည်။

စောစောပိုင်းက သိပ်အထင်မကြီးခဲ့သော်လည်း ယခုအချိန်၌ အထင်မကြီး မလေးစားဘဲ မနေနိုင်အောင် ဖြစ်လာရတော့သည်။

ကျောက်ဖေး၏ တိမ်ပုံလက်သိုင်းကွက်ကား ထူးခြားဆန်း



ကြယ်သလောက် ကြောက်မက်ဖွယ်ကောင်းလှသော သိုင်းကွက်များပင်ဖြစ်လေသည်။

မိမိ၏သိုင်းကွက်အနေဖြင့် တိမ်ပုံလက်သိုင်းကို ထိုးဖောက်နိုင်ရန် ခက်ခဲလှကြောင်း နားလည်သိရှိလာပေသည်။

ထို့ပြင် ကျောက်ဖေးသည် အဆင့်မြင့် ဝိဉာဉ်နှုတ်သိုင်းကွက်ကိုလည်း တီထွင်တတ်မြောက်ထားသူ ဖြစ်သည်။

တိမ်ပုံလက်သိုင်းကွက်ပင် ဤမျှထက်မြက်နေလျှင် ဝိဉာဉ်နှုတ်သိုင်းကွက်ကား ပို၍ကြောက်မက်ဖွယ်ကောင်းပေလိမ့်မည်။

ဖန်ကျင်းသည် တိမ်ပုံလက်သိုင်းကွက်ကို ကြိုးစား၍သင်ယူ၏။

ပင်ကိုယ်ဉာဏ်ထက်မြက်သူဖြစ်ရာ တစ်ကြိမ်ပြရုံဖြင့် သိုင်းကွက်သဘောတရားကို ဖန်ကျင်း ကောင်းစွာ နားလည်သိရှိသွားသည်။

သုံးလေးကြိမ်မျှ ပြပြီးသည့်အခါတွင်ကား ကျောက်ဖေးအနေဖြင့် အမှားပြင်ဆင်ပေးရခြင်း မရှိတော့ပေ။

တိမ်ပုံလက်သိုင်းကွက်ကို ဆရာလွတ်လှုပ်ရှား ကစားပြလာနိုင်သည်။

ခက်ခဲနက်နဲလှသော ပြောင်းလဲကွက်များကို ဖန်ကျင်းသည် အမှားအယွင်းမရှိ လှုပ်ရှားနိုင်သည်။

မှတ်ဉာဏ်ကောင်းလှသော ဖန်ကျင်းကို ကျောက်ဖေး မအံ့သြဘဲ မနေနိုင်တော့ချေ။

ဖန်ကျင်းသည် တိမ်ပျံလက်သိုင်းကွက်ကို တစ်ကွက်ချင်း ပြန်လည်ကစားပြသည်။

သိုင်းကွက်ရှစ်ကွက်စလုံးကို အမှားအယွင်းမရှိ ပြန်လည် ကစားပြနိုင်ခဲ့သည်။

သိုင်းကွက်တစ်ကွက်စီ၌ ပြောင်းလဲကွက်ပေါင်း သုံးဆယ်ခန့် ရှိရာ သိုင်းကွက်ရှစ်ကွက်၌ ပြောင်းလဲကွက် စုစုပေါင်း နှစ်ရာ့လေးဆယ်ရှိ၏။

တစ်ကွက်တစ်ကွက် အထစ်အငေါ့မရှိချေ။

လက်ယှက်ထိုးထားသကဲ့သို့ တစ်ကွက်နှင့်တစ်ကွက် ဆက်စပ်နေသည်။

ယှက်နွယ်ပေါင်းကူးလျှက် ရှိသည်။

သိုင်းကွက်တစ်ကွက် စထုတ်သည်နှင့် ပြောင်းလဲကွက်များကိုရေစီးကြောင်းကဲ့သို့ ချောပါလာလေသည်။

တိမ်ပျံလက်သိုင်းကွက်သည် ဘေးမှရပ်ကြည့်လျှင် လွယ်သယောင် ထင်မှတ်ရ၏။

သို့ရာတွင် တကယ်တမ်း ကစားကြည့်သည့်အခါ လွန်စွာခက်ခဲလှသည်ကို ဖန်ကျင်း သိရှိရလေသည်။

ပြောင်းလဲကွက်တစ်ကွက် အံချော်သွားပါက ကျန်သိုင်းကွက်များ ဆက်ဖော်၍မရနိုင်တော့ချေ။

ထို့ကြောင့် သာမန်လူတစ်ဦးအဖို့ ဤသိုင်းကွက်ကို ရက်ပေါင်းနှစ်ရာ့လေးဆယ် ခန့် သင်ယူမှ မှတ်မိနိုင်မည့် သိုင်းကွက်ဖြစ်



လေသည်။

သို့သော်...

ဖန်ကျင်းကား သာမန်လူထက် ထူးခြားစွာ မှတ်ဉာဏ်ကောင်းသူဖြစ်ရာ သိုင်းကွက်တစ်ကွက်ပြတိုင်း မှတ်ဉာဏ်၌ စွဲနေသည်။

နောက်တစ်ကွက် ဆက်ပြသည့်တိုင် ရှေ့မှသိုင်းကွက်ကို မေ့ပျောက်သွားခြင်းမရှိပေ။

သို့ဖြင့် နံနက်အာရုဏ်ကျင်း၍ အလင်းရောက်သည့်အခါ တိမ်ပျံလက်သိုင်းရှစ်ကွက်စလုံးကို ဖန်ကျင်း သင်ယူတတ်မြောက်သွားလေတော့သည်။

ကျောက်ဖေးသည် ကျေနပ်အားရစွာဖြင့် ဖန်ကျင်း၏ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"မင်း သိပ်တော်တယ်၊ ကျွမ်းကျင်မှုရှိအောင် ဆက်ပြီးလေ့ကျင့်ပါ"

ဖန်ကျင်းက ဦးညွတ်၍ အရိုအသေပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

ကျောက်ဖေးက ပြုံးလိုက်ပြီး...

"ကဲ တို့လည်း ထပ်တွေ့ဖို့ နှစ်လလောက်လိုသေးတာဆိုတော့ ငါသွားတော့မယ်"

ပြောပြောဆိုဆိုဖြင့် ကျောက်ဖေးသည် သစ်ပင်တစ်ပင်ပေါ် လှမ်းခုန်တက်လိုက်၏။

ထို့နောက် တစ်ပင်မှတစ်ပင်သို့ မျောက်လွှဲကျော်တစ်ကောင်ပမာ လွှားခနဲ ခုန်ကူးသွားရာ မကြာမီမှာပင် ဖန်ကျင်း၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ဖန်ကျင်းက ကျောက်ဖေးထွက်ခွာသွားရာကို ငေးမော ကြည့်ရှုကာ ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



## သမားတော်ရှုယင်

ကျောက်ဖေး ထွက်ခွာသွားပြီ ဖြစ်ပါသည်။

ကျောက်ဖေး ထွက်ခွာသွားသောအခါ ဖန်ကျင်းသည် တိမ်ပျံလက်သိုင်းရှစ်ကွက်ကို ဆက်လက်လေ့ကျင့်ယင်း ကျန်ရစ်ခဲ့သည်။

အထပ်ထပ်အခါခါ လေ့ကျင့်နေခြင်းဖြစ်၏။

အကြိမ်ပေါင်း မည်မျှကြာအောင် လေ့ကျင့်နေမိသည်မသိ။

တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျလာသည့်အခါ ခေတ္တနားလိုက်သည်။

နေမွန်းတည့်ချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

ပင်ပန်းနွမ်းနယ်မှုကြောင့် မျက်လုံးများ ငိုက်စင်းလာသည်။

ထို့ကြောင့် ဖန်ကျင်းသည် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ပင်စည်ကို ကျောမှီကာ ခေတ္တအိပ်စက်လိုက်သည်။

ချက်ချင်းပင် မှေးခနဲ အိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

အိပ်ရာမှ ဖျတ်ခနဲ နိုးလာသည့်အခါ မွန်းလွဲပိုင်းသို့ ရောက်နေပြီဖြစ်ကြောင်း သိရသည်။

သမားတော်ကြီးရှုယင်ကို ရှာဖွေရဦးမည် မဟုတ်ပါလား။

သူသည် ခရီးဆက်ရန် ပြင်ဆင်တော့သည်။

ညနေစောင်းအချိန်တွင် မြို့ငယ်လေးတစ်မြို့သို့ ဖန်ကျင်းရောက်ရှိသွားသည်။

လမ်းခရီးတလျှောက် သမားတော်ကြီးရှုယင်၏သတင်းကို စုံစမ်းမေးမြန်းလာခဲ့သည်။

သို့သော်...

သမားတော်ကြီးရှုယင်နှင့် ပတ်သက်၍ မည်သူကမျှ ရေရေရာရာ ပြောပြနိုင်ခြင်း မရှိခဲ့ပေ။

ဖန်ကျင်း စိတ်ဓာတ်ကျခဲ့ရသည်။

မြို့ငယ်လေးတစ်မြို့ ရောက်သည့်အခါ တည်းခိုခန်း၌ တစ်ညအနားယူအိပ်စက်ရန် ဝင်ရောက်အနားယူလေသည်။

သမားတော်ရှုယင်၏အကြောင်းကို မေးမြန်းစုံစမ်းပြန်သည်။



သို့သော်လည်း အချည်းနှီးဖြစ်ခဲ့ရသည်။

ဘာမျှ မသိရပေ။

ဖန်ကျင်းမှာ လက်မှိုင်ချရတော့မလို ဖြစ်နေခဲ့ရတော့သည်။

နောက်တစ်နေ့တွင် တည်းခိုခန်းနှင့် မနီးမဝေးနေရာ၌ ရေကန်တစ်ကန်ရှိနေသည်ကို လှမ်းမြင်လိုက်ရသည်။

ရေကန်၏ရှုခင်းကား လွန်စွာသာယာလှသည်။

ရေကန်၏တစ်ဘက်တွင် သစ်တောကြီး ရှိနေသည်။

ဖန်ကျင်းသည် သမားတော်ရှုယင်၏သတင်းကို စုံစမ်းရသဖြင့် စိတ်နောက်ကျိနေရာ ရေကန်ထဲ လှေစီးထွက်ရန် စိတ်ကူးရလာသည်။

ရေကန်၏အလှကိုကြည့်ရှုယင်း စိတ်အပန်းဖြေရန် ဖန်ကျင်းဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ဆိုင်လှလင်ကို လှမ်းခေါ်ကာ လှေငှားရနိုင်မရနိုင်မေးမြန်းကြည့်သည်။

ဆိုင်လှလင်က ဧည့်သည်များ လှည့်ပတ်ကြည့်ရှုနိုင်ရန်ကမ်းစပ်၌ လှေတစ်စီး စီစဉ်ထားကြောင်း ပြောလိုက်လေသည်။

ထို့ကြောင့် သူသည် ဆိုင်လှလင်အား ငွေတစ်ဆယ်သားကိုပေးလိုက်ပြီး...

"ကဲ..ရော့ စားသောက်စရိတ်အပြင် လှေခပါယူလိုက်၊ ပိုတာ မင်းယူလိုက်"

ဆိုင်လှလ်သည် ဝမ်းသာအားရပင် အထပ်ထပ်အခါခါ

ဦးညွှတ်လေသည်။

ထို့နောက် ကန်စပ်သို့ခေါ်ကာ လှေငယ်ကို ပြသည်။

ဖန်ကျင်းလည်း လှော်တက်ကိုယူကာ ကန်အလယ်သို့ လှေကို လှော်ခတ်သွားသည်။

တည်းခိုဆောင်၌ ကြည့်ခဲ့စဉ်က ရေကန်သည် သိပ်မကြီးလှ ဟု ဖန်ကျင်းထင်မိသည်။

ယခု...

တကယ်လှော်ခတ်လာသည့်အခါတွင်ကား ရေကန်ကြီးသည် လွန်စွာကျယ်ဝန်းလှကြောင်း တွေ့မြင်သိရှိရလေတော့သည်။

ကန်လယ်သို့ ရောက်သည့်အခါ ကန်သည် ရှည်ရှည်မျော မျော တည်ရှိနေကြောင်း တွေ့ရ၏။

အတန်ကြာ လှော်ခတ်လာခဲ့ရာ ကန်၏ညာဘက်ခြမ်း၌ ဝါးတောကြီးတစ်တောကို မြင်တွေ့ရသည်။

ဝါးရွက်ကလေးများ လှုပ်ယမ်းယိမ်းခါသွားကြသည်။

သစ်ရွက်ချင်းထိခတ်သံက ငြိမ့်ညောင်းသာယာ ဂီတသံနှယ် စိတ်နှလုံးကို ချမ်းမြေ့ကြည်လင်သွားစေလေသည်။

သမားတော်ရှုယင်ကို စုံစမ်းရှာဖွေမတွေ့ရသေးသဖြင့် စိတ်ညစ်နေသော ဖန်ကျင်းသည် တဒင်္ဂမျှ စိတ်ညစ်ပြေသွားလေသည်။

ဖန်ကျင်းသည် လှေကလေးကို ဝါးတောကလေးရှိရာဘက်သို့လှော်ခတ်သွားသည်။



ထို့နောက် ကမ်းပေါ်တက်ကာ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်၏။

ထိုနေရာ၌ လူသူနေထိုင်ခြင်း မရှိပေ။

တစ်နေရာ၌ ရေတံခွန်တစ်ခုကို တွေ့ရသည်။

တောင်ပေါ်မှကျဆင်းလာသောရေသည် တဝေါဝေါဖြင့် ကန်အတွင်းသို့ စီးဝင်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ရေတံခွန်မှ ဖြာထွက်လွင့်စဉ်လာသော ရေမှုန်များသည် နေရောင်ထိတွေ့ဖြတ်သန်းမှုကြောင့် ရောင်စဉ်တန်းကလေးများ ဖြစ်ပေါ်လျက်ရှိ၏။

ကြည်နူးစဖွယ် သာယာလှပသော မြင်ကွင်းများပင် ဖြစ်လေသည်။

ဖန်ကျင်းသည် ရှုမငြီးနိုင်ဖွယ်အလှကို ငေးမောနေခိုက် လူရိပ်တစ်ရိပ်ကို မမျှော်လင့်ဘဲ ဖျတ်ခနဲ မြင်တွေ့လိုက်၏။

ရန်သူလော၊ မိတ်ဆွေလော ဖန်ကျင်း မသိချေ။

ထိုလူရိပ်မှာ တောင်ထိပ်မှနေ၍ နွယ်ကြိုးတစ်ခုဖြင့် ခုန်ကျော်ဖြတ်သန်းသွားသည့် ယောဂီရောက်ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမသည် လှစ်ခနဲ ခုန်ကူးယင်း ရေကန်စပ်သို့ ရောက်ရှိသွားသည်။

ဤသို့သော လူသူကင်းမဲ့သည့်နေရာ၌ အဆိုပါ မိန်းကလေးကို မြင်တွေ့လိုက်ရသဖြင့် ဖန်ကျင်း အံ့အားသင့်သွားသည်။

စိတ်ဝင်တစားလည်း ဖြစ်မိသည်။

ထို့ကြောင့် အဆိုပါ မိန်းကလေးအား တစ်နေရာမှနေ၍ တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေမိတော့သည်။

♠ ♠ ♠

ဖန်ကျင်းသည် ထိုမိန်းကလေးအား ငေးမောကြည့်နေမိသည်။

ဖန်ကျင်းရှိနေသည့်နေရာနှင့် ကန်စပ်မှာ သိပ်ကွာဝေးမှု မရှိချေ။

သို့ဖြစ်ရာ ကန်စပ်၌ရပ်နေသော မိန်းကလေးကို အထင်အရှားပင် တွေ့ရ၏။

နတ်မိမယ်တမျှ ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ဖန်ကျင်း မြင်တွေ့လိုက်ရလေသည်။

မိန်းကလေးကို ကြည့်ရသည်မှာ ပေတစ်ရာခန့်ကျယ်သော ကန်၏တစ်ဘက်ကမ်းသို့ ဖြတ်ကျော်မည့်ပုံရသည်။

သို့သော် ကမ်းစပ်၌ လှေမရှိချေ။

ဖန်ကျင်း၏လှေက ရှေ့တစ်ကွေ့ ကမ်းစပ်ချုံကြား၌ ထိုးထားခဲ့သည်။

သို့ဖြစ်ရာ မိန်းကလေးအနေဖြင့် ပေတစ်ရာကျယ်သော ကန်ရေပြင်ကို မည်သို့ဖြတ်ကျော်သွားမည်နည်း။



ဖန်ကျင်းက စိတ်ဝင်စားသဖြင့် အသာအယာပင် ချောင်းမြောင်းကြည့်ရှုနေခဲ့လေသည်။

မိန်းကလေးသည် ကမ်းစပ်အနီး၌ရှိနေသော ဝါးပင်များအနက် လေးပင်ခန့်ကို ချိုးဖြတ်လိုက်၏။

ထို့နောက် ကမ်းစပ်သို့ ပြန်လှည့်ကာ ဝါးလုံးတစ်လုံး ရေကန်ထဲလှမ်းပစ်လိုက်သည်။

တဆက်တည်းမှာပင် သူမသည် ကိုယ်ဖော့ပညာဖြင့် ရေထဲကျနေသည့် ဝါးလုံးဆီ ခုန်ကူးလိုက်၏။

ဝါးလုံးပေါ် ခြေချမိသည်နှင့် နောက်ထပ်တစ်လုံးကို လှမ်းပစ်ပြီး ခုန်ကူးလိုက်ပြန်သည်။

ယင်းသို့ဖြင့် ဝါးလုံးကို သုံးလေကြိမ်မျှပစ်ပြီး ခုန်ကူးလိုက်ရာ ကန်တစ်ဘက်ကမ်းသို့ ရောက်သွားလေတော့သည်။

ယင်းသို့ ကိုယ်ဖော့ပညာကောင်းသူသည် သိုင်းလောက၌ သမားတော်ရှုယင်တစ်ဦးသာ ရှိ၏။

သို့ဖြစ်ရာ အဆိုပါ မိန်းကလေးသည် သမားတော်ရှုယင်နှင့် တစ်နည်းနည်းနှင့် ဆက်နွယ်ပတ်သက်နေနိုင်သည်ဟု ဖန်ကျင်း တွေးမိလေသည်။

ဖန်ကျင်းသည် မိန်းကလေး၏နောက်သို့ ခြေရာခံလိုက်ကြည့်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠

ဖန်ကျင်းသည် မိန်းကလေးတက်ရောက်သွားသည့် တစ်ဘက်ကမ်းသို့ လိုက်၏။

မိန်းကလေးကို မျက်ခြည်ပြတ်သွားမည်စိုးသဖြင့် ခပ်လောလောပင် လိုက်သည်။

သို့သော် တစ်ဘက်ကမ်းသို့ ရောက်သည့်အခါ မိန်းကလေးကိုမတွေ့ရတော့ချေ။

ဖန်ကျင်းသည် အပြေးတပိုင်းဖြင့် ရှေ့သို့ခပ်သုတ်သုတ်လျှောက်သွား၏။

အတန်ကြာ လျှောက်မိသော် လမ်းကွေ့လမ်းကောက်များ ပိတ်ဆီးနေသည်ကို တွေ့မြင်ရသည်။

ထိုလမ်းကွေ့လမ်းကောက်တစ်နေရာ၌ မိန်းကလေးကို မီနိုင်မည်ဟု ဖန်ကျင်းတွေးမိသည်။

ထို့ကြောင့် ခပ်သွက်သွက်ပြေးသွား၏။

ကွေ့တစ်နေရာကို ဖြတ်ကျော်စဉ် ထိုကွေ့၌ရပ်နေသော မိန်းကလေးနှင့် ပက်ပင်းတိုးမိတော့သည်။

လူချင်းပင် တိုက်မိတော့မလို ဖြစ်သွားလေသည်။

ဖန်ကျင်း မနည်း ကိုယ်ရှိန်သတ်လိုက်ရ၏။

မိန်းကလေးသည် ဖန်ကျင်းကို သရော်သလို စိုက်ကြည့်လိုက်၏။

"ဟင်း..အရှက်မရှိတဲ့လူ ဟိုဘက်ကမ်းမှာကတည်းက ခိုးကြည့်နေတာကို မသိဘူးထင်လို့လား၊ ကျွန်မ ဘယ်သူလဲဆိုတာကို



ရှင်သိလား၊ မှတ်ထား ကျွန်မနာမည်က မိုးစွေ့ငှက်တဲ့"

မိုးစွေ့ငှက်အမည်ရှိ မိန်းကလေးက ခက်ထန်တင်းမာသော လေသံဖြင့် ခြိမ်းခြောက်စကားပြော၏။

ဖန်ကျင်းက ရှင်းပြရန် ဟန်ပြင်လိုက်သည်။

သို့သော် မည်သို့မည်ပုံ ရှင်းပြရမှန်းမသိသဖြင့် နှုတ်ဆွံ့နေမိလေသည်။

မိုးစွေ့ငှက် မိန်းကလေးကား ပြောယင်း ဒေါသထွက်လာပုံရသည်။

"ရှင် ဒီလောက်သောင်းကျန်းလှတာ မှတ်လောက်အောင်ဆုံးမရမယ် ကဲ"

ပြောပြောဆိုဆို မိုးစွေ့ငှက်က ဖန်ကျင်းကို စတင်တိုက်ခိုက်လိုက်သည်။

ရုတ်တရက် တိုက်ခိုက်လိုက်သဖြင့် ဖန်ကျင်းမှာ မရှောင်သာမတိမ်းသာ ဖြစ်သွားရသည်။

လက်ဝါးဖြင့် ကမန်းကတန်း ပြန်လည်ခုခံလိုက်ရလေသည်။

"ဝုန်း"

အသံတစ်ချက် ထွက်ပေါ်လာသည်။

လက်ဝါးချင်း ထိသွားသည့်တိုင် မိန်းကလေးမှာ နေရာမှ မရွေ့လျားဘဲ ရှိနေ၏။

ဖန်ကျင်းမှာမူကား ခြေလှမ်းနှစ်လှမ်းမျှ ယိမ်းယိုင်လွင့်စဉ်သွားသည်။

ပခုံးစွန်း၌လည်း နာကျင်သောဝေဒနာကို စစ်ခနဲ ခံစားလိုက်ရလေသည်။

သူသည် ယခုအချိန်တိုင်အောင် မည်သို့ရှင်းပြရမည် မသိသေးဘဲ ဖြစ်နေသည်။

သို့သော် မိုးစွေငှက်က ထပ်မံတိုက်ခိုက်မည်ကို စိုးရိမ်မိသဖြင့်...

"နေပါဦးဗျ၊ ကျုပ် ရှင်းပြပါရစေဦး"

ဟု လှမ်းတားလိုက်၏။

မိုးစွေငှက်က မဲ့ပြုံးပြုံးလိုက်သည်။

"ပြောပါ ကျွန်မရဲ့လက်ဝါးမှာ မရဏာအဆိပ်အပ်ပါသွားတယ်၊ ရှင် မသေခင်ပြောခဲ့စမ်းပါ"

မိုးစွေငှက်၏စကားကြောင့် ဖန်ကျင်း ထိတ်လန့်တုန်လှုပ်သွားသည်။

သို့သော် သေရမည်ထက် မိန်းကလေး၏ အထင်အမြင်လွဲမှားမှုကို ပို၍စိုးရိမ်မိခြင်းသာ ဖြစ်ပေတော့သည်။

ထို့ကြောင့် တတ်နိုင်သမျှ ရှင်းပြရန် ဆုံးဖြတ်လိုက်၏။

ဖန်ကျင်းက...

"ကျုပ်က ဟာန်စန်းတောင်က သိုင်းထိပ်ခေါင်မာယွင်ရဲ့ တပည့်ပါ ကိုယ့်ဆရာ အရှက်တကွဲနဲ့သိက္ခာကျရမယ့်ကိစ္စမျိုး ကျုပ် ဘယ်တော့မှ မလုပ်ပါဘူး"

မိုးစွေငှက် မိန်းကလေးသည် မျက်မှောင်ကြုတ်ယင်း



ဖန်ကျင်းကို စိုက်ကြည့်လိုက်သည်။

"ရှင်ဟာ အဆင့်မြင့်သိုင်းဆရာကြီးရဲ့ တပည့်တစ်ယောက်ဖြစ်နေရက်နဲ့ မိန်းကလေးတစ်ယောက်ရဲ့နောက်ကို ခိုးကြောင်ခိုးဝှက်လိုက်လာတာဟာ ဘာသဘောလဲ"

ထိုစဉ် ဖန်ကျင်း၏ပခုံးတစ်နေရာ၌ အေးစိမ့်သော ဝေဒနာတစ်ရပ်ကို ရုတ်တရက် ခံစားလာရသည်။

အေးစိမ့်သောဝေဒနာသည် ပျောက်ကွယ်သွားခြင်းမရှိဘဲ တဖြည်းဖြည်း တိုးလာသည်။

မိုးစွေငှက်၏ မရဏာအဆိပ်အပ်မှ အဆိပ်များ စတင်ပျံ့နှံ့နေပြီဖြစ်ကြောင်း ဖန်ကျင်း နားလည်သိရှိလိုက်လေသည်။

ထို့ကြောင့် မိမိမသေမီ အကြောင်းစုံ ရှင်းပြရန် ကြိုးစားရတော့သည်။

"ကျုပ်က ကျုပ်ဆရာရဲ့စေခိုင်းချက်အရ မိုးစွေတောင်ကြားက ဆရာမကြီးယုဝါးဆီ ရောက်သွားခဲ့ပါတယ်၊ အဲဒီဆရာမကြီးက တစ်ခါ ကျုပ်ကို တာဝန်တစ်ခုပေးလိုက်ပြန်တယ်၊ အဲဒီတာဝန်ကတော့ သမားတော်ကြီးရှုယင်ဆီသွားပြီး ရွှေပိုးမျှင်အင်္ကျီကို ပြန်တောင်းဖို့ပါ၊ ဒါပေမယ့် သမားတော်ကြီးကို ကျုပ် ဘယ်လိုမှစုံစမ်းရှာဖွေလို့မရခဲ့ဘူး၊ ဒါနဲ့ ရေကန်ကြီးဘက် ရှမျှော်ခင်းတွေ ထွက်ကြည့်တုန်း ခင်ဗျားကို အမှတ်မထင်တွေ့လိုက်ရတယ်၊ သမားတော်ကြီးဟာ ကိုယ်ဖော့ပညာ သိပ်ကောင်းတယ်လို့ သိရပါတယ်၊ ဒါကြောင့် ခင်ဗျားရဲ့ကိုယ်ဖော့ပညာကို တွေ့လိုက်ရတဲ့အခါ ခင်ဗျားနဲ့သမား

တော်ကြီးဟာ တစ်နည်းနည်းနဲ့ ဆက်နွယ်မှုရှိမယ်လို့ ကျုပ်တွေးလိုက်မိတယ်၊ ဒီလိုတွေးမိပြီး ခင်ဗျားနောက်ကို လိုက်လာခဲ့တာပါဗျာ"

ဖန်ကျင်းသည် မရပ်မနား တောက်လျှောက်ပင် ပြောချလိုက်၏။

ဖန်ကျင်း၏စကားကို ကြားလိုက်ရသောအခါ မိုးစွေငှက်မှာ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"ဖြစ်မှဖြစ်ရလေရှင်၊ ကျွန်မက သမားတော်ကြီးရှယင်ရဲ့ သမီးလုအော်ပါ"

"ဗျာ"

ဖန်ကျင်းသည် ပါးစပ်အဟောင်းသားဖြင့် မိုးစွေငှက်(ဝါ) လုအော်ကို ငေးစိုက်ကြည့်နေမိတော့သည်။

"ရှာရတုန်းက နေရာအနှံ့ ဖတ်ဖတ်ကိုမောရော၊ တွေ့မယ့်တွေ့တော့လည်း ဘယ်လိုမှ မထင်မှတ်ပါပဲလား"

ဖန်ကျင်း၏စိတ်ထဲမှ တွေးတောရေရွတ်မိခြင်းပင် ဖြစ်သည်။

ထိုစဉ်...

မိုးစွေငှက်လုအော်သည် ဖန်ကျင်း၏အနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာသည်။

ဖန်ကျင်း၏မျက်နှာကို သေချာစွာ စူးစိုက်အကဲခတ်ကြည့်ရှုလိုက်လေသည်။

ထိုအခါမှ ဖန်ကျင်းသည် ရုပ်ရည်ချောမောခန့်ညား၍



ယောကျ်ားကောင်းပီသသူတစ်ဦးဖြစ်ကြောင်း တွေ့မြင်လိုက်ရ၏။

မိုးစွေငှက်လုအော်သည် တောအတွင်း၌သာ အနေများသူဖြစ်၍ ဖန်ကျင်းကဲ့သို့ ရုပ်ရည်ချောမောခန့်ညားသူကို တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ရဖူးခြင်းမရှိခဲ့ပေ။

ထို့ကြောင့် သူမသည် ဖန်ကျင်း၏ရုပ်ရည်ကို အနီးကပ်မြင်တွေ့လိုက်ရသည့်အခါ ရင်ထဲ၌ ဘာရယ်မသိ လှုပ်ရှားသွားရလေသည်။

အမျိုးအမည် ခွဲခြားမသိနိုင်သော ဝေဒနာတစ်ရပ်က သူမရင်ထဲ၌ ကိန်းဝပ်ခိုအောင်းလာလေတော့သည်။

♠ ♠ ♠

ဖန်ကျင်းသည် လုအော်ကို ငေးကြည့်နေမိသည်။

လုအော်ကလည်း ဖန်ကျင်းကို ပြန်လည်ငေးစိုက်ကြည့်နေမိသည်။

အတန်ကြာသော် လုအော်သည် တစ်စုံတစ်ရာကို ဖြတ်ခနဲ သတိရသွားသည်။

စိုးရိမ်ထိတ်လန့်မှုကြောင့် မျက်စိမျက်နှာ ပျက်သွားလေသည်။

ရုတ်ခြည်းဆိုသလိုပင် ဖန်ကျင်း၏ အရေးကြီးသော သွေးကြောသုံးနေရာကို လှမ်းပိတ်လိုက်တော့သည်။

လုံးဝမထင်မှတ်ဘဲ အကြောလှမ်းပိတ်လိုက်သဖြင့် ဖန်ကျင်းမှာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

စောစောကလည်း မရဏအဆိပ်အပ်ဖြင့် တိုက်ခိုက်ခဲ့သည်။

ယခုလည်း သွေးကြော လှမ်းပိတ်လိုက်ပြန်သည်။

ဖန်ကျင်းမှာ လုအော်ကို မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်သွားရလေတော့သည်။

ဖန်ကျင်းသည် စိတ်ရှုပ်သွားကာ လုအော်ကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသည်။

လုအော်၏မျက်နှာသည် စောစောကကဲ့သို့ မဟုတ်ဘဲ သိသိသာသာ ပြောင်းလဲလျှက်ရှိသည်ကို ဖန်ကျင်း သတိပြုလိုက်မိသည်။



လုအော်၏မျက်နှာသည် စိုးရိမ်ထိတ်လန့်သည့်အရိပ်အရောင်များ ယှက်သန်းလျှက်ရှိသည်။

ဝမ်းနည်းခြင်း၊ နောင်တရခြင်းစသည့် ခံစားမှုများ သူမ၏မျက်နှာ၌ ထင်ဟပ်လာ၏။

ထို့ပြင်မက သူမ၏မျက်ဝန်းအိမ်၌ မျက်ရည်ဥများပင် ခိုတွယ်လာသည်။

"ဟင်..မျက်ရည်တွေကျနေပါလား၊ ဘာကြောင့်များပါလိမ့်"

ဖန်ကျင်း၏စိတ်ထဲမှ တွေးတောလိုက်မိခြင်း ဖြစ်သည်။

ဤတွင် လုအော်သည် ရစ်သိုင်းနေသော မျက်ရည်စများကို မျက်တောင်တဖျတ်ဖျတ်ခတ်ယင်း ဖယ်ရှားလိုက်ကာ....

"အစ်ကိုကြီး ကျွန်မပြောတာကို သေသေချာချာ ဂရုစိုက်ပြီး နားထောင်ပါရှင်၊ ကျွန်မက အစ်ကိုကြီးကို မကောင်းတဲ့လူဆိုးထင်ပြီး တိုက်ခိုက်ခဲ့မိပါတယ်၊ ကျွန်မကို တလွဲမထင်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

လုအော်၏လေသံက အမှန်တကယ်ပင် ဝမ်းနည်းစိတ်မကောင်းသည့်လေသံ ဖြစ်သည်။

"အခုလို ဖြစ်သွားရတာလည်း အခြေအနေက တလွဲထင်စရာဖြစ်ခဲ့ရတာကိုး၊ အစ်ကို ကျွန်မနောက်ကို နောက်ယောင်ခံပြီ ဆိုကတည်းက ကျွန်မ တမင်သက်သက် ကိုယ်ဖျောက်ပညာကို ပြခဲ့တယ်၊ ကျွန်မရဲ့ကိုယ်ဖျောက်ပညာကိုမြင်ယင် ကျွန်မ ဘယ်သူဘယ်

ဝါဆိုတာသိပြီး နောက်ဆုတ်သွားအောင်လို့ပါ"

လုအောင်က ဆက်၍ပြောလိုက်ခြင်းဖြစ်သည်။

ဖန်ကျင်းမှာ လုအောင်ပြောသမျှကို ငြိမ်သက်စွာပင် နားထောင်နေလေသည်။

လုအောင်က မသိမသာ သက်ပြင်းတစ်ချက်ချယင်း ဆက်ပြောလိုက်ပြန်သည်။

"ဒါပေမယ့် ကျွန်မနောက်ကို အစ်ကိုက ထပ်ကြပ်မကွာလိုက်လာတော့ အစ်ကို့ကို ကျွန်မ အထင်လွဲပြီး တိုက်ခိုက်လိုက်မိတယ်၊ ကျွန်မ မနိုင်မှာစိုးလို့ ကျွန်မရဲ့ မရဏအဆိပ်အပ်ကိုပါ ထည့်ပြီး တိုက်လိုက်မိတယ်၊ အဲဒီအဆိပ်အပ်မှာ အင်မတန်ပြင်းတဲ့အဆိပ်တွေပါတယ်၊ ဒါကြောင့် အဆိပ်တွေ မပျံ့အောင် အစ်ကို့ရဲ့သွေးကြောကို လှမ်းပိတ်လိုက်ရတာပါ"

လုအောင်က အခြေအနေအရပ်ရပ်ကို ရှည်လျားစွာ ရှင်းပြလိုက်သည်။

ထိုအခါမှ လုအောင် အဘယ်ကြောင့် မျက်ရည်ဝဲလာသည်ကို ဖန်ကျင်း နားလည်သိရှိလိုက်ရတော့၏။

လုအောင်က ဖန်ကျင်းကိုကြည့်ကာ...

"အစ်ကို့ကို အချိန်မီ ဆေးကုဖို့လိုတယ်၊ ဒါကြောင့် အစ်ကို့ကိုတွဲပြီး ကျွန်မအဖေဆီ ခေါ်သွားရလိမ့်မယ်"

ဟုပြောလိုက်သည်။

ဖန်ကျင်းမှာ သွေးကြောပိတ်ခံထားရသော်လည်း စကား



ပြော၍ရသည်။

လုအောင်က တွဲသွားမည်ဆိုသဖြင့် ဖန်ကျင်း အားတုံ့အားနာဖြစ်မိသည်။

ထို့ကြောင့်...

"သိပ်မဝေးဘူးဆိုယင် ကျုပ်ဘာသာ ကျုပ် သွားပါ့မယ်"

လုအောင် မျက်နှာပျက်သွားသည်။

ဖန်ကျင်းကိုယ်တိုင်သွားမည်ဆိုလျှင် သွေးကြောဖွင့်ပေးရလိမ့်မည်ဖြစ်သည်။

ထိုသို့ သွေးကြောဖွင့်ပေးလိုက်ပါက မရဏအဆိပ်အပ်မှ အဆိပ်များသည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားတော့မည်မှာ သေချာလှသည်။

သို့ဖြစ်ရာ လုအောင်အနေဖြင့် သွေးကြောဖွင့်ပေးရန် လုံးဝစိတ်မကူးရဲပေ။

လုအောင် သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အစ်ကို့ကိုတော့ သွေးကြောဖွင့်ပေးလို့ရမှာမဟုတ်ဘူး၊ ဒီတော့ အစ်ကို့အနေနဲ့ ကျွန်မကို ဘာမှအားနာမနေပါနဲ့၊ ကျွန်မအဖေဆီရောက်အောင် အစ်ကို့ကိုတွဲခေါ်သွားရပါလိမ့်မယ်"

ထိုသို့ပြောဆိုပြီးသည်နှင့် လုအောင်သည် ဖန်ကျင်းကို ဆွဲမ,ကာ သူမ ဖခင်ရှိရာသို့ ခေါ်ဆောင်သွားလေတော့သည်။

♠ ♠ ♠

ခရီးကား နီးလှသည်မဟုတ်ပေ။

အတော်ပင် သွားနေရသည်။

တစ်ယောက်တည်းသွားလျှင် ထိုခရီးကား ပြောပလောက်ဖွယ်မရှိချေ။

သို့သော် လုအော်မှာ သွေးကြောပိတ်ထားသော ဖန်ကျင်းကို တွဲခေါ်နေရသည့်အလျှောက် ခရီးမတွင်ဘဲ ဖြစ်နေသည်။

မည်သို့ဆိုစေ ဖန်ကျင်းနှင့် ယခုကဲ့သို့ ပူးကပ်ယှဉ်တွဲသွားလာရသည့်အတွက် လုအော်၏ရင်ထဲ၌ သာယာနေမိသည်။

တစ်ခါတစ်ရံ ရှက်ရွံ့သလို ခံစားလာရသည့်တိုင် ဖန်ကျင်း၏ဒဏ်ရာကို အချိန်မီ ဆေးဝါးကုသရမည်ဟူသော အသိကလွှမ်းမိုးသွားသည့်အတွက် ချိုတုံချတုံ မဖြစ်မိပေ။

တစ်ခုသာ ရှိသည်။

ဖန်ကျင်းက သူမအပေါ် အထင်အမြင်သေးသွားမည်ကို စိုးရိမ်မိခြင်းပင် ဖြစ်သည်။



သို့သော် ဖန်ကျင်းက ညီမလေးဟု ခေါ်ဝေါ်သုံးစွဲသည်ကို ကြားရသောအခါ ယင်းစိုးရိမ်စိတ်လည်း ပျက်ပြယ်လွင့်ပါးသွားရပြန်သည်။

ယင်းသို့ဖြင့် တောင်တွေးမြောက်တွေး တွေးယင်း လျှောက်လာခဲ့ကြရာ တဖြည်းဖြည်းနှင့် လမ်းကျဉ်းတစ်ခုသို့ ရောက်ရှိလာခဲ့ကြသည်။

လုအော်မှာ ကိုယ်ဖော့ပညာ အဆင့်မြင့်လှသည် ဆိုသော်လည်း ထိုလမ်းကျဉ်းကလေးသို့ ရောက်လာသည့်အခါ အတော်ပင်ဂရုစိုက်ရလေသည်။

ဖန်ကျင်းမှာ သွေးကြောပိတ်ခံထားရသောကြောင့် ကိုယ်ဖော့ပညာအသုံးပြု၍မရဘဲ ရှိသည်။

လုအော်၏ ဖေးမမှုအတိုင်း အလိုက်သင့်လိုက်ပါနေရလေသည်။

မကြာမီမှာပင် ရေစီးသံများ ကြားလာရတော့သည်။

ရေစီးသံ ထွက်ပေါ်လာရာဘက်သို့ ဆက်၍လျှောက်လာခဲ့ရာ လိုဏ်ဂူပေါက်ကြီးတစ်ခုကို ဘွားခနဲ မြင်တွေ့ရလေသည်။

လိုဏ်ဂူရှေ့၌ ရေအိုင်ကြီးတစ်ခု ရှိ၏။

ရေများသည် လိုဏ်ဂူတွင်းသို့ စီးဝင်လျက်ရှိသည်။

လုအော်သည် ရေစပ်၌ ရပ်တန့်လိုက်၏။

"ရှိုး"

လုအော်သည် လက်တစ်ဘက်ဖြင့် ဖန်ကျင်းကို ဖေးမထား

ပြီး ကျန်လက်တစ်ဘက်ဖြင့် လက်ခေါက်မှုတ် အချက်ပေးလိုက်သည်။

စူးရှသော အချက်ပေးသံသည် လိုဏ်ဂူကြောင့် ပဲ့တင်ရိုက်ခတ်သွားသည်။

ဟိုမှသည်မှ အချက်ပေးသံ ထွက်လာသည့်အလား ထင်မှတ်ရလေသည်။

အချက်ပေးသံ တိတ်သွားသည့်အခါ လိုဏ်ဂူတွင်းမှ လှေငယ်တစ်စီး လျှောခနဲ ထွက်လာလေတော့သည်။

လှေပေါ်မှာ လူငယ်တစ်ယောက် ပါလာသည်။

လူငယ်သည် လုအော်အား အခြားယောကျာ်းလေးတစ်ဦးအားတွဲလျှက် မြင်လိုက်ရသည့်အခါ အံ့အားသင့်မှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မျက်လုံးပြူးကြီးဖြင့် ငေးကြောင်စူးစိုက်ကြည့်နေမိလေသည်။

အတန်ကြာမှ လူငယ်သည် သတိပြန်ဝင်လာကာ လှေကိုကမ်းစပ်သို့ ထိုးရပ်ပေးလိုက်၏။

"မမ ပြန်လာပြီလား"

လုအော်က ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"အေး...ဒါနဲ့ မင်းမအိပ်သေးဘူးလား"

လူငယ် ခေါင်းခါယမ်းလိုက်သည်။

"ဒေါ်လေးထွက်သွားတော့ ကျွန်တော် ကင်းလှည့်စောင့်နေရတယ်လေ၊ လေချွန်သံကြားလို့ ကျွန်တော် ထွက်လာခဲ့တာပါ"



လုအော်သည် ဖန်ကျင်းကို ဖေးမကာ လှေပေါ်တက်လိုက်သည်။

ထို့နောက် လှေဝမ်းရှိ သစ်သားအကန့်တွင် ထိုင်ချလိုက်သည်။

လှေငယ်သည် လိုဏ်ဂူဘက်သို့ ပြန်၍လှော်ခတ်သွားသည်။

လိုဏ်ဂူထဲ ဝင်ရောက်မိသည့်အခါ လိုဏ်ဂူအမိုးမှ ကျောက်ပန်းဆိုင်များ အောက်သို့ သွယ်ကိုင်းကျနေသည်ကို တွေ့မြင်ရသည်။

အမိုးနိမ့်သောကြောင့် လူကို ထိခိုက်မိမည် စိုးရိမ်ရ၏။

ထို့ကြောင့် လှေပေါ်မှလူအားလုံး ကိုယ်ကို ကိုင်းညွတ်၍ခေါင်းငုံ့ထားကြရလေသည်။

မကြာမီ လှေကလေးသည် လိုဏ်ဂူ၏အခြားတစ်ဘက်သို့ရောက်ရှိသွားသည်။

ရေမှာ ဒိုးယိုပေါက် မြင်ရအောင် ကြည်လင်လှသည်ကိုတွေ့ရ၏။

ရေအောက်ရှိ ကျောက်စရစ်ခဲများမှာ အရောင်မျိုးစုံတောက်ပနေသည်ဟု ထင်မှတ်ရပေသည်။

လှေကလေးသည် ကြည်လင်သော ရေပြင်ပေါ်မှ ဆက်လက်လှော်ခတ်လာပြီး ကမ်းစပ်တွင် ထိုးရပ်လိုက်၏။

ကမ်းစပ်နှင့် မလှမ်းမကမ်း၌ သစ်တုံးများဖြင့်တည်ဆောက်ထားသည့် နှစ်ထပ်သစ်သားအိမ်တစ်ဆောင်ကို တွေ့မြင်ရလေသည်။

လေအဝှေ့၌ အိမ်ကလေးဆီမှ သစ်နံ့များ တသင်းသင်းပျံ့လွင့်လာသည်။

လုအော်သည် ကမ်းစပ်ပေါ်သို့ အလျင်ဦးစွာ တက်လိုက်သည်။

ထို့နောက် ဖန်ကျင်းကို တွဲခေါ်သည်။

ထူးခြားသာယာသော မြင်ကွင်းကြောင့် ဖန်ကျင်းမှာ ရင်သပ်ရှုမောဖြစ်လျှက်ရှိပေသည်။

လုအော်က သူ့ကိုဖေးမကာ နှစ်ထပ်သစ်သားအိမ်ကလေးဆီသို့ ခေါ်ဆောင်သွားလေသည်။

သစ်သားအိမ်၏လှေကားထစ်ပေါ်သို့ ခြေလှမ်းလှမ်းလိုက်စဉ်တွင် အခန်းတွင်းမှ အသံတစ်သံ ထွက်ပေါ်လာတော့သည်။

"ဘယ့်နှယ်လဲ လုအော် ခုနကဘယ်ကိုသွားတာလဲ၊ ပြန်လာတော့လဲ အလောတကြီးပါလား၊ ကေနွ ပြဿနာတစ်ခုခုကြုံခဲ့ပြီထင်တယ်"

အဘိုးအိုတစ်ဦး၏အသံ ဖြစ်သည်။

ပထမတွင် လုအော်သည် ခြေလှမ်းတုံ့ခနဲ ဖြစ်သွားသေးသည်။

သို့သော် ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် အပေါ်သို့ဆက်တက်သွား၏။

လှေကားထစ်ဆုံးအောင်ပင် ဆက်၍တက်သွားလေသည်။

ထို့နောက် အခန်းထဲ ဝင်ရောက်ကာ ဖန်ကျင်းကို ကုလား



ထိုင်တစ်လုံး၌ ထိုင်စေသည်။

ထိုစဉ် အတွင်းခန်းထဲမှ အဘိုးအိုတစ်ဦး ထွက်လာ၏။

လုအော်က ယောကျ်ားလေးတစ်ဦးကို အခန်းထဲ ဖေးမခေါ်လာသည့်အတွက် အဘိုးအိုမှာ မကျေမနပ်ဖြစ်သွားပုံရသည်။

မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး...

"နင် ဘယ်လိုလုပ်လာတာလဲ၊ ယောကျ်ားလေးကို တွဲခေါ်လာရသလား၊ ဒီလိုလုပ်တာ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်ရှက်ဖို့ကောင်းသလဲဆိုတာ မင်းနားမလည်ဘူးလား၊ မင်းကို ငါ ဘယ်လို သွန်သင်ဆုံးမထားလဲ"

အဘိုးအိုက မကျေမနပ်ဖြင့် တဖျစ်တောက်တောက် မြည်တွန်တောက်တီး ပြောဆိုလိုက်သည်။

လုအော်သည် ငယ်စဉ်ကတည်းက မိခင်နှင့် နေလာရသူ မဟုတ်ပေ။

ထို့ကြောင့် အဘိုးအိုသည် သမီးအပေါ် အလိုလိုက်ခဲ့သည်။

တုန်နေအောင် ယုယကြင်နာခဲ့သည်။

တစ်ကြိမ်တစ်ခါမျှ လေသံမာမာဖြင့် ဆူပူငေါက်ငမ်းခဲ့ဖူးခြင်းမရှိပေ။

ယခုတစ်ကြိမ်မှသာ အမြင်မတော်လွန်း၍ ဆူပူငေါက်ငမ်းခြင်းဖြစ်လေသည်။

အဘိုးအို၏စကားကြောင့် ဖန်ကျင်းမှာ မနေသာတော့ဘဲ ကြားမှ ဝင်ရောက်ပြောဆို ရှင်းပြရတော့သည်။

"ဆရာကြီးခင်ဗျာ ကျွန်တော်ဟာ ဆရာမာယွင်ရဲ့တပည့်ပါ။ ဆရာရဲ့စေခိုင်းချက်အရ မိုးစွေတောင်ကြားက ဆရာမကြီးယုဝါးဆီ ရောက်ခဲ့ရပါတယ်၊ ဆရာမကြီးယုဝါးက ထပ်ဆင့်တာဝန်ပေးအပ်လိုက်တာမို့ ဆရာကြီးကို အရှာထွက်ယင်း ပော့ဒီက ညီမနဲ့တွေ့ခဲ့ရတာပေါ့"

ထိုအခါ...

လုအော်က ဆက်၍ရှင်းပြလိုက်၏။

သူမသည် လူမှား၍ ဖန်ကျင်းကို တိုက်ခိုက်ခဲ့မိကြောင်း မရဏအဆိပ်အပ်ကိုပါ ထုတ်သုံးခဲ့ရာ ဖန်ကျင်း အဆိပ်မိခဲ့ကြောင်း၊ ထို့ကြောင့် အဆိပ်များ မပျံ့လွင့်စေရန် သွေးကြောပိတ်ပြီး ဖန်ကျင်းကို ဖေးမတွဲခေါ်လာရကြောင်း ရှင်းပြလိုက်သည်။

လုအော်၏စကားကို ကြားရသည်နှင့် အဘိုးအို မျက်နှာကွက်ခနဲ ပျက်သွား၏။

ထိတ်ထိတ်ပျာပျာဖြစ်ကာ...

"အို..ကြည့်စမ်း မသေကောင်းမပျောက်ကောင်းပါလားကွယ်၊ သမီးကလည်း မစူးမစမ်း အရမ်းလုပ်ရသလား"

ထိုသို့ပြောယင်း အဘိုးအိုသည် ဖန်ကျင်းကို လှမ်းကြည့်လိုက်၏။

ဖန်ကျင်၏သည်းခံနိုင်မှုကို လွန်စွာ အံ့အားသင့်သွားမိသည်။

"အင်း..လူငယ်ဆိုတာ စိတ်ဆတ်တာ သဘာဝပဲ၊ မင်းကျ



တော့ ငါ့သမီး မဆင်မခြင်တိုက်ခိုက်လာတာကို စိတ်မဆိုးတဲ့အပြင်သူ့ဘက်ကတောင် ကာကွယ်ပြောဆိုနေပါလား"

ဖန်ကျင်းက ပြုံးလိုက်သည်။

"မသိလို့ဖြစ်ခဲ့တာကို စိတ်ဆိုးယင် ထပ်ပြီးမှားရုံရှိတော့မှာပေါ့ ဆရာကြီးရယ်"

အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ဖန်ကျင်း၏ တွေးခေါ်မြော်မြင်မှုကို သဘောကျသွားသည်။

သမီးဖြစ်သူ လုအော်ဘက်သို့ လှည့်ကာ...

"ဟဲ့ သမီး အသက်ကယ်ဆေးလုံး အမြန်သွားယူခဲ့စမ်း"

ဟု လှမ်းပြောလိုက်၏။

ထိုအဘိုးအိုမှာ လုအော်၏ဖခင် သမားတော်ရှူယင်ပင်ဖြစ်သည်။

ဖခင်၏စေခိုင်းမှုကြောင့် လုအော်သည် အတွင်းခန်းထဲဝင်ရောက်သွားကာ ဆေးလုံးနှင့် ဆေးကုသရာ၌ လိုအပ်သောပစ္စည်းများကိုပါ တပါတည်း ယူဆောင်လာခဲ့လေသည်။

သမားတော်ရှူယင်သည် ဖန်ကျင်းအား တင်ပျဉ်ခွေ ထိုင်ခိုင်းလိုက်သည်။

ထို့နောက်...

"စိတ်ကိုလျှော့ချပြီး အသက်မှန်မှန်ရှူပါ၊ အတွင်းအားထုတ်ဖို့ လုံးဝစိတ်မကူးပါနဲ့၊ တစ်ကိုယ်လုံးမှာရှိတဲ့ အကြောအခြင်အားလုံးကို လျှော့ချထားပါ"

ဖန်ကျင်းသည် လုအော်ပြောသည့်အတိုင်း တစ်ကိုယ်လုံးရှိ အကြောအခြင်အားလုံးကို လျှော့ချထားလိုက်လေသည်။

ဤတွင် ရှုယင်သည် ဖန်ကျင်း၏သွေးကြောသုံးနေရာကို အပ်သုံးချောင်း စိုက်လိုက်သည်။

ထို့နောက် ရှုယင်သည် ဖန်ကျင်း၏နောက်ကျောပေါ်သို့ လက်ဝါးနှစ်ဘက်ဖြင့် ဖိကပ်ထားလိုက်လေသည်။

ယင်းသို့ ကုသနေစဉ်အခိုက်၌ ဖန်ကျင်းအနေဖြင့် ထုံခြင်း၊ နာခြင်းမရှိခဲ့ပေ။

သို့သော် သူ၏နဖူးပြင်မှမူ ချွေးများ ပြိုက်ပြိုက်ကျလာ၏။

နံဘေးမှကြည့်နေသော လုအော်လည်း ဖန်ကျင်းအတွက် စိတ်ထိခိုက်သွားသည်။

ဝမ်းနည်းသောလေသံဖြင့် လှမ်းပြောမိသည်။

"ညီမကြောင့် ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး အစ်ကိုရယ်"

ထိုစကားကြောင့် ဖန်ကျင်း၏ရင်ထဲ၌ ကြည်နူးသလို ခံစားလိုက်ရသည်။

ပြန်လည်၍ နှစ်သိမ့်စကားပြောချင်လှသော်လည်း ဆေးကုသမှု ခံယူနေရသောကြောင့် ခပ်မဆိတ်ပင် နေလိုက်ရလေသည်။

မကြာမီ ရှုယင်သည် ဖန်ကျင်း၏သွေးကြော၌ စိုက်ထားသည့် အပ်ကို ပြန်လည်နှုတ်ယူလိုက်သည်။



ထို့နောက် အဖြူရောင်ဆေးလုံးသုံးလုံးကို ဖန်ကျင်းအား တိုက်ကျွေးလိုက်၏။

ထိုအချိန်၌ ဆေးဝါးကုသပေးနေရသော ရှုယင်မှာ လွန်စွာ မောဟိုက်ပင်ပန်းနေသည်ကို တွေ့မြင်ရလေသည်။

ယင်းသို့ မောဟိုက်နွမ်းနယ်ရသည်မှာ သွေးကြောသွားရာ လမ်းနှင့် ဆန့်ကျင်၍ အတွင်းအားကို ထုတ်သုံးရသောကြောင့်ဖြစ်သည်။

သို့ရာတွင် ရှုယင်ခမျာ နဖူးမှချွေးများစို့လာသည်အထိ ပင်ပန်းမောဟိုက်စွာ ကုပေးခဲ့သည်။

ဖန်ကျင်းကား အဆိပ်အပ်ဝေဒနာမှ သက်သာပျောက်ကင်းသွားပြီဖြစ်သည်။

ပိတ်ထားသော သွေးကြောများလည်း ပြန်လည် ပွင့်သွားပြီဖြစ်ရာ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းလာလေသည်။

ထိုအခြေအနေကို မြင်လိုက်ရသည့်အခါ လုအော်သည် ဖခင်ရှိနေသည်ကိုပင် သတိမရနိုင်တော့ဘဲ ဖန်ကျင်း၏ညာဘက်လက်ကို ယုယစွာ ဆုပ်ကိုင်လိုက်မိသည်။

ဤသည်ကို မြင်လိုက်ရသောအခါ သမားတော်ရှုယင်သည် သဘောကျ ကျေနပ်ဟန်ဖြင့် ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား..သမီးလုပ်လိုက်တဲ့ပြဿနာက အန္တရာယ် ကြီးလှပေမယ့် ဖေဖေ့အဖို့ စိတ်သက်သာရာတစ်ခုတော့ ရလာခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသူငယ်က စိတ်ထားမဆိုး

သလို သိုင်းပညာကလည်း မခေလှဘူးလေ”

ဖခင်ဖြစ်သူ၏စကားကြောင့် လုအော်မှာ မျက်နှာရဲခနဲ ဖြစ်သွား၏။

ဆုပ်ကိုင်ထားသည့် ဖန်ကျင်း၏လက်ကို ရုတ်ခြည်းလွှတ်ချလိုက်ပြီး အိမ်အောက်ဘက်သို့ ကပျာကယာ ပြေးဆင်းသွားလေတော့သည်။

ထိုအချိန်၌ ဖန်ကျင်း၏မျက်လုံးများသည် မှေးလာသည်။

ကြိုးစား၍ဖွင့်သည့်တိုင် မဖွင့်နိုင်ဘဲ ရှိနေ၏။

မျက်လုံးများက ပို၍လေးလံလာသည်။

စောစောက ရှုယင်တိုက်ကျွေးခဲ့သည့် ဆေးသုံးလုံးကား အိပ်ဆေးပင်ဖြစ်သည်။

ထို့ကြောင့် ဖန်ကျင်းမှာ မည်သို့မျှ မဟန်နိုင်တော့ဘဲ တခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

♠ ♠ ♠



မည်မျှကြာအောင် အိပ်ပျော်သွားမှန်း မသိပါချေ။

သူအိပ်ရာမှနိုးလာသည့်အခါ သူ့နံဘေး၌ လုအော်ရှိနေသည်ကို တွေ့မြင်ရသည်။

လုအော်က ဆေးပန်းကန်လုံးကိုင်၍ အနားတွင် စောင့်နေခြင်းဖြစ်သည်။

“ဟော အစ်ကိုတောင် နိုးလာပြီ၊ အတော်ပဲ ဖေဖေက အစ်ကိုနိုးလာယင် ဟောဒီငှက်သိုက်အားဆေးကို တိုက်ဖို့မှာထားတယ်”

ပြောပြောဆိုဆိုဖြင့် ဆေးပန်းပန်ကို မွေ့ကာ ဖန်ကျင်းအား တစ်ဇွန်းချင်း ခပ်တိုက်လိုက်သည်။

အစစအရာရာ ဂရုတစိုက် လုပ်ကိုင်ပေးသည့်အတွက် ဖန်ကျင်းသည် လုအော်ကို အားနာသလို ဖြစ်ရလေသည်။

လုအော်ကား ယုယကြင်နာစွာပင် ဖန်ကျင်းကို ပြုစုရှာလေသည်။

“ကဲ..အစ်ကိုကြီး ဆေးသောက်ပြီးယင် ကောင်းကောင်း အိပ်လိုက်ဦးနော်”

လုအော်၏လေသံတွင် ကြင်နာမှုရောယှက်လျှက်ရှိကြောင်း ဖန်ကျင်း ခံစားလိုက်မိသည်။

သို့သော်...

ဖန်ကျင်းမှာ အိပ်ချင်စိတ်မရှိသေးချေ။

သမားတော်ရှုယင်နှင့်တွေ့ကာ လာရင်းကိစ္စကို ပြောပြချင်

သေးသည်။

ထို့ကြောင့် လုအော်ကို အသာအယာပြုံးပြကာ...

"အစ်ကို မအိပ်ချင်သေးပါဘူး၊ လောလောဆယ် ပိုပြီး အားရှိသွားအောင် ဆရာကြီးနဲ့အယင်တွေ့ချင်တယ်"

ဟုပြောလိုက်သည်။

လုအော်က ပြုံးလိုက်သည်။

"တွေ့ရမှာပေါ့ အစ်ကိုရယ်၊ ခုတော့ အိပ်လိုက်ပါဦး"

ပြောပြောဆိုဆိုဖြင့် လုအော်သည် ဖန်ကျင်း၏ အိပ်ကြောကိုလျှပ်တပြက် ထိုးပိတ်လိုက်၏။

လုအော်၏ ရုတ်တရက် လှုပ်ရှားမှုကြောင့် ဖန်ကျင်းမှာ ဘာမှမတတ်နိုင်တော့ဘဲ သွေးကြောပိတ်ခံလိုက်ရလေသည်။

တခဏအတွင်းမှာပင် မျက်ခွံများလေးလံလာပြီး အိပ်ပျော်သွားလေတော့၏။

♠ ♠ ♠

## သံယောဇဉ်

နောက်တစ်နေ့ မိုးစင်စင်လင်းမှ ဖန်ကျင်းမှာ အိပ်ရာမှနိုးလာသည်။

သူနိုးလာသောအခါ အိမ်စေလူငယ်လေးတစ်ယောက်က မျက်နှာသစ်ရေ ယူဆောင်လာပေးသည်။

ထို့နောက် ရေမိုးချိုးရန် စီစဉ်ပေးလေသည်။

ဖန်ကျင်းသည် ကိုယ်လက်သန့်စင်ပြီးသည့်နောက် အိမ်အောက်သို့ ဆင်းလိုက်၏။

အိမ်အောက်တွင် လူတစ်ယောက်မျှ မတွေ့ရဘဲရှိ၏။

ထို့နောက် ဖန်ကျင်းသည် အနီးတဝိုက် ဟိုလျှောက်သည် လျှောက်ဖြင့် ပတ်ဝန်းကျင် အခြေအနေကို ကြည့်လေသည်။

သူတို့ရှိနေသည့်နေရာမှာ ကျွန်းကလေးသဖွယ်ဖြစ်တည်နေသည်ကို တွေ့ရ၏။

သစ်ပင်ချုံနွယ် ထူထပ်သည်။

ပရဆေးပင်များ စိုက်ထားသည်ကိုလည်း တွေ့မြင်ရ၏။

ဤနေရာသည် ထူးခြားဆန်းကြယ်လှသော နေရာကလေး ဖြစ်သည်။

ကျွန်းသဖွယ် ဖြစ်နေသော နှစ်ထပ်အိမ်ရှိရာ မြေနေရာကို မြင့်မားသော ကျောက်နံရံကြီးများ ပတ်လည်ဝိုင်းနေပေသည်။

တော်ရုံတန်ရုံဖြင့် ဤနေရာကို မည်သူမျှ မြင်တွေ့နိုင်မည် မဟုတ်ပေ။

ဤနေရာသို့ ရောက်ရှိရန်မှာလည်း ကြိုးဆိုခေါ်ဆောင်မှသာ ရောက်ရှိနိုင်မည့် နေရာဖြစ်သည်။

လွန်စွာ လျှို့ဝှက်သောနေရာတစ်တစ်ခုပင် ဖြစ်လေသည်။

အကယ်၍ လုအော်နှင့် တွေ့ဆုံမိခြင်းမရှိပါက ဖန်ကျင်းမှာ ဤနေရာသို့ ရောက်ရှိလာနိုင်မည် မဟုတ်ကြောင်း တွေးတောမိလေသည်။

သူသည် ဟိုဟိုသည်သည် ငေးမောကြည့်ရှုယင်း အိမ်ကလေးဆီသို့ ပြန်လာခဲ့သည်။

အိမ်အပေါ်ထပ် ဧည့်ခန်းဆောင်ထဲရောက်သည့်အခါ



ရှုယင်က သူ့အားအသင့်စောင့်ကြိုနေသည်ကို တွေ့ရလေသည်။

"ဘယ့်နှယ်လဲကွယ့် အတော်နှံ့နှံ့စပ်စပ် လျှောက်လည်ခဲ့ရဲ့လား"

ဖန်ကျင်းက ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ဟိုနားသည်နား လျှောက်လည်လိုက်တာနဲ့ အကုန်နှံ့သွားပါတယ်"

သမားတော်ရှုယင်းက ပြုံးလိုက်သည်။

"အင်း...ဒီနေရာဟာ ငါဆေးဖော်စမ်းသပ်တဲ့နေရာ ဆိုတော့ လျှို့ဝှက်သိပ်သည်းဖို့ လိုတယ်လေ၊ ဒါကြောင့် ဓာတ်မြုပ်နေရတဲ့ သဘောပါပဲ"

ထိုစဉ်...

ဖန်ကျင်းသည် လာရင်းကိစ္စကို သတိရလာသဖြင့် အကျိုးအကြောင်း ပြောပြလိုက်သည်။

ဆရာမကြီးယုဝါးနပြောဆိုမှာကြားလိုက်သည့် စကားဝှက်ကိုလည်းပြောပြလိုက်သည်။

သမားတော်ရှုယင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ ယုဝါးဟာ သူ့ရဲ့ရွှေပိုးမျှင်အကျီကို အပ်ထားခဲ့စဉ်ကတည်းက တစ်ချိန်မှာ ပြန်လာယူမယ်လို့ မှာခဲ့ပါတယ်၊ မင်းပြောခဲ့တဲ့ စကားဝှက်ကိုလည်း သူပဲပြောခဲ့တာပါ"

ထိုသို့ ပြောဆိုပြီးနောက် ရှုယင်သည် အိမ်တွင်းမှ အိမ်စေ

တစ်ဦးကို လှမ်းခေါ်လိုက်သည်။

ထို့နောက် နံနက်စာ ပြင်ဆင်ထားရန် မှာကြားလိုက်၏။

ပြီးလျှင် ဖန်ကျင်းဘက်လှည့်ကာ...

"ရွှေပိုးမျှင်အင်္ကျီ ပြန်တောင်းတယ်ဆိုတော့ သိုင်းလောကမှာ အခြေအနေ ရှုပ်ထွေးနေပုံရတယ်"

ဟုမေးလိုက်လေသည်။

ဖန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ရွှေချိုးအမြုတေနဲ့ ပတ်သက်ပြီး သိုင်းလောကမှာ သွေးထွက်သံယို ဖြစ်နေရပါပြီဗျာ"

ယင်းသို့ အစချီကာ ရွှေချိုးအမြုတေအကြောင်းပြု၍ ချင်းမီနှင့်တကွ သူ၏ဂိုဏ်းတူညီနောင်များ အသက်ဆုံးရှုံးရပုံများကိုဖန်ကျင်းက ပြန်လည်ပြောပြလိုက်လေသည်။

သမားတော်ရှုယင်၏ မျက်နှာသည် ရုတ်ခြည်းပင် စိတ်မကောင်းဖြစ်လာဟန်ဖြင့် ညှိုးရော်သွားသည်။

သက်ပြင်းယှဲ့ယှဲ့ ချလိုက်ပြီး...

"အင်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါလည်း သိုင်းလောကထဲ ပြန်ဝင်ရတော့မယ် ထင်ပါရဲ့"

ဟုရေရွတ်လိုက်၏။

"ဟုတ်ပါတယ် ဆရာကြီး၊ ရွှေချိုးအမြုတေကိုပြန်ရဖို့အတွက် ဆရာကြီးကိုယ်တိုင် ဝင်မှဖြစ်နိုင်မှာပါ"

ဖန်ကျင်းက အားတက်သရော လှမ်းပြောလိုက်သည်။



သို့သော် ရှုယင်မှာ စိတ်မသက်မသာဟန်ဖြင့် ခေါင်းခါသည်။

"လောလောဆယ်တော့ မဖြစ်နိုင်သေးဘူးကွယ်၊ ခုလောလောဆယ် အဆိပ်လက်ဝါးငါးမျိုးကို ခုခံကာကွယ်နိုင်တဲ့ ဆေးတစ်မျိုးကို ငါဖော်စပ်နေတယ်၊ ဒီဆေးတွေကို စိတ်ချလက်ချသုံးနိုင်အောင် ဖော်စပ်ဖို့အတွက် နောက်ထပ်အနည်းဆုံး ရက်သုံးဆယ်လောက် ကြာလိမ့်မယ်၊ အဲဒီအခါမှပဲ မင်းနဲ့ငါ ရွှေချိုးအမြုတေကို ပြန်ရအောင် ကြိုးစားကြတာပေါ့"

ဖန်ကျင်း ငိုင်တွေသွားသည်

နောက်ထပ် ရက်သုံးဆယ်ကျော်ဆိုလျှင် လမုန့်ရာသီ ကျော်လွန်သွားပေမည်။

လမုန့်ရာသီညတွင် လေလွင့်သိုင်းသမားကြီးကျောက်ဖေးနှင့် မိဿလေးဖော်တို့ရှိရာနေရာတွင် ချိန်းဆိုထားသည်။

အကယ်၍ မိမိသာရောက်ရှိမသွားပါက ကျောက်ဖေးသည် စိတ်ဆိုးမာန်ဆိုးဖြစ်ကာ သူတစ်ယောက်တည်းဖြင့် မိဿလေးဖော်အားသွားရောက်ရင်ဆိုင်ရမည်ကို စိုးရိမ်ရသည်။

သူ တစ်ယောက်တည်း သွားရောက်ရင်ဆိုင်ပါက မည်သည့်နည်းနှင့်မျှ အနိုင်ရမည် မဟုတ်ကြောင်း ဖန်ကျင်း နားလည်ထားသည်။

ထို့ကြောင့် လမုန့်ရာသီတွင် လေလွင့်သိုင်းသမားကြီးနှင့် မဖြစ်မနေတွေ့ဆုံနိုင်ရန် လိုအပ်ကြောင်း ဖန်ကျင်း မှတ်ယူထား

သည်။ သို့ဖြစ်ရာ မည်သည့်နည်းနှင့်မဆို လေလွင့်သိုင်းသမားကြီးနှင့်တွေ့ဆုံရန် သွားရောက်ရမည်ဟု ဖန်ကျင်း ဆုံးဖြတ်လိုက်လေသည်။

ဖန်ကျင်းက...

"သမားတော်ကြီးခင်ဗျာ ကျွန်တော့်အနေနဲ့ကတော့ လေလွင့်သိုင်းသမားကြီး ကျောက်ဖေးနဲ့တွေ့ဆုံဖို့ ချိန်းထားတာရှိပါတယ်၊ အဲဒါ အမီသွားရပါလိမ့်မယ်"

ဟု ခွင့်ပန်လိုက်၏။

တနည်းအားဖြင့် သမားတော်ကြီးအား စောင့်ဆိုင်းချိန်မရဟု သွယ်ဝိုက်ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းအနေနဲ့ အရေးတကြီးကိစ္စရှိတယ်ဆိုယင်တော့ ကြိုပြီးသွားချင်သွားနိုင်ပါတယ်၊ ငါလည်း ကိစ္စပြီးတာနဲ့ မင်းတို့နောက်ကို ချက်ချင်းလိုက်ခဲ့ပါ့မယ်"

ထိုသို့ပြောပြီးသည်နှင့် သမားတော်ကြီးသည် ဖန်ကျင်းအား ရွှေပိုးမျှင်အကျီကို ထုတ်ယူပေးလိုက်သည်။

"မင်းကို တစ်ခုတော့ ကြိုပြီးမှာထားချင်တယ်၊ မြွေနက်မလင်ရှီကိုတွေ့ယင် ကျပ်ကျပ်သတိထား ကြားလား"

ဖန်ကျင်း မျက်မှောင်ကြုတ်လိုက်သည်။

ဆရာမကြီးယုဝါးကလည်း မြွေနက်မလင်ရှီကိုတွေ့လျှင် သတိထားဟု မှာကြားထား၏။



အဘယ်ကြောင့်ပါနည်း။

မြွေနက်မအား အဘယ်ကြောင့် အရေးတယူ ဂရုစိုက်ရန် မှာကြားသတိပေးနေကြရပါသနည်း။

ဖန်ကျင်းမှာ မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်မိ၏။

သို့သော် မေးလည်းမမေးဝံ့ပေ။

ခေါင်းညိတ်၍သာ နာခံလိုက်ရပေသည်။

♠ ♠ ♠

ဖန်ကျင်းသည် သမားတော်ရှုယင်၏အိမ်မှအလျင်စလို ထွက်ခွာသွားလိုသော ဆန္ဒမရှိပေ။

သို့သော် ကျောက်ဖေးနှင့် လွဲသွားမည်ကို စိုးရိမ်မိလေသည်။

ထို့ကြောင့် သမားတော်ရှုယင်အိမ်မှ မခွာလိုသေးသော်လည်း ကျောက်ဖေးနှင့် အချိန်မီ တွေ့ဆုံနိုင်ရန် ဖွတ်မိုတ်၍ထွက်ခွာရန် ဆုံးဖြတ်လိုက်၏။

ဖန်ကျင်း ထွက်ခွာသွားမည်ကို လုအော်၏ရင်ထဲ၌ အလိုလို စိုးရွံ့နေမိသည်။

သူတို့နှစ်ဦး အခြေအနေကို သမားတော်ရှုယင်ကလည်း အကဲခတ်မိ၏။

သို့သော် လုအော်ကြောင့် ဖန်ကျင်းကို အနှောင့်အယှက်မဖြစ်စေချင်ပေ။

ထို့ကြောင့် သူသည် ရွှေပိုးမျှင်အင်္ကျီကို ဖန်ကျင်းအား ပေးအပ်လိုက်ပြီး အစစအရာရာ သတိထားရန် ပြောဆိုမှာကြားလိုက်ရလေသည်။

သမီးဖြစ်သူကိုလည်း ဖျောင်းဖျပြောဆိုလေသည်။

ဖန်ကျင်းသည် မိမိအား ပေးအပ်လိုက်သည့် ရွှေပိုးမျှင်အင်္ကျီကို လုအော်အား ပြန်ပေး၏။

လုအော်က အသာအယာပင် ခေါင်းခါယမ်းလိုက်သည်။

ဖန်ကျင်းအားကြည့်ကာ...



"ကျွန်မက အမြဲတမ်း ဖေဖေ့အနားမှာရှိနေတာမို့ မလိုပါဘူး၊ နောက်ပြီး ဒီရွှေပိုးမျှင်အင်္ကျီကလည်း ဆရာမကြီးယုဝါးက အစ်ကို့ကိုပေးတာပဲ၊ ဒါကြောင့် အစ်ကိုပဲဝတ်ပါ"

လုအော်က အတင်းငြင်းဆန်သဖြင့် ဖန်ကျင်းမှာ မည်သို့မျှ မတတ်နိုင်ဘဲ ရွှေပိုးမျှင်အင်္ကျီကို ဝတ်ဆင်လိုက်ရလေသည်။

ထိုစဉ် ချင်းမီပေးအပ်သွားသည့် ဓားမြှောင်ကို ဖန်ကျင်း စမ်းမိလိုက်သည်။

သူသည် ဓားမြှောင်လေးကို ထုတ်ယူလိုက်ပြီး လုအော်ကို လှမ်းပေးလိုက်သည်။

"ဒီပစ္စည်းတော့ ယူထားပါ"

ဤတစ်ကြိမ်တွင်တော့ လုအော် မငြင်းဆန်တော့ပေ။

ဖန်ကျင်း လှမ်းပေးသော ဓားမြှောင်ကိုယူလိုက်၏။

ဓားမြှောင်ကိုကြည့်လိုက်သောအခါ သာမန်ဓားမဟုတ်ကြောင်း နားလည်လိုက်၏။

ထိုစဉ် သမားတော်ရှုယင်က လူငယ်များ၏ စိတ်သဘောထားကို နားလည်အကဲခတ်မိဟန်ဖြင့် ကြားဝင်ပြောလိုက်သည်။

"ကဲ..ကဲ..ကန်ရဲ့တစ်ဘက်ကမ်းကို သမီးပဲလိုက်ပို့ပေးလိုက်ပါတော့"

သို့ဖြင့် လှေငယ်လေးတစ်စင်းဖြင့် ဖန်ကျင်းတို့ ထွက်လာခဲ့ကြ၏။

လိုဏ်ဂူကို ကျော်လွန်ပြီး ကန်၏တစ်ဘက်ကမ်းသို့ရောက်

သည့်အခါ ဖန်ကျင်းသည် ကုန်းပေါ်တက်လိုက်လေသည်။

လုအော်မှာ အားငယ်လွမ်းဆွတ်ဟန်ဖြင့် ငေးကြည့်နေမိသည်။

ဖန်ကျင်းသည်လည်း မခွဲနိုင်မခွာရက်ဖြစ်နေသည့်ကြားမှ အနိုင်နိုင် အားယူနှုတ်ဆက်ယင်း ခပ်သွက်သွက် ထွက်ခွာသွားသည်။

လုအော်သည် ဖန်ကျင်း၏ ကျောရိပ်ပျောက်ကွယ်သွားသည်အထိပင် လှေပေါ်မှ ငေးကြည့်ယင်း ကျန်ရစ်ခဲ့လေသည်။

♠ ♠ ♠



ရက်သတ္တ နှစ်ပတ်ခန့် ကြာသောအခါ…

ရှုယင်သည် လိုအပ်သော ဆေးဝါးများကို ဖော်စပ်ပြီးစီးသွား၏။

ထိုရက်သတ္တနှစ်ပတ်လုံးလုံး လုအော်ခမျာ တပိန်ပိန်တလိန်လိန်နေရရှာသည်။

ဖန်ကျင်းနောက်သို့ အလျင်အမြန်လိုက်ချင်နေ၏။

သို့သော် ဖခင်ဖြစ်သူက ဆေးဝါးဖော်စပ်နေဆဲဖြစ်၍ ဘာမှမပြောဘဲ အသာငြိမ်နေရသည်။

ရက်သတ္တနှစ်ပတ်ကြာ၍ ဆေးဝါးဖော်စပ်ပြီးသည့်အခါမှသာ လုအော်မှာ စိတ်လက်ပေါ့ပါးလန်းဆန်းသွားရသည်။

ဖန်ကျင်း၏နောက်သို့ လိုက်ရတော့မည် မဟုတ်ပါလော။

ထို့ကြောင့် လုအော်မှာ ရွှင်ပျလန်းဆန်းနေခဲ့သည်။

ဖခင်ဖြစ်သူကလည်း သမီး၏စိတ်အလိုကို သိသောကြောင့် ဆေးဝါးဖော်ပြီးလျှင်ပြီးချင်းပင် ခရီးထွက်ခဲ့လေတော့သည်။

လမ်းခရီးတလျှောက်လုံး ဖန်ကျင်းနှင့် ပတ်သက်၍မေးမြန်းစုံစမ်းလာခဲ့သည်။

သို့သော် ဘာမျှရေရေရာရာမသိဘဲ ဖြစ်နေ၏။

လုအော် စိတ်ပူစပြုလာလေသည်။

ဖခင်ဖြစ်သူက သမီးကို လမ်းတလျှောက်လုံး ဖျောင်းဖျနှစ်သိမ့်လာခဲ့ရသည်။

မြို့တစ်မြို့သို့ ရောက်သည့်အခါ သားအဖနှစ်ယောက်

သည် စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်နားယင်း ဖန်ကျင်းကို စုံစမ်းမေးမြန်းကြပြန်သည်။

"လူငယ်လေးတစ်ယောက် ဒီနေရာက ဖြတ်ကျော်သွားတာ တွေ့မိသလား၊ နောက်ပြီး လက်တစ်ဘက်ပြတ်နေတဲ့လူတစ်ဦးကို ကော တွေ့လိုက်မိသလား"

ရှုယင်က ဆိုင်လုလင်ကို လှမ်းမေးလိုက်သည်။

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ လက်တစ်ဘက်ပြတ်နေတဲ့ လေလွင့်သူတစ်ယောက်တော့ တွေ့လိုက်ပါတယ်၊ ဒီဆိုင်မှာပဲ အရက်ဝင်သောက်သွားပါတယ်၊ ဒါပေမယ့် သူ့မျက်နှာကြည့်ရတာတော့ သိပ်မရွှင်ပျလှဘူးဗျ"

"ဝတ်စုံဖြူနဲ့လူငယ်ကိုရော"

လုအော်က အလောတကြီး ကြားဖြတ်ဝင်မေးလိုက်ခြင်းဖြစ်သည်။

ဆိုင်လုလင်က အသာအယာခေါင်းခါယမ်းလိုက်သည်။

"သူ့ကိုတော့ မတွေ့မိပါဘူးခင်ဗျာ"

ဆိုင်လုလင်၏စကားကို ကြားလိုက်ရသောအခါ လုအော်မှာ စိတ်မောလူမော ဖြစ်သွားသည်။

ဖန်ကျင်းအတွက် စိုးရိမ်ပူပန်စပြုလာလေသည်။

ထို့ကြောင့် စားလက်စများပင် ဆက်မစားတော့ဘဲ ကျောက်ဖေးထွက်ခွာသွားရာဘက်သို့ မှန်းဆ၍လိုက်ကြပြန်၏။



သစ်တောအုပ်တစ်ခုအနားသို့ ရောက်ရှိသည့်အခါ သစ်တောအုပ်ထဲမှ လူတစ်ယောက် ထွက်လာ၏။

မျက်နှာမှာ ချွေးစေးများပြန်နေပြီး ဆံပင်များဖွာလန်ကျဲနေသည့် လူတစ်ယောက်ဖြစ်သည်။

လက်တစ်ဘက်လည်း မရှိပေ။

ထိုသူအား မြင်တွေ့လိုက်သည်နှင့် လေလွင့်သိုင်းသမားကြီး ကျောက်ဖေးမှန်း သိရှိလိုက်ကြသည်။

ရှုယင်က ဝမ်းသာအားရဖြင့်...

"ဟော..အတော်ပဲ ကျုပ်တို့ ခင်ဗျားကို ရှာနေတာဗျ"

ဟုပြောလိုက်သည်။

ကျောက်ဖေး မျက်မှောင်ကြုတ်သွားသည်။

ရူးစမ်းသည့်အကြည့်ဖြင့် ရှုယင်တို့သားအဖကို အကဲခတ်ကြည့်လိုက်သည်။

"ကိစ္စက.."

ရှုယင်က...

"ဖန်ကျင်းနဲ့တွေ့ပြီး အကူအညီပေးဖို့"

ထိုစကားကြောင့် ကျောက်ဖေး၏မျက်နှာ ဝင်းလက်သွားသည်။

"ဪ..ဖန်ကျင်းက ခင်ဗျားဆီရောက်သွားတာကိုး"

ရှုယင် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က သမားတော်ရှုယင်ပါပဲ"

ကျောက်ဖေးက ခေါင်းတညိတ်ညိတ် လုပ်လိုက်လေသည်။

ဖန်ကျင်းသည် သမားတော်ရှုယင်နှင့်တွေ့ဆုံမည်ဟုဆိုကာ သူနှင့်လမ်းခွဲထွက်သွား၏။

ယခုဆိုလျှင် သမားတော်ကြီးနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း ကျောက်ဖေး နားလည်လိုက်သည်။

သမားတော်ကြီးကိုယ်တိုင်က ဖန်ကျင်းကို လိုက်ရှာနေသည်ကို ထောက်ချင့်ခြင်းအားဖြင့် ဖန်ကျင်းသည် မိမိနှင့်ပြန်လည်တွေ့ဆုံရန် ထွက်ခွာလာပြီဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

သို့သော်...

မိမိနှင့်ဖန်ကျင်းမှာ ယခုထိတိုင် ပြန်လည်တွေ့ဆုံကြခြင်း မရှိသေးပေ။

သို့ဆိုလျှင် ဖန်ကျင်း မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

စဉ်းစားဖွယ် ဖြစ်လာရပေပြီ။

"အစ်ကိုဖန်ကျင်းကို မတွေ့သေးဘူးလားဟင်"

ခပ်လောလောအသံဖြင့် လုအော်က လှမ်းမေးလိုက်၏။

ကျောက်ဖေးက ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ခုထိမတွေ့သေးဘူး"

"ဟင် ဒါဆို အစ်ကိုဖန်ကျင်း ဘယ်ရောက်သွားလဲမသိဘူး။ အန္တရာယ်တစ်ခုခုနဲ့ တွေ့နေမှဖြင့်"

စိုးရိမ်တကြီးလေသံဖြင့် လုအော်က ပြော၏။



ကျောက်ဖေးက ပြုံးလိုက်သည်။

"ဟင်း...ဟင်း...ဖန်ကျင်းအတွက် စိုးရိမ်ပူပန်မယ့်လူတောင် ရှိနေပါပကောလား"

ကျောက်ဖေးက တမင်သက်သက် နောက်ပြောင်လိုက်လေသည်။

လုအော်၏မျက်နှာသည် ရှက်သွေးရဲခနဲဖြာသွားသည်။ မျက်နှာမထားတတ်အောင် ဖြစ်သွားရလေတော့သည်။

♠ ♠ ♠

ရှယင်တို့သားအဖ အနားယူစားသောက်ခဲ့သည့် စားသောက်ဆိုင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ကျောက်ဖေးမှာ ဘာမျှမစားရသေးသဖြင့် စားသောက်ဖွယ်များ မှာယူစားသောက်သည်။

ရှယင်လည်း စောစောက တစ်ပိုင်းတစ်စမျှသာ စားသောက်ခဲ့ရသဖြင့် ထပ်မံမှာကြား စားသောက်လေသည်။

လုအော်မှာ ဖန်ကျင်းအတွက် စိုးရိမ်ပူပန်နေမိသဖြင့် ဖြောင့်ဖြောင့်တန်းတန်းပင် မစားနိုင်ဘဲ ဖြစ်နေသည်။

အချိန်မှာလည်း နေရောင်ပျောက်ကွယ်သွားပြီ ဖြစ်၍ ဖန်ကျင်းကိုရှာရန် မတတ်နိုင်ကြချေ။

အဆိုပါ စားသောက်ဆိုင်၌ပင် ညအိပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

♠ ♠ ♠



## တစ်လိမ်နှစ်လိမ်

နေရောင်ခြည်သည် လောကဓာတ်တခွင်လုံးသို့ ယှက်ဖြာကျရောက်လာသည်။

ဆိုင်လုလင်က နံနက်စာ လာရောက်ပို့ဆောင်သည်။

သို့သော် လုအော်မှာ စားမဝင်နိုင်ဘဲ ဖြစ်နေ၏။

ဖန်ကျင်းကို သတိရစိတ်ဖြင့် ရင်ထဲ၌ဆို့နေ၏။

သံယောဇဉ်စိတ်ဟူသည် ဆင်းရဲပင်ပန်းကြီးစွတကား။

မစားနိုင်မသောက်နိုင်ဖြစ်နေသည့် လုအော်ကို ကြည့်ကကျောက်ဖေးပင် စိတ်မကောင်းဖြစ်သွားရသည်။

"ကဲပါ ဒီလောက်တောင် စိတ်ပူမနေပါနဲ့၊ ဖန်ကျင်းလည်း ဘာမှဖြစ်မှာမဟုတ်ပါဘူး၊ သူ့ကိုရှာဖွေဖို့ ငါတာဝန်ယူပါတယ်"

ကျောက်ဖေးကပင် ဖျောင်းဖျနှစ်သိမ့်စကား ဆိုလိုက်၏။

လုအော်က နှုတ်ခမ်းကို တင်းတင်းကိုက်ထားရာမှ...

"သူ့ကို ကျွန်မကိုယ်တိုင် တွေ့အောင်ရှာမယ်"

ဟုပြောလိုက်သည်။

စိတ်လိုက်မာန်ပါဖြင့် လုအော် ထင်ရာစိုင်းမည်စိုးကာ ကျောက်ဖေးက ပျာပျာသလဲဟန့်တားလိုက်သည်။

"အို..မင်းရှာဖို့မလိုပါဘူး သူ့ကိုရှာဖို့ ငါတာဝန်ယူတယ်လို့ ပြောထားပြီပဲ"

ဖခင်ဖြစ်သူကလည်း မနေသာတော့ဘဲ ကြားမှဝင်ရောက် ပြောဆိုရလေတော့သည်။

"ဟုတ်သားပဲ သမီးရယ်၊ တာဝန်ယူတဲ့လူက တာဝန်ယူထားပြီပဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် အလောတကြီး ဖြစ်နေရတာလဲကွယ်"

ဖခင်ဖြစ်သူရှုယင်က ကြားဝင်ပြောဆိုလာပြီဖြစ်၍ လုအော်မှာဘာမှ ပြန်မပြောသာတော့ဘဲ ငြိမ်ကျသွားလေသည်။

သူတို့သည် တစ်နေ့လုံးစားသောက်ဆိုင်၌ အနားယူကြ၏။

ညဘက်ရောက်သည့်အခါမှ သူတို့စားသောက်ဆိုင်မှ ထွက်ခွာခဲ့ကြသည်။

သူတို့သည် နေ့လယ်က နားနေကြယင်း မိစ္ဆာလေးဖော်တို့ ရှိရာကို စုံစမ်းမေးမြန်းထားကြပြီ ဖြစ်ရာ ညဘက်ရောက်မှ တိတ်တဆိတ် ထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။



မိစ္ဆာလေးဖော်မှာ လောက်စန်းအဆောက်အအုံ၌ နေထိုင်ကြသည်။

သူတို့သည် လောက်စန်းအဆောက်အအုံနား ချဉ်းကပ်လာကြသောအခါ ပက်ဝန်းကျင်တစ်ခုလုံး လှုပ်ရှားမှု ကင်းမဲ့ကာ တိတ်ဆိတ်လျှက်ရှိနေသည်ကို တွေ့ရသည်။

ကျောက်ဖေး၊ ရှုယင်နှင့်လုအော်တို့သည် အခြေအနေကို တစ်ချက်အကဲခတ်ပြီး အဆောက်အဦးခေါင်မိုးပေါ်သို့ တိတ်တဆိတ် ခုန်တက်လိုက်ကြ၏။

ထို့နောက် အခြေအနေကို တဖန် အကဲခတ်စောင့်ကြည့်ကြပြန်သည်။

ပတ်ဝန်းကျင်တဝိုက်၌ လူရိပ်လူရောင်ကို မတွေ့ရဘဲရှိသည်။

ကျောက်ဖေးက ခေါင်မိုးပေါ်မှ အုတ်ကြွပ်တစ်ချပ်ကို အသာလှပ်လိုက်သည်။

ပြီးလျှင် သူတို့သုံးယောက်သား ခေါင်းငုံ့ကြည့်လိုက်ကြသည်။

ထိုအခါ အဆောက်အအုံထဲ၌ လူများရှိနေသည်ကို လှမ်းမြင်ကြရလေသည်။

ထိုလူစုထဲတွင် အပြုံးမိစ္ဆာကို တွေ့ရသည်။

အပြုံးမိစ္ဆာနှင့်အတူ သူတို့၏ဂိုဏ်းတူညီမဖြစ်သည့် မိစ္ဆာမယ်ရှမ်းရှမ်းကိုလည်း တွေ့မြင်ရသည်။

မိစ္ဆာမယ်ရှမ်းရှမ်းထံမှ စကားပြောသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ကြရသည်။

"ဖန်ကျင်းကို လမ်းမှာတွေ့လို့ ကျွန်မဖမ်းလိုက်တယ်၊ သူ့ကို တခါတည်းသတ်ပစ်မလို့ပါပဲ၊ ဒါပေမယ့် အဲဒီအချိန်မှာ တောင်ပိုင်းနယ်က သွေးဘွားဘွားက သူ့ကိုအလိုရှိတယ်ဆိုပြီး တောင်းသွားတယ်လေ"

ယင်းသို့ပြောဆိုယင်း မိစ္ဆာမယ်ရှမ်းရှမ်းသည် ဟိုဟိုသည်သည်လှည့်ကြည့်လိုက်ပြီး...

"ဟေ့..အပြင်ဘက်က ဘယ်သူတွေလဲ"

ရှမ်းရှမ်းက ခပ်တည်တည်ဖြင့် ဟိန်းဟောက်လိုက်ရာ အပြုံးမိစ္ဆာအပါအဝင် ကျန်လူအားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

ယင်းအခိုက်မှာပင် လုအော်သည် ဖန်ကျင်း အဖမ်းခံရကြောင်းကြားလိုက်ရသဖြင့် ဒေါသ မထိန်းနိုင်တော့ဘဲ လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်လေတော့သည်။

ရှမ်းရှမ်းမှာ လူစိမ်းများရောက်နေပြီဖြစ်ကြောင်း ကြိုတင်သိရှိထားသဖြင့် လွတ်မြောက်အောင် ရှောင်တိမ်းလိုက်နိုင်သည်။

အပြုံးမိစ္ဆာသည်သာ ယောင်နနဖြစ်နေသောကြောင့် ရှောင်တိမ်းဖို့ပင် မတတ်နိုင်ဘဲဖြစ်ကာ လက်နက်ပုန်းထိမှန်ခံလိုက်ရလေသည်။

ဤတွင် သမားတော်ကြီးရှုယင်က ခက်ထန်သောလေသံ



ဖြင့် လှမ်းအော်ပြောလိုက်သည်။

"ဟေ့..မင်းတို့လို ဒုစရိုက်သမားတွေကို ငါဆုံးမခဲ့တာ နှောင်တမရကြသေးဘူးလား၊ မင်းတို့ရဲ့ အကြီးအကဲ ဘယ်ရောက်နေသလဲ၊ မင်းတို့ကို ဒီတစ်ကြိမ် ငါခွင့်လွှတ်လိုက်ဦးမယ်၊ မင်းတို့အကြီးအကဲပြန်လာယင် ပြောလိုက်စမ်း နောက်တစ်လကြာယင် ငါပြန်လာမယ်လို့ မင်းတို့နောင်တရပြီး ပြုပြင်နိုင်ဖို့ ငါအချိန်ပေးလိုက်မယ်"

ရှုယင်က ရှည်လျားစွာ ပြောဆိုမှာကြားလိုက်သည်။

ထို့နောက် ကျောက်ဖေးကို အချက်ပြလိုက်ပြီး သုံးယောက်သား အဆောက်အအုံပေါ်မှဆင်းကာ ခပ်သုတ်သုတ် ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းသို့ ခပ်သုတ်သုတ်ပြန်လည်ထွက်ခွာလာခြင်းကား ဖန်ကျင်းသည် သွေးဘွားဘွားလက်ထဲ ကျရောက်နေသည်ဟု သိရသောကြောင့် ဖြစ်သည်။

သွေးဘွားဘွားက ညွှဉ်းပန်းနှိပ်စက်ရာ၌ နာမည်ကြီးလှသူဖြစ်၏။

ထို့ကြောင့် သူတို့သည် အချိန်မဆိုင်းငံ့ဘဲ ခပ်သွက်သွက်ပြန်လည် ထွက်ခွာလာကြခြင်း ဖြစ်သည်။

ယင်းသို့ ထွက်ခွာလာခိုက် အဆောက်အအုံဘက်မှ မိစ္ဆာမယ်ရှမ်းရှမ်း၏ဒေါသတကြီး လှမ်းအော်ပြောလိုက်သည့်အသံကို ကြားလိုက်ရသည်။

"ရှင်တို့ သွေးဘွားဘွားရဲ့ပညာကို သွားပြီးမြည်းစမ်းကြည့်ကြဦးပေါ့၊ ဒါမှ အကြောင်းသိမှာ"

ရှမ်းရှမ်း၏အသံကား အဝေးဆီ၌ သဲ့သဲ့မျှသာ ကျန်ရစ်သည်။

အပြုံးမိစ္ဆာသည် လုအော်၏လက်နက်ပုန်းထိမှန်ခံလိုက်ရသည်။

လုအော်၏လက်နက်ပုန်းအကြောင်းကို သူကောင်းစွာသိထား၏။ အဆိပ်လူးထားသော လက်နက်ပုန်းဖြစ်သည်။

ထို့ကြောင့် အပြုံးမိစ္ဆာသည် လက်နက်ပုန်းထိမှန်ထားသည့် နေရာတလျှောက် သွေးကြောများ ပိတ်ဆို့လိုက်သည်။

ပြီးလျှင် အနာကျက်ဆေးနှင့် သွေးတိတ်ဆေးတို့ကို တတိယဂိုဏ်းတူညီ မိစ္ဆာလက်အား ယူခိုင်းလိုက်လေသည်။

မိစ္ဆာလက်မှာလည်း ထင်ရှားသော ဆိုးသွမ်းသိုင်းသမားတစ်ဦးပင် ဖြစ်သည်။

မိစ္ဆာလက် ထွက်ခွာသွားသည့်အခါ အပြုံးမိစ္ဆာသည် နံရံ၌ ချိတ်ဆွဲထားသည့်ဓားကို ဆွဲထုတ်ယူလိုက်သည်။

ထို့နောက် လက်နက်ပုန်းထိမှန်ခံထားရသည့် ဘယ်လက်လက်မောင်းရင်းကို တိတိရိရိ ဖြတ်ချလိုက်လေသည်။

အပြုံးမိစ္ဆာ၏သွေးအေးရက်စက်လှသည့် အပြုအမူကြောင့် မိစ္ဆာမယ်ရှမ်းရှမ်း လန့်ဖျပ်သွားမိသည်။

"အို"



ယောင်ယမ်း၍ အာမေဋိတ်သံပင် ထွက်သွားရသည်။

အပြုံးမိစ္ဆာအနေဖြင့် လက်နက်ပုန်းထိမှန်ထားသည့်လက်ကို မဖြတ်၍မရပေ။

မဖြတ်ဘဲထားလျှင် တဖြည်းဖြည်း အဆိပ်တက်ကာ အသက်ပင်သေဆုံးသွားနိုင်သည့် အခြေအနေတွင် ရှိလေသည်။

သို့ဖြစ်၍ အံကြိတ်ယင်း လက်နက်ပုန်းထိမှန်ခံရသည့် လက်ကိုဖြတ်တောက်လိုက်ရခြင်းပင် ဖြစ်ပေသည်။

မိစ္ဆာလက်သည် သွေးတိတ်ဆေးနှင့် အနာပျောက်ဆေးကို ယူဆောင်လာပြီး အပြုံးမိစ္ဆာ၏ဒဏ်ရာကို ချက်ချင်းသုတ်လိမ်းပေးကာ အဝတ်ဖြင့် စည်းနှောင်ပေးလိုက်သည်။

အပြုံးမိစ္ဆာမှာ လက်တစ်ဘက်ဖြတ်တောက်လိုက်သော်လည်း နာကျင်ဟန် လုံးဝမပြချေ။

သူ၏မျက်နှာက တင်းမာခက်ထန်နေ၏။

မိစ္ဆာလက်က သူ့ကိုဆေးနှစ်လုံးတိုက်ကျွေးကာ အခန်းထဲသို့ ဖေးမခေါ်ဆောင်သွားသည်။

အိပ်ရာပေါ်၌ လဲလျောင်းစေပြီး အနားယူအိပ်စက်ခိုင်းလိုက်လေသည်။

ခုတင်ပေါ်လဲလျောင်းပြီး မကြာမီပင် အပြုံးမိစ္ဆာမှာ နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

♠ ♠ ♠

ရှုယင်တို့သားအဖနှင့် ကျောက်ဖေးသည် ယခင်တည်းခိုခဲ့သော စားသောက်ဆိုင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ဤတွင်..

လုအော်သည် တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် လှမ်းပြောသည်။

"သွေးဘွားဘွားဟာ ကောင်းတာမဟုတ်ဘူး၊ အစ်ကိုဖန်ကျင်းတော့ သူ့ရဲ့ညဥ်းပန်းမှုကို ခံရတော့မှာပဲ"

ယင်းသို့ပြောယင်း ပို၍စိတ်ပူပန်လာပုံရသည်။

လုအော်၏မျက်နှာမှာ ညှိုးလျော်သွားသည်။

ရှုယင်နှင့် ကျောက်ဖေးတို့သည်လည်း ဘာလုပ်ရမှန်းမသိဘဲ လက်မှိုင်ချမိကြသည်။

သုံးယောက်သား ခေါင်းချင်းဆိုင်လျက် မှိုင်တွေနေကြလေတော့သည်။

♠ ♠ ♠



ညဥ့်နက်လှပြီ ဖြစ်သည်။

သို့သော် ရှုယင်တို့သုံးယောက်မှာ အိပ်ချင်စိတ်မရှိကြသေးပေ။

အားလုံးက ဖန်ကျင်းအတွက် စိုးရိမ်ပူပန်နေမိကြသည်။

သွေးဘွားဘွားရှိရာသို့ လိုက်သွားရန်ကလည်း ခရီးနီးလှသည်မဟုတ်ပေ။

ဤတွင် ကျောက်ဖေးသည် တစ်စုံတစ်ခု တွေးမိဟန်ဖြင့် မျက်လုံးအရောင် လင်းလက်သွားသည်။

"ကြည့်စမ်း၊ ကျုပ် ခုမှတွေးမိတယ်၊ သွေးဘွားဘွားဟာ သူ့ဘာသာသူ တောင်ပိုင်းမှာ ဆိုးသွမ်းနေတာပဲ၊ ဒီဘက်ကို ဘာကြောင့်ရောက်လာရမှာလဲ၊ ဒီဘက်ကိုရောက်လာနိုင်စရာအကြောင်းလည်းမရှိဘူး၊ မိစ္ဆာမယ်ရှမ်းရှမ်းက တို့ကို သက်သက်လှည့်စားလိုက်တာပဲဖြစ်မယ်"

ကျောက်ဖေး၏စကားကို ကြားရသောအခါ လုအော်တို့သားအဖ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မှန်ပေသည်။

ကျောက်ဖေး၏စကားသည် အကြွင်းမဲ့ မှန်ကန်နိုင်သောစကားဖြစ်၏။

"ဟုတ်တယ်၊ မိစ္ဆာမယ်က ကျွန်မတို့ကို တမင်သက်သက်အာရုံပြောင်းပေးလိုက်တာပဲဖြစ်မယ်၊ အစ်ကိုဖန်ကျင်းဟာ သူတို့လက်ထဲမှာပဲ ရှိရမယ်"

လုအော်က စိတ်လှုပ်ရှားသည့်လေသံဖြင့် လှမ်းပြောလေသည်။

ကျောက်ဖေးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ထင်တာ မမှားဘူးဆိုယင် ဖန်ကျင်းဟာ သူတို့လက်ထဲမှာပဲရှိရမယ်"

"ကဲ..ဒါဆို ပြောနေကြတယ်၊ အဲဒီကိုပဲ ပြန်သွားကြတာပေါ့"

လုအော်က ခပ်လောလော ပြောလိုက်သည်။

ရှုယင်နှင့်ကျောက်ဖေးတို့သည် ချက်ချင်းပင် ထိုင်ရာမှထလိုက်ကြ၏။

ထို့နောက် သူတို့သုံးယောက်သား မိန္ဒာလေးဖော်ရှိရာသို့ ပြန်လည် ထွက်ခွာသွားကြလေသည်။

♠ ♠ ♠



## လှည့်စားခြင်း

ဖန်ကျင်းသည် လုအော်ထံမှ ထွက်ခွာလာပြီးနောက် နိုင်ဖုံးအမည်ရှိ မြို့ကြီးတစ်မြို့သို့ ရောက်ရှိသွားသည်။

နိုင်ဖုံးမြို့သည် ရှေးဟောင်းပစ္စည်း ကြွယ်ဝသော မြို့တစ်မြို့ဖြစ်၏။

ရှုခင်းများကလည်း သာယာလှပသည်။

ထို့ကြောင့် ခရီးထွက် အပန်းဖြေသူများသည် ဤမြို့သို့ ရောက်လာမစဲ ရှိလေသည်။

ဖန်ကျင်းသည်လည်း ကျောက်ဖေးနှင့် တွေ့ဆုံဖို့ရက် အနည်းငယ်လိုသေးသဖြင့် နိုင်ဖုံးမြို့၌ လှည့်ပတ်ကြည့်ရှုရန် စိတ်ကူးထားသည်။

သို့ဖြင့်...

မြို့တွင်း တစ်ပတ်မျှ လှည့်ပတ်ကြည့်ရှုပြီးသည့်အခါ အရက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လိုက်သည်။

လူရှင်းသော စားပွဲတစ်လုံး၌ထိုင်ကာ အရက်တစ်အိုး မှာလိုက်သည်။

မကြာမီမှာပင် အရက်တစ်အိုးနှင့် စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

ဖန်ကျင်းသည် ပန်းကန်လုံးထဲသို့ အရက်အနည်းငယ် ငှဲ့ထည့်လိုက်သည်။

ထိုစဉ် မိန်းကလေးတစ်ယောက် ဆိုင်ထဲ လှမ်းဝင်လာသည်ကို ဖန်ကျင်း လှမ်းမြင်လိုက်သည်။

အနီရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူမ၏အသွင်အပြင်ကို မြင်လိုက်သည်နှင့် သာမန်မိန်းကလေးတစ်ဦး မဟုတ်ကြောင်း ဖန်ကျင်း သိရှိလိုက်လေသည်။

သိုင်းပညာ အဆင့် မနိမ့်လှသော သိုင်းသမားတစ်ယောက်ဖြစ်မည်ဟု ဖန်ကျင်း ခန့်မှန်းမိသည်။

ထိုမိန်းကလေးကို မြင်ဖူးသည်ဟု ဖန်ကျင်းထင်မိ၏။

သို့သော် မည်သည့်နေရာ၌ မည်သို့မည်ပုံတွေ့မြင်ခဲ့ဖူးခြင်း ဖြစ်ကြောင်း ဖန်ကျင်း တွေးတောမရချေ။

မည်သို့ဆိုစေ ထိုမိန်းကလေးသည် သတိထားရမည့် မိန်းကလေးတစ်ဦးဖြစ်ကြောင်းကိုမူ ဖန်ကျင်း ကောင်းစွာ နလုံးပိုက်မိ



လေသည်။

ဖန်ကျင်းသည် အဆိုပါ မိန်းကလေးကို မသိမသာ လှမ်း၍ အကဲခတ်လိုက်သည်။

သူမ၏ဦးခေါင်းထက်၌ ဆံထိုးတစ်ခု ထင်ထင်ရှားရှားရှိနေသည်ကို တွေ့မြင်ရသည်။

ဆံထိုးပေါ်တွင် ကျားသစ်ခေါင်းပုံသဏ္ဍာန်တစ်ခု လှပသေသပ်စွာပြုလုပ်ထား၏။

ဖန်ကျင်း မျက်မှောင်ကြုတ်သွားသည်။

ယင်းဆံထိုးမျိုးသည် အဆင့်အတန်းမြင့်သော သိုင်းပညာတတ်ကျွမ်းသည့် အမှတ်အသားဖြစ်ကြောင်း သူ၏ဂိုဏ်းတူအစ်ကို ပြောပြထားဖူးသည်။

ဤသို့ဆိုလျှင် အဆိုပါ မိန်းကလေးသည် သာမန်သိုင်းပညာသာ တတ်ကျွမ်းသော မိန်းကလေးမဟုတ်ကြောင်း သိသာထင်ရှားနေသည်။

သိုင်းလောက၌ နာမည်ရှိသူ ဖြစ်ပေလိမ့်မည်။

မည်သူနည်း။

ဖန်ကျင်း မသိပါချေ။

♠ ♠ ♠

အနီရောင်ဝတ်စုံနှင့် မိန်းကလေးသည် စားပွဲလွတ်တစ်လုံး၌ ဝင်ရောက်ထိုင်လိုက်သည်။

ထို့နောက် ဆိုင်လုလင်ကိုခေါ်ကာ စားသောက်ဖွယ်ရာအချို့နှင့် အရက်တစ်အိုး မှာကြားလိုက်သည်။

မကြာမီ သူမ မှာကြားထားသည်များ ရောက်ရှိလာသည်။

မိန်းကလေးက ယောကျ်ားတစ်ဦးပမာ အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

ထိုအခါ သူမ၏ခေါင်းပေါ်မှ ဆံထိုးသည် ရုတ်တရက် ပြုတ်ကျသွားသည်။

ဆံထိုးအချွန်သည် ကြမ်းပြင်ပေါ် ထိုးစိုက်နစ်ဝင်သွားလေသည်။

မိန်းကလေးသည် ကြမ်းပြင်ပေါ်၌ စူးနစ်နေသည့် ဆံထိုးကို အသာအယာပင် ပြန်ကောက်ယူလိုက်သည်။

ထိုအဖြစ်အပျက်သည် အမှတ်တမဲ့ကြည့်လျှင် ဘာမျှပြောပလောက်ဖွယ်မဟုတ်သော အဖြစ်အပျက်ဖြစ်၏။

သို့သော်..

မြွေမြွေချင်း ခြေမြင်ဆိုသလို မိန်းကလေး၏ အပြုအမူကိုမြင်တွေ့ရသည်နှင့် ဖန်ကျင်းမှာ အနည်းငယ် ထိတ်လန့်သွားရသည်။

အကြောင်းမှာ ဆံထိုးသည် ကြမ်းပြင်ပေါ်၌ နက်ရှိုင်းစွာစူးနစ်ဝင်နေပါလျက် မိန်းကလေးသည် အသာအယာ လှမ်းကောက်ယူလိုက်ခြင်းကြောင့် ဖြစ်သည်။



သာမန် လူဆိုလျှင် အတန်ကြာဆွဲနှုတ်ယူရပေလိမ့်မည်။ ဆံထိုးကိုလည်း အကောင်းအတိုင်း ရချင်မှရနိုင်တော့မည်။ ကျိုးသွားဖို့က ပိုများသည်။

ဤအခြေအနေမျိုးတွင် မိန်းကလေးက ဆံထိုးကို မကျိုးမပဲ့ အကောင်းအတိုင်း အသာအယာ လှမ်းယူနိုင်သည်မှာ အမြင်လွယ်သလောက် လက်တွေ့လုပ်ရန် ခက်ခဲလှသောကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။

ဖန်ကျင်းသည် စားသောက်ခန်းထဲ၌ ဆက်လက်မနေတော့ဘဲ သူတည်းခိုရာအိပ်ခန်းထဲသို့ ပြန်လာခဲ့သည်။

အနီရောင်ဝတ်စုံနှင့် မိန်းကလေးအကြောင်းကို စဉ်းစားလာခဲ့သည်။

ထိုမိန်းကလေးသည် တစ်စုံတစ်ခုသောအကြောင်းကိစ္စကြောင့် ဤစားသောက်ဆိုင်သို့ ရောက်လာခြင်းဖြစ်ပေမည်။

တစ်စုံတစ်ယောက်နှင့် တွေ့ဆုံရန်လာရောက်စောင့်ဆိုင်းခြင်းလည်း ဖြစ်နိုင်သည်။

ဖန်ကျင်းသည် အနီရောင်မိန်းကလေးနှင့် ပတ်သက်၍ လမ်း တလျှောက်လုံး တွေးလာမိ၏။

ဘာကြောင့် သူမအကြောင်း တွေးနေမှန်း ဖန်ကျင်းကိုယ်တိုင် နားမလည်နိုင်ပါချေ။

♠ ♠ ♠

ဖန်ကျင်းသည် တည်းခိုဆောင်သို့ ပြန်လည်ရောက်ရှိလာသည်။

အိပ်ခန်းတံခါးကို ဖွင့်လိုက်သောအခါ အခန်းထဲ၌ လုံးဝထင်မှတ်မထားသောသူ တစ်ယောက် ရောက်ရှိနေသည်ကို ဘွားခနဲတွေ့မြင်လိုက်ရလေသည်။

ဖန်ကျင်းမှာ အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

ဖန်ကျင်း မြင်တွေ့လိုက်ရသူကား စောစောက အရက်ဆိုင်၌တွေ့မြင်ခဲ့ရသော အနီရောင်ဝတ်စုံနှင့် မိန်းကလေးပင် ဖြစ်လေသည်။

ဖန်ကျင်း ဆိုင်ထဲမှထွက်လာစဉ်က အဆိုပါ မိန်းကလေးသည် ဆိုင်ထဲ၌ ကျန်ရစ်ခဲ့၏။

ယခု သူ့ထက်အလျင်ဦးအောင် မိန်းကလေးက ရောက်နေသည်။

ဖန်ကျင်းမှာ နားမလည်နိုင်အောင် ဖြစ်နေရပေတော့၏။

အနီရောင်ဝတ်စုံနှင့် မိန်းကလေးသည် သူ၏ခုတင်ပေါ်၌ လဲလျောင်းလျက်ရှိသည်။

တံခါးဖွင့်သံကြားသည်နှင့် မိန်းကလေးက လှမ်းကြည့်လိုက်သည်။

ဖန်ကျင်းကို မြင်လိုက်ရသည့်အခါ မိန်းကလေးသည် ကျေနပ်သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။



မိန်းကလေး၏အလှက ညှို့ငင်နိုင်စွမ်းရှိ၏။

တော်ရုံတန်ရုံလူဆိုလျှင် မိန်းကလေး၏အလှကွန်ရက်တွင်းသို့ သက်ဆင်းမိလောက်ပြီဖြစ်သည်။

ဖန်ကျင်းမှာမူ စိတ်လှုပ်ရှားမှု မရှိသည့်အပြင် ရွံရှာစက်ဆုပ်ခြင်းပင် ဖြစ်လာရလေသည်။

မိန်းကလေးက ညှို့မျက်လုံးများဖြင့် ဖန်ကျင်းကို ကန့်ကလျကြည့်၏။

ထို့နောက် နှင်းဆီဖူးပမာ နှုတ်ခမ်းနှစ်လွှာမှ..

"ရှင်ဟာ စွဲမက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

ဟုပြောလိုက်သည်။

မိန်းကလေးက ဖန်ကျင်းအား ညှို့ယူဆွဲဆောင်လျက်ရှိ၏။

ဖန်ကျင်းမှာ လှုပ်ရှားမှု ကင်းမဲ့နေသည်။

တင်းမာသော မျက်နှာထားဖြင့် မိန်းကလေးကို စိုက်ကြည့်နေသည်။

"ကျုပ်က ဆရာကြီးမာယွင်ရဲ့တပည့်ပါ၊ ညဥ့်လည်းနက်လှပါပြီ၊ ကိစ္စအထူးမရှိယင် ခင်ဗျားဒီမှာနေဖို့ မသင့်ပါဘူး၊ ပြန်ပါဗျာ"

ဖန်ကျင်းက မိန်းကလေးကို နှင်လွှတ်သည်။

သို့သော် မိန်းကလေးက ဖန်ကျင်း၏စကားကို မကြားသည့်အလား ခပ်ပြုံးပြုံးရှိနေ၏။

ဖန်ကျင်းမှာ တောင့်တောင့်ကြီး ရပ်နေဆဲဖြစ်သည်။

အတန်ကြာမှ မိန်းကလေးမှာ လဲလျောင်းနေရာမှ ထလိုက်

သည်။ ဖန်ကျင်းအား ပြုံး၍လှမ်းကြည့်ကာ…

"ဟွန်း…ရှင်နဲ့ကျွန်မက ဖူးစာရှိလို့ ဒီမှာလာဆုံရတာပဲ၊ ရှင်က မျက်နှာအောက်သိုးသိုးနဲ့ သစ်တုံးကြီးကျနေတာပဲ၊ ဒီမှာ ရှင့်ရဲ့ ကျောက်ခဲလိုမာတဲ့ အသည်း ဘယ်လောက်ခံနိုင်ရည်ရှိသလဲဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

မိန်းကလေးသည် ယင်းသို့ပြောဆိုပြီးနောက် ဖန်ကျင်းကို လျှာကလေး တစ်လစ်ထုတ်ပြလိုက်၏။

ဖန်ကျင်းက မလှုပ်မယှက် စိုက်ကြည့်နေဆဲမှာပင် မိန်းကလေးသည် ပြတင်းပေါက်မှ လှစ်ခနဲခုန်ထွက်သွားလေသည်။

သည်တော့မှ ဖန်ကျင်းသည် ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

စိတ်ကျဉ်းကျပ်နေရာမှ နေသာထိုင်သာ ရှိလာသည်။

သူသည် မိန်းကလေး ခုန်ထွက်သွားသည့် ပြတင်းပေါက်သို့ လျှောက်သွားပြီး တံခါးကို ဝုန်းခနဲ ဆွဲပိတ်လိုက်သည်။

ထို့နောက် စားပွဲပေါ်တွင်ရှိသော ရေနွေးကြမ်းအိုးမှ ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်သည်။

မိန်းကလေးအကြောင်းကိုလည်း စိတ်ထဲက တွေးမိသည်။

ထိုမိန်းကလေးသည် မည်သူနည်း။

အဘယ်ကြောင့် မိမိအခန်းထဲ ရင်းနှီးစွာ ဝင်ရောက်ခဲ့ရပါသနည်း။

ဖန်ကျင်း တွေးတောစဉ်းစား၍ မရချေ။



ဦးခေါင်းတစ်ခုလုံး ရီဝေထုံထိုင်းလာရသည်။

ဖန်ကျင်းသည် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်လေသည်။

အတန်ကြာသော် ဟန်ဆောင်မရအောင်ပင် မျက်ခွံများလေးလံလာသည်ကို ဖန်ကျင်းခံစားလာရသည်။

ဖန်ကျင်းသည် ကိုယ့်ကိုကိုယ်ပင် ထိန်းမရအောင်ဖြစ်လာပြီး ခုတင်ပေါ်လဲကျသွား၏။

ချက်ချင်းပင် ဘာမျှမသိနိုင်တော့ဘဲ နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့သည်။

♠ ♠ ♠

ဖန်ကျင်း အိပ်ရာမှနိုးလာပြီ ဖြစ်သည်။

ရှုးရှသင်းပျံ့သော မွှေးကြိုင်ထုံသင်းသည့် ရနံ့က **သူ၏နှာ** ခေါင်းတွင်းသို့ တိုးဝင်ရောက်လာသည်။

ထို့ပြင် သူ၏ကိုယ်ခန္ဓာသည်လည်း ပျော့ပျောင်း**အိစက်** သော အိပ်ရာတစ်ခုပေါ် ရောက်နေကြောင်း သိလိုက်ရသည်။

ဖန်ကျင်းသည် ထိတ်လန့်တကြားဖြစ်ကာ ကပျာ**ကယာ** လူးလဲထလိုက်၏။

ထို့နောက် အခြေအနေကို အကဲခတ်ကြည့်လိုက်**သည်။**

ခန်းနားကြီးကျယ်လှသော မိန်းကလေးတစ်ဦး၏ **အိပ်ရာ** ပေါ်ရောက်နေကြောင်း သိလိုက်ရသည်။

ဖန်ကျင်းမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပြီး ခုတင်ပေါ်မှ ထလိုက်၏။

ထိုစဉ် မိန်းကလေးတစ်ဦး သူ့ရှေ့ရောက်လာသည်။

ယမန်နေ့ညက ဖန်ကျင်းကို ဟန်မူပိုပို လိုလားပြီး သူ့အ ခန်းထဲ ဝင်ရောက်နေခဲ့သည့် အနီရောင်ဝတ်စုံနှင့် မိန်းကလေးပင် ဖြစ်လေသည်။

ဖန်ကျင်းမှာ မနှစ်မြို့ဟန်ဖြင့် မျက်နှာ တစ်ချက်ရှုံ့မဲ့လိုက် သည်။

မိန်းကလေးက...

"ဟင်း...ဟင်း...ရှင် ဘယ့်နှယ်ရှိစ၊ ကျွန်မ ဘယ်သူလဲဆိုတာ ရှင်သိရဲ့လား"



ဖန်ကျင်း ခေါင်းခါယမ်းလိုက်၏။

သူသည် မိန်းကလေးကို စက်ဆုပ်ရွံရှာနေမိသောကြောင့် မိန်းကလေး၏နာမည်ကိုပင် သိချင်စိတ် လုံးဝမရှိပေ။

ထို့ကြောင့် မိန်းကလေးကို မျက်နှာရှုံ့မဲ့ကာ...

"နေပါစေတော့ဗျာ၊ ခင်ဗျား ဘယ်သူဆိုတာ ကျုပ်မသိချင်တော့ပါဘူး"

ဟုပြောလိုက်လေသည်။

မိန်းကလေးက ပြုံးလိုက်သည်။

"ရှင်မသိချင်ပေမယ့် ကျွန်မကတော့ ပြောပြရလိမ့်မယ်၊ ကျွန်မနာမည်က မိစ္ဆာမယ်ရှမ်းရှမ်းလေ၊ ရှင်ကြားဖူးမှာပေါ့"

ထိုအမည်ကို ကြားလိုက်ရသည်နှင့် ဖန်ကျင်းသည် ပို၍စိတ် ပျက်လက်ပျက် ဖြစ်သွားရသည်။

အနည်းငယ်လည်း စိုးရိမ်ထိတ်လန့်သွားမိသည်။

မိစ္ဆာမယ်ရှမ်းရှမ်းကား ကောက်ကျစ်စဉ်းလဲ၍ ပရိယာယ် မာယာများသူဖြစ်သည်။

နည်းပေါင်းစုံဖြင့် ရက်စက်ကြမ်းကြုတ်တတ်သူဖြစ်ကြောင်း ကိုလည်း ဖန်ကျင်း ကြားဖူးနားဝ ရှိထားသည်။

ထို့ကြောင့် ရင်ထဲ၌ အနည်းငယ် စိုးရိမ်ထိတ်လန့်မိခဲ့ခြင်းဖြစ် သည်။

မိစ္ဆာမယ်ရှမ်းရှမ်းက အပြုံးမပျက် ဆက်ပြောလိုက်လေ သည်

"ဟင်း...ဟင်း...ဟင်း...စိတ်ပြောင်းဆေးသောက်ပြီးတဲ့အခါ ရှင်ခုလိုပဲ ထုံပေပေနေနိုင်ဦးမလားဆိုတာ ကြည့်ရသေးတာပေါ့"

ဖန်ကျင်း၏ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

စိတ်ပြောင်းဆေးအကြောင်းကို သူကောင်းစွာကြားသိထား၏။

ဤဆေးကို သောက်သုံးမိပါက မူးယစ်ထုံထိုင်းသွားသည်။

အစားအသောက်ပျက်ကာ မျက်လုံးများ ကြောင်စီသွားလေသည်။

သွေးကြောများ ကျဉ်းကာ သွေးလည်ပတ်မှုကို ထိခိုက်စေသည်။

အချိန်မီ ဖြေဆေးမပေးပါက ကိုယ်လက်အင်္ဂါဆွံ့သွားနိုင်သည်။

တစ်သက်တာ ကာလပတ်လုံး ဒုက္ခိတဘဝဖြင့် နေသွားရတော့မည် ဖြစ်၏။

ဤမျှ အစွမ်းထက်သောဆေးဖြစ်သည်။

ထို့ကြောင့် ဤဆေးကို မိမိအား အတင်းအဓမ္မတိုက်ကျွေးမည်ကို ဖန်ကျင်း စိုးရိမ်ထိတ်လန့်သွားမိခြင်း ဖြစ်လေသည်။

မိစ္ဆာမယ်ရှမ်းရှမ်းကား သိုင်းလောက၌ နာမည်ပျက်ရှိသူဖြစ်သည်။

လူတကာ၏ ဝိုင်းပယ်ရှောင်ကျဉ်ခြင်းကိုလည်း ခံရသူဖြစ်သည်။



သို့ဖြစ်ရာ မည်သူ့မျှ ဂရုမစိုက်ဘဲ ထင်ရာစိုင်းသည်။

စိတ်မထင်လျှင် မထင်သလို အဆင်အခြင်မဲ့စွာ ပြုလုပ်သည်။

ယခုလည်း ခြိမ်းခြောက်သည့်အတိုင်း မိမိအား စိတ်ပြောင်းဆေး မတိုက်ကျွေးဟု မပြောနိုင်။

အကယ်၍ ပြောသည့်အတိုင်း အတင်းအကျပ် တိုက်ကျွေးပါက မိမိ၏ဘဝကား ဒုက္ခိတအဖြစ် တစ်သက်လုံး လူတောတိုးနိုင်တော့မည် မဟုတ်ချေ။

ဖန်ကျင်းသည် တွေးတောယင်း ဇောချွေးများပင် ပျံလာတော့သည်။

သို့သော် ဟန်မပျက်အောင် ဣန္ဒြေဆည်ထားလိုက်လေသည်။

"ခင်ဗျား ကျုပ်ကို ဒီလိုခြိမ်းခြောက်လို့ ရမလား"

မိစ္ဆာမယ်ရှမ်းရှမ်းက ခပ်ညင်းညင်းရယ်လိုက်၏။

"ဘာလဲ ရှင်က ရှင့်လူတွေလာလိမ့်မယ်လို့ ထင်သလားများသွားမှာပေါ့ရှင်၊ သမားတော်ကြီးတို့ ကျွန်မတို့ဆီလာသွားပါပြီ၊ ရှင့်ကို သွေးဘွားဘွားခေါ်သွားတယ်လို့ ပြောလိုက်တာမို့ သူတို့လူစု ပျာပျာပျာပျာနဲ့ လိုက်သွားကြလေရဲ့"

သူမသည် ပြောယင်း အနည်းငယ် စဉ်းစားဟန်ပြုလိုက်ပြီးမှ...

"အင်း အဲဒီလိုလိုက်သွားယင်တော့ အနည်းဆုံး တစ်လ

တော့ကြာမှာပဲ၊ မဆိုးပါဘူး၊ ဒီတစ်လအတွင်း ကျွန်မအနေနဲ့ ရှင့်ကို အဖော်ပြုရတော့မှာပေါ့"

အရှက်မရှိ ပြောလိုက်သော မိစ္ဆာမယ်ရှမ်းရှမ်း၏စကားကြောင့် ဖန်ကျင်းမှာ ခံပြင်းဒေါသထွက်သွားလေသည်။

ရွံရှာစက်ဆုပ်စွာဖြင့် ရှမ်းရှမ်းကို စိုက်ကြည့်ကာ...

"ထွီ"

တံတွေးစက်များ ရှမ်းရှမ်း၏မျက်နှာပေါ် ကျရောက်သွားလေသည်။

မမျှော်လင့်သော ဖန်ကျင်း၏တုံ့ပြန်ချက်ကြောင့် မိစ္ဆာမယ်ရှမ်းရှမ်းမှာ ရှောင်တိမ်းချိန်ပင် မရလိုက်ပေ။

တံတွေးများ ပေကျံကုန်သောကြောင့် ရေမိုးချိုးရန် အခန်းထဲမှ ကသုတ်ကရက် ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠



အခန်းထဲမှ မိစ္ဆာမယ်ရှမ်းရှမ်း ထွက်ခွာသွားပြီ ဖြစ်သည်။

ဖန်ကျင်း တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

ဖန်ကျင်းသည် စိတ်ပြောင်းဆေးခပ်ထားသော ရေနွေးကြမ်းကို သောက်မိရာမှ ရှမ်းရှမ်း၏လက်တွင်းသို့ ကျရောက် နေခြင်းဖြစ်သည်။

အဆိပ်မှာ လူကိုသေစေလောက်အောင် ပြင်းထန်ခြင်း မရှိပါချေ။

သို့သော်...

အတွင်းအားများကိုတော့ အထိုက်အလျောက် ပျက်ပြယ်သွားစေလေသည်။

ထို့ကြောင့် ဖန်ကျင်းသည် စိတ်ထဲ၌ ခံပြင်းနေသည့်တိုင် ရှမ်းရှမ်းအား ပြန်လည်တိုက်ခိုက်နိုင်ခြင်း မရှိဘဲဖြစ်နေသည်။

ရှမ်းရှမ်းမှာ ဖန်ကျင်းကို မြင်လျှင်မြင်ခြင်း မေတ္တာသက်ဝင်မိခဲ့သည်။

စရိုက်ကြမ်းသော ဆိုးသွမ်းသော သိုင်းသမားပီပီ သူမသည် ဖန်ကျင်းအား မရရသည့်နည်းဖြင့် သွေးဆောင်ဖြားယောင်းရန် ဤကဲ့သို့ စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ဖန်ကျင်းကတော့ ကောက်ကျစ်စဉ်းလဲလှသော ရှမ်းရှမ်းကို လုံးဝကြည့်မရပေ။

အနူအဝဲကို မြင်ရသလို စက်ဆုပ်ရွံရှာသည်။

အကယ်၍ ရှမ်းရှမ်းနှင့် ငြိစွန်းသွားပါက မိမိဆရာ၏ဂုဏ်

သိက္ခာကို ညှိုးနွမ်းရမည့်အပြင် အဖြူရောင်သိုင်းလောက၏ ဝိုင်းဝန်းပြစ်တင်ရှုံ့ချခြင်းကိုလည်း ခံရမည် မုချဖြစ်သည်။

ထို့ကြောင့် ရှမ်းရှမ်းလက်မှ လွတ်မြောက်ရန် ကြံစည်ကြိုးစားရတော့သည်။

သူ၏မျက်လုံးအစုံသည် အခန်းတွင်းအနှံ့ ကျီးကန်းတောင်းမှောက် အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ သူ၏မျက်လုံးများသည် နံရံပေါ်ရှိ ပန်းချီကားတစ်ချပ်ဆီ ကျရောက်သွားသည်။

ငှာငှားစွင့်စွင့် ပွင့်လန်းနေသည့် ပန်းကလေးများပုံ ပန်းချီကားကြီးတစ်ချပ် ဖြစ်သည်။

ပန်းများကို မြင်လိုက်ရသည့်အခါမှ ဆရာမကြီးယုဝါး ပေးထားသည့် အေးစိမ့်ပန်းကို သတိရလာသည်။

အေးစိမ့်ပန်းကား အဆိပ်အမျိုးမျိုးကို အထိုက်အလျောက် ပျက်ပြယ်စေသည့်အပြင် ကုန်ဆုံးသွားသည့်အတွင်းအားများကိုလည်း ထိုက်သင့်သလောက် ပြန်လည်ပြည့်ဝလာစေသည့် အစွမ်းထက်သောဆေးတစ်မျိုးဖြစ်လေသည်။

ဖန်ကျင်းသည် ပန်းဝတ်ဆံကို ထုတ်ယူ၍သောက်ချလိုက်သည်။

ထို့နောက် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားများကို ပုံမှန်ပြန်လည်လှုပ်ရှားလာနိုင်စေရန် လေ့ကျင့်လေတော့၏။

အတန်ကြာသော် ကုန်ဆုံးပျက်ပြယ်နေသော အတွင်းအား



များ တစ်စထက်တစ်စ ပြန်လည်ပြည့်ဝလာသည်။

လေးလံထိုင်းမှိုင်းမှုများလည်း တဖြည်းဖြည်း လွင့်ပြယ်သွား၏။

အတွင်းအားများ အတော်အတန် ပြည့်ဝလာသည်။

အဆုံးတိုင် လေ့ကျင့်လျှင် အတွင်းအားများ အပြည့်အဝပြန်လည်ရနိုင်တော့မည် ဖြစ်သည်။

သို့သော် ဖန်ကျင်းသည် အတွင်းအားကျင့်စဉ်ကို အဆုံးတိုင် လေ့ကျင့်နိုင်ခြင်း မရှိပေ။

အခန်းတွင်းသို့ ရှမ်းရှမ်း ပြန်လည်ဝင်ရောက်မလာမီ ထွက်ပြေးရန် စိတ်ကူးမိသောကြောင့် ဖြစ်သည်။

ဖန်ကျင်းသည် ရုတ်ခြည်းပင် ထလိုက်သည်။

ပြေးပေါက်ကို လျှပ်တပြက် ရှာဖွေလိုက်သည်။

ထိုစဉ်မှာပင် အခန်းတွင်းသို့ ရှမ်းရှမ်း ဝင်ရောက်လာလေသည်။

ထွက်ပြေးရန် စိတ်ကူးကို ဖန်ကျင်း ပယ်ဖျက်လိုက်ရသည်။

ရှမ်းရှမ်းကို ရင်ဆိုင်လိုက်၏။

ရှမ်းရှမ်းသည် ရေချိုးပြီး လှပစွာခြယ်သ ဝတ်စားလာ၏။

အမွှေးနံ့သာများလည်း လိမ်းကျံလာသည်။

ဟန်ပါပါဖြင့် ဖန်ကျင်းကို ရွှန်းရွှန်းစားစား ကြည့်သည်။

ဖန်ကျင်းမိထားသော အဆိပ်များ ပျက်ပြယ်နေပြီကို ရှမ်းရှမ်း လုံးဝသိခြင်းမရှိသေးပေ။

ထို့ကြောင့် သူမအား ဖန်ကျင်း အနေဖြင့် အန္တရာယ်ပြုနိုင်လိမ့်မည် မဟုတ်ဟု ထင်မှတ်ထားသည်။

ဖန်ကျင်းသည် ရုတ်တရက် တိုက်ခိုက်လိုက်သည်။

ရှမ်းရှမ်းမှာ ကြောင်အမ်းအမ်းဖြင့် မှင်တက်ငေးကြည့်နေမိသည်။

ရှောင်တိမ်းချိန်ပင် မရလိုက်ချေ။

"အင့်"

ဖန်ကျင်း၏လက်ညှိုးက ရှမ်းရှမ်း၏ ထုံကြောကို **မိမိရရ** ထောက်မိသွားသည်။

ရှမ်းရှမ်းမှာ တစ်ကိုယ်လုံး တောင့်တင်းသွားသလို ဖြစ်သွားသည်။

အကြောအခြင်များ ထုံကျဉ်သွားပြီး ခြေလက်များ မသယ်ချင်အောင် နွမ်းနယ်အားလျော့သွားသည်။

ထိုအခိုက်အတန့်ကလေးတွင် ဖန်ကျင်းသည် စားပွဲပေါ်မှ သူ၏ဓားနှင့်သံတုတ်ကောက်ကို ကောက်ယူကာ ပြတင်းပေါက်မှ တရှိန်ထိုး ခုန်ထွက်သွားလေတော့သည်။

♠ ♠ ♠



အခန်းတွင်းမှ လှုပ်ရှားသံကြောင့် မိစ္ဆာလက်သည် ကပျာကယာ ပြေးလွှားရောက်ရှိလာသည်။

အခန်းတွင်း၌ တောင့်တောင့်ကြီးဖြစ်နေသော ရှမ်းရှမ်းကို မြင်တွေ့ရသည်။

ဖန်ကျင်းကား ရှိမနေတော့ချေ။

မိစ္ဆာလက်သည် ရှမ်းရှမ်း၏ ပိတ်နေသော သွေးကြောကို အလျင်အမြန် ပြန်လည်ဖွင့်ပေးလိုက်၏။

ထို့နောက်...

ဖန်ကျင်း ထွက်ပြေးသွားသည့် ပြတင်းပေါက်မှ ခုန်ထွက်လိုက်သည်။

လောက်စန်းအဆောက်အအုံ အပြင်သို့ရောက်သွားသော ဖန်ကျင်းမှာ ပြေးသာပြေးနေရသည် ဘယ်ရောက်မှန်းမသိဘဲ တဝဲလည်လည် ဖြစ်နေသည်။

လောက်စန်းအဆောက်အအုံ အနီးဝန်းကျင်မှ ထွက်ခွာမရဘဲဖြစ်နေရသည်။

ထို့ကြောင့် မကြာမီမှာပင် မိစ္ဆာလက်သည် ဖန်ကျင်းကို လိုက်မီလာသည်။

ဖန်ကျင်းသည် မိစ္ဆာလက်နှင့် ရင်ဆိုင်တိုက်ခိုက်လိုက်ခြင်း မရှိသေးပေ။

တတ်နိုင်သမျှ ရှောင်တိမ်း၏။

သို့သော် မိစ္ဆာလက်က ထွက်ပေါက်ကို ပိတ်ဆို့၍တိုက်ခိုက်

သည်။ ဖန်ကျင်းမှာ နောက်သို့ ဆုတ်ပေးရသည်။

နောက်ဘက်၌ ချောက်ကမ်းပါးကြီးတစ်ခုရှိနေသည်။

ချောက်ကမ်းပါးအောက်ဘက်မှ လှိုင်းပုတ်သံ တဝုန်းဝုန်းကိုလည်း ကြားနေရသည်။

ထို့ကြောင့် မိမိနောက်ဘက်၌ ပြေးပေါက်မရှိကြောင်း ဖန်ကျင်း နားလည်လိုက်သည်။

အခြေအနေအရ ထိုးဖောက်ထွက်မှ ဖြစ်ပေတော့မည်။

ထိုစဉ် မိစ္ဆာလက်၏ ပြင်းထန်သောလက်ဝါးက ဖန်ကျင်း၏ ရင်ဝသို့ ကျရောက်လာသည်။

ဖန်ကျင်းက ကိုယ်ကိုဘေးသို့ ယိမ်း၍ရှေ့သို့ဖောက်ထွက်လိုက်သည်။

မိစ္ဆာလက်သည် နောက်ဘက်မှနေ၍ ဖန်ကျင်း၏ကျောပြင်ကိုလက်ဝါးနှစ်ဘက်ဖြင့် စုံရိုက်ချလိုက်၏။

ဖန်ကျင်းက ရှေ့သို့ ခုန်ထွက်လိုက်သည်။

မိစ္ဆာလက်၏လက်ဝါးသည် လေကိုသာ ရိုက်မိသွားသည်။

ထိုစဉ် မိစ္ဆာမယ်ရှမ်းရှမ်းသည် ဖန်ကျင်း၏ရှေ့သို့ ဘွားခနဲရောက်ရှိလာကာ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည်။

"ဝုန်း"

ရှမ်းရှမ်း၏လက်ဝါးရိုက်ချက်ကြောင့် ဖန်ကျင်း၏ကိုယ်ခန္ဓာ ယိုင်ထွက်သွားသည်။

ရှမ်းရှမ်း၏လက်ဝါးက ဖန်ကျင်း၏ရင်ဝကို မိမိရရပင်



ထိမှန်သွားလေသည်။

အကယ်၍ ရွှေပိုးမျှင်အင်္ကျီကိုသာ ဝတ်ဆင်ထားခြင်းမရှိပါက ဖန်ကျင်းမှာ နေရာတွင်ပင် လဲကျသေဆုံးသွားနိုင်သည်။

ရွှေပိုးမျှင်အင်္ကျီကြောင့် ဖန်ကျင်းမှာ သက်သာရာရသွားခြင်း ဖြစ်ပေသည်။

ရှမ်းရှမ်းမှကား သူမ၏လက်ဝါးရိုက်ချက်သည် ဖန်ကျင်းအား မိမိရရထိသွားသည်ကို သိလိုက်ရသည့်တိုင် ဖန်ကျင်းအနေဖြင့် ဘာမှဖြစ်မသွားသည်ကို တွေ့ရသည့်အခါ အံ့ဩထိတ်လန့်သွားမိသည်။

မိမိ၏လက်ဝါးရိုက်ချက် မည်မျှပြင်းထန်သည်ကို ရှမ်းရှမ်းသိရှိသည်။

ဖန်ကျင်း အသက်မသေသည့်တိုင် အတွင်းဒဏ်ရာတော့ ပြင်းထန်စွာ ရသွားနိုင်လောက်သည်။

ယခုမူ ဖန်ကျင်းမှာ ကိုယ်ခန္ဓာ ယိမ်းယိုင်သွား၏။

ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပုံမပေါ်ချေ။

သို့ဖြစ်၍ ရှမ်းရှမ်းမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် အံ့ဩတကြီး ဖြစ်သွားရခြင်းဖြစ်သည်။

အနည်းငယ်လည်း ထိတ်လန့်တုန်လှုပ်သွားလေသည်။

တဒင်္ဂမျှ ငေးကြောင်ကြောင် ဖြစ်နေမိသည်။

ထိုစဉ် မိစ္ဆာလက်က ဖန်ကျင်းကို ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

ဖန်ကျင်းက ရှောင်တိမ်းလိုက်သည်။

ဤတွင် ဖန်ကျင်းသည် ချောက်ကမ်းပါးအစပ်သို့ ရောက်သွားလေသည်။

ဖန်ကျင်းသည် အတွင်းအားများ ပြန်လည်ပြည့်ဝခြင်း မရှိသေးသဖြင့် ပြန်လည်တိုက်ခိုက်နိုင်စွမ်း မရှိသေးပေ။

အကယ်၍ ပြန်လည်တိုက်ခိုက်ပါက ထိရောက်မှုမရှိဘဲ အင်အားဖြုန်းတီးသလို ဖြစ်နေမည်ကို နားလည်ထားသည်။

ထွက်ပြေးတိမ်းရှောင်ရအောင်ကလည်း နောက်ဘက်၌ ချောက်ကမ်းပါးကြီး ရှိနေ၏။

ချောက်ကမ်းပါးအောက်မှ လှိုင်းပုတ်သံသဲ့သဲ့ကို ကြားနေရ၏။

မိစ္ဆာလက်နှင့်ရှမ်းရှမ်းတို့က ဖန်ကျင်းကို ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ရန် ရှေ့တိုးလာကြသည်။

ဖန်ကျင်း အံကြိတ်လိုက်သည်။

"ဒင်းတို့လက်ထဲတော့ ပြန်ပြီး အရောက်မခံနိုင်ဘူး"

ဖန်ကျင်းက စိတ်ထဲမှတွေးတောလိုက်ခြင်းဖြစ်သည်။

ထိုစဉ် အဝေးဆီမှအသံတစ်သံ လေထဲပျံ့လွင့်လာ၏။

"အစ်ကိုဖန်ကျင်း နောက်မဆုတ်နဲ့၊ ချောက်ကြီးရှိတယ်၊ သတိထား"

စိုးရိမ်တကြီးဖြင့် အထိတ်တလန့်အော်လိုက်သော အသံသည် ဝေးရာမှနီးလာသည်။



လှမ်းကြည့်လိုက်ရာ ရှုယင်တို့သားအဖနှင့် ကျောက်ဖေးကို မြင်တွေ့ရသည်။

ရှုယင်က ရှေ့ဆုံးမှ ကိုယ်ဖော့ပညာဖြင့် အားကုန်ပြေးလာနေသည်။

သူတို့ကို မြင်တွေ့လိုက်ရသည်နှင့် ဖန်ကျင်းမှာ ဝမ်းသာအားတက်ဖြစ်သွားသည်။

ထိုစဉ်မှာပင် မိစ္ဆာမယ်ရှမ်းရှမ်းသည် ဖန်ကျင်းအား လျှပ်တပြက်ဝင်ရောက် တိုက်ခိုက်လိုက်တော့သည်။

ဖန်ကျင်းမှာ လုအော်ထံ အာရုံရောက်နေသဖြင့် ရှမ်းရှမ်း၏လက်ဝါးရိုက်ချက် ထိမှန်ခံသွားရသည်။

ဤတွင် ဖန်ကျင်း ဟန်ချက်ပျက်သွားပြီး ချောက်ကမ်းပါးထဲ ထိုးကျသွားတော့သည်။

"အစ်ကို ဖန်ကျင်း"

စူးစူးဝါးဝါးဖြင့် စိုးရိမ်တကြီးအော်ဟစ်လိုက်သည့် လုအော်၏အသံကိုသာ ဖန်ကျင်း ကြားလိုက်ရ၏။

ရင်ထဲ၌ အေးခနဲဖြစ်သွားပြီးနောက် ဖန်ကျင်း၏အမြင်အကြားအာရုံ အားလုံး မှောင်အတိကျသွားရလေတော့သည်။

♠ ♠ ♠

ရှမ်းရှမ်းသည်လည်း အတွင်းဒဏ်ရာ အနည်းငယ်ရသွားသည်။

သူမသည် ဖန်ကျင်းအား တိုက်ခိုက်လိုက်စဉ် ဖန်ကျင်းက အမှတ်မထင် တိမ်ပျံလက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်မိသည်။

ချောက်ထဲကျလုဆဲဆဲ မမီမကမ်းတုံ့ပြန်တိုက်ခိုက်လိုက်ခြင်းဖြစ်၍ဖန်ကျင်း၏ တိုက်ခိုက်မှုမှာ အင်အားအပြည့်အဝ ပါဝင်ခြင်း မရှိခဲ့ပေ။

ထို့ပြင် အတွင်းအားလည်း အနည်းငယ်ပျက်ပြယ်နေသဖြင့် ရှမ်းရှမ်း သက်သာရာရသွားခြင်း ဖြစ်သည်။

ရှမ်းရှမ်းသည် ရုတ်ခြည်းပင် တင်ပျဉ်ခွေထိုင်၍ အတွင်းအားများ ပုံမှန်ဖြစ်အောင် လေ့ကျင့်လိုက်၏။

သမားတော်ရှုယင်တို့လူစု အနီးသို့ရောက်မလာမီမှာပင် ရှမ်းရှမ်း၏အတွင်းအားများ ပုံမှန်ပြန်ဖြစ်လာလေသည်။

မိစ္ဆာလက်လည်း ဒဏ်ကြေဆေးတစ်လုံး တိုက်ကျွေးလိုက်သည်။

ထို့ကြောင့် သမားတော်ကြီးတို့လူစု ရောက်လာကြသည့်အခါ ရှမ်းရှမ်းမှာ ပြန်လည်ရင်ဆိုင်နိုင်ရန် အသင့်ဖြစ်နေပေပြီ။

သမားတော်ကြီးတို့လူစုသည် ရှမ်းရှမ်းက မိမိတို့အား လှည့်စားလိုက်ခြင်းဖြစ်ကြောင်း သိသည်နှင့် လောက်စန်းအဆောက်အအုံသို့ပြန်လည်ထွက်ခွာလာကြသည်။

လောက်စန်းအဆောက်အအုံအနီး ရောက်သည့်အခါ မိစ္ဆာလက်နှင့်ရှမ်းရှမ်းတို့ ဖန်ကျင်းနောက် သဲသဲမဲမဲလိုက်နေသည်ကို တွေ့မြင်ရသဖြင့် လိုက်လာကြခြင်းဖြစ်သည်။



သို့သော် မမီလိုက်ကြချေ။

သူငှို ရောက်ရှိမလာမီမှာပင် ဖန်ကျင်းသည် ရှမ်းရှမ်းလက်ချက်ဖြင့် ချောက်ကမ်းပါးထဲ ကျရောက်သွားလေသည်။

ဤအဖြစ်အပျက်ကို လှမ်းမြင်လိုက်သော လုအော်သည် ငယ်ထိပ်မြွေပေါက်သလို ဖြစ်သွားသည်။

ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ ရှမ်းရှမ်းထံ တဟုန်ထိုးဝင်တိုက်ခိုက်လိုက်လေတော့သည်။

လုအော်၏တိုက်ခိုက်မှုကား လွန်စွာကြောက်မက်ဖွယ်ကောင်းလှ၏။

အန္တရာယ်လည်း များလှသည်။

သူသေကိုယ်သေ တိုက်ကွက်မျိုး ဖြစ်ပေသည်။

ထိုအခိုက်အတန့်တွင် လေလွင့်သိုင်းသမားကျောက်ဖေးကလည်း မိစ္ဆာလက်ကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကျောက်ဖေးသည် သူ၏ကျော်ကြားလှသော သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ရှမ်းရှမ်းသည် လုအော်၏ သူသေကိုယ်သေတိုက်ကွက်ကို ရင်မဆိုင်ဝံ့ဘဲ ရှောင်ထွက်လိုက်၏။

တဆက်တည်းမှာပင် သူမ၏ဆံထိုးလက်နက်ပုန်းဖြင့် သမားတော်ကြီးထံ လျှပ်တပြက် ပစ်လွှင့်လိုက်လေသည်။

သမားတော်ရှုယင်ကလည်း မျက်စိလျင်၏။

ရှမ်းရှမ်း ပစ်လွှင့်လိုက်သည့် လက်နက်ပုန်းကို ရှောင်တိမ်းနိုင်လိုက်သည်။

တိုက်ပွဲကား မြန်ဆန်သွက်လက်လာသလို ပို၍လည်း ပြင်းထန်လာ၏။

တိတ်ဆိတ်သော ဝန်းကျင်တစိုက်တွင် တိုက်သံခိုက်သံများဖြင့် ညံစီလျှက်ရှိနေပေတော့သည်။

♠ ♠ ♠



ရှမ်းရှမ်းသည် လက်နက်ပုန်းများဖြင့် တဝှစ်ဝှစ်ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

ကျောက်ဖေးက ရှမ်းရှမ်းပစ်လွှင့်သည့် လက်နက်ပုန်းများကိုဖျက်ထုတ်၏။

ရှုယင်ကလည်း ဆေးဖော်စပ်ရာ၌ အသုံးပြုသည့် ဓာတ်လုံးဖြင့်လက်နက်ပုန်းကို ခုခံသည်။

လုအော်သည် ဖန်ကျင်းအတွက် ဒေါသတကြီးဖြစ်နေသောကြောင့် ရှမ်းရှမ်းကို အသေအကြေ တိုက်ခိုက်ချင်နေ၏။

ထို့ကြောင့် စိတ်လောကြီးကာ အမှားအယွင်းများစွာ လုပ်မိခဲ့သည်။

ရှမ်းရှမ်းမှာလည်း ရန်သူဝိုင်းနေသောကြောင့် လုအော်ကို ဝိုင်ဝိုင်နိုင်နိုင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ပေ။

ပညာချင်းယှဉ်လျှင်မူ လုအော်က ရှမ်းရှမ်းထက် အနည်းငယ်သာ၏။

သို့သော်...

လုအော်မှာ ဒေါသစိတ်မွှန်နေသောကြောင့် သူမ၏တိုက်ခိုက်မှုသည် အရာမထင်ဘဲ ဖြစ်နေခဲ့ရသည်။

တိုက်ခိုက်မှု အရာမရောက်လေ ပို၍ဒေါသကြီးလေဖြစ်လာတော့သည်။

ထိုအခါ အမှားများ တစ်ခုပြီးတစ်ခု ဆင့်ကဲဖြစ်ပေါ်လာတော့သည်။

တချိတွင် လုအော်သည် ရှမ်းရှမ်း၏ဦးခေါင်းသို့ လက်နက်ပုန်းဖြင့် ပစ်လိုက်သည်။

တဆက်တည်းမှာပင် ဖန်ကျင်းပေးထားသည့် ဓားမြှောင်ဖြင့် ရှမ်းရှမ်း၏ရင်ဝသို့ ထိုးသွင်းလိုက်၏။

ဒေါသတကြီးဖြင့် အပိုင်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်လေသည်။

ရှမ်းရှမ်းကလည်း ဟာကွက်ဖြစ်ပေါ်သွားသည့် လုအော်ငယ်ထိပ်ကို ညာလက်ဝါးဖြင့် အုပ်မိုးရိုက်ချလိုက်လေသည်။

"အင့်"

လုအော်၏ဓားက ရှမ်းရှမ်း၏ရင်ဝသို့ စိုက်ဝင်သွားသည်။

ထို့အတူ ရှမ်းရှမ်း၏လက်ဝါးကလည်း လုအော်၏ငယ်ထိတ်သို့ ကျရောက်သွားသည်။

ငယ်ထိပ်သေကြောကွက်ကို ရိုက်မိလိုက်ခြင်းဖြစ်၍ လုအော်မှာ အသံပင်မထွက်နိုင်ဘဲ ခွေခနဲလဲကျသွားသည်။

ရှမ်းရှမ်းမှာလည်း အင့်ခနဲ အသံတစ်ချက်သာ ထွက်နိုင်လေသည်။

ဝုန်းခနဲ လဲကျကာ သေဆုံးသွားရသည်။

အဖြစ်အပျက်ကား လွန်စွာပင် မြန်ဆန်လွန်းလှသည်။

မည်သူမျှ မျှော်လင့်မထားမိသော သူသေကိုယ်သေတိုက်ကွက်ဖြစ်သည်။

သမားတော်ရှုယင်နှင့် ကျောက်ဖေးတို့မှာ တဒင်္ဂမျှမျှ မှင်



သက်ငေးငိုင်နေမိကြသည်။

နှစ်ယောက်စလုံး ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်ကြလေသည်။

♠ ♠ ♠

"သမီး"

ရှုယင်မှာ အော်ဟစ်ယင်း လုအော်ကို ဖေးမပွေ့လိုက်လေသည်။

"ဖြစ်ရလေ သမီးရယ်"

ရှုယင်သည် သမီးဖြစ်သူ၏အသက်ကိုကယ်၍ရမည် မဟုတ်တော့ဟု ယူဆကာ စိတ်ပျက်လက်ပျက် လက်မှိုင်ချနေမိသည်။

ဤတွင် ကျောက်ဖေးသည် ခပ်လောလောလေသံဖြင့် လှမ်းပြောလိုက်လေသည်။

"ခင်ဗျား ဘာလုပ်နေတာလဲ၊ ခင်ဗျားသမီးအသက်ကို ကယ်ဖို့လုပ်လေ"

ရှုယင်က ဝမ်းနည်းကြေကွဲစွာ ခေါင်းခါလိုက်သည်။

"ခင်ဗျားအမြင်ပဲဗျာ၊ ငယ်ထိပ်သေကြောကွက်ကို အရိုက်ခံလိုက်ရတဲ့နောက် ဘယ်လိုမျှော်လင့်ချက် ရှိနိုင်တော့မှာလဲ"

ကျောက်ဖေးက....

"ဒါက ခင်ဗျားအထင်ကိုးဗျ၊ တကယ်ဖြစ်တာက ဒီလိုဗျ၊

ရှမ်းရှမ်းရဲ့လက်ဝါးဟာ သူ့ရင်ဝထဲက ဓားစိုက်ဝင်သွားတဲ့အချိန်မှာပဲ ခင်ဗျားသမီးရဲ့ ငယ်ထိပ်ကို ရိုက်မိတာ၊ ဒီတော့ ရှမ်းရှမ်းရဲ့လက်ဝါးမှာအတွင်းအား ဘယ်နည်းနဲ့မှ ရောက်မနေနိုင်တော့ဘူး"

ကျောက်ဖေး၏စကားကို ကြားလိုက်ရမှ သမားတော်ရှူယင်သည် ပျာပျာသလဲဖြစ်သွားကာ ထိုက်ယိအသက်ကယ်ဆေးကို ထုတ်၍ လုအော်၏ပါးစပ်ထဲ ထည့်လိုက်သည်။

ထို့နောက် ရင်ဝသို့ စမ်းသပ်ကြည့်လိုက်၏။

နှလုံးခုန်သံသဲ့သဲ့ကို ကြားရသည်။

ရှူယင် အားတက်သွားသည်။

ချက်ချင်းပင် နောက်ကျောဠ်လွယ်သိုင်းထားသော ဆေးအိတ်ကိုဖြုတ်ကာ အစွမ်းကုန်ဆေးဝါးကုသလေတော့သည်။

မကြာမီမှာပင် မေ့မြောနေသော လုအော်မှာ လူးလွန့်လှုပ်ရှားလာလေသည်။

"အစ်ကိုဖန်ကျင်း..အစ်ကိုဖန်ကျင်း"

လုအော်သည် လူးလဲထယင်း နှုတ်မှယောင်ယမ်းအော်ခေါ်နေသည်။

"သမီး..သမီး..သတိထားမှပေါ့ သမီးရယ်"

ရှူယင်သည် လူးလဲထယင်း နှုတ်မှယောင်ယမ်းအော်ခေါ်နေသော သမီးဖြစ်သူကို ကြင်နာစွာဖေးမယင်း နှစ်သိမ့်ဖျောင်းဖျလိုက်သည်။

လုအော်သည် မျက်လုံးပြူးကြီးဖြင့် ဟိုဟိုဒီဒီလှည့်ပတ်ကြည့်သည်။



ဖန်ကျင်းကို မတွေ့တော့ပေ။

ဖန်ကျင်းကား အမှန်ပင် ချောက်ကမ်းပါးထဲသို့ ကျရောက်သွားချေပြီတကား။

လုအော်က စိတ်ထိခိုက်ကြေကွဲကာ ချုံးပွဲချ ငိုချလိုက်မိလေသည်။

လုအော်ကိုကြည့်ယင်း ကျောက်ဖေးပင် စိတ်ထိခိုက်သွားရသည်။

သူကိုယ်တိုင်လည်း ဖန်ကျင်းအတွက် ဝမ်းနည်းကြေကွဲမိသည်။

"ငါ့ရဲ့လက်တစ်ဘက် အဖြတ်ခံရတုန်းက ငါဒီလောက် ဝမ်းမနည်းဘူး၊ ခုတော့.."

ကျောက်ဖေးသည် ဆို့နင့်ထိခိုက်သောလေသံဖြင့် ပြောယင်း ဖန်ကျင်းကျရောက်သွားရာ ချောက်ကမ်းပါးအစပ်သို့ လျှောက်သွားသည်။

အောက်သို့ ငုံ့ကြည့်လိုက်သည်။

ချောက်ကမ်းပါးကား နက်ရှိုင်းလှသည်။

အောက်ဘက်သို့ ပျပျမျှသာ မြင်ရသည်။

လှိုင်းပုတ်သံကို သဲ့သဲ့မျှသာ ကြားရပေသည်။

ဖန်ကျင်း၏ အရိပ်အရောင်ကိုမူ အစအနမျှပင် မတွေ့ရတော့ချေ။

ထိုစဉ် လုအော်အနားသို့ ရောက်လာသည်။

စိတ်အလိုလိုက်ပြီး ချောက်ကမ်းပါးထဲ ခုန်ဆင်းမည်စိုး၍ ကျောက်ဖေးက သူမအား လှမ်းဆွဲထားလိုက်ရလေသည်။

"ဒါနဲ့ မင်းက ဖန်ကျင်းနဲ့ဘယ်လိုများ ပတ်သက်နေသလဲ ကွယ်"

ကျောက်ဖေးက ရိုးရိုးသားသား စူးစမ်းလိုက်ခြင်း ဖြစ်ပေသည်။

သို့သော်...

လုအော်မှာ ရှက်လည်းရှက် ခံပြင်းစိတ်လည်းဝင်လာသည်။

ဘာပြန်ပြောရမှန်းမသိဘဲ ရှိုက်ကြီးတငင် ငိုကြွေးပြန်လေတော့သည်။

♠ ♠ ♠



ကျောက်ဖေးသည် ဖန်ကျင်းအတွက် စိတ်ထိခိုက်ခံပြင်းနေမိသည်။

ထို့ကြောင့် လောက်စန်းအဆောက်အအုံထဲ ဝင်ရောက်ကာ တွေ့သမျှလူများကို လိုက်လံတိုက်ခိုက်လေသည်။

ရှုယင်မှာ စိတ်ကောင်းပြီး အရာရာကို အသင့်အတင့် နှလုံးသွင်းနိုင်သူဖြစ်၍ ကျောက်ဖေးကို တောင်းပန်တားဆီးသည်။

အပြုံးမိစ္ဆာတို့လူစုသည် ထွက်ပြေးသွားကြ၏။

"ကဲပါဗျာ ဒီလောက်လည်း ဒေါသကြီးမနေပါနဲ့၊ ကျုပ်တို့ အနေနဲ့လုပ်စရာရှိတာ ဆက်လုပ်ကြရအောင်ပါ"

သည်တော့မှ ကျောက်ဖေးသည် အပြုံးမိစ္ဆာတို့နောက် ဆက်မလိုက်ဘဲ လက်လျှော့လိုက်လေတော့သည်။

လုအော်မှာ စိတ်ထိခိုက် ကြေကွဲကာ ငေးတိငေးငိုင် ဖြစ်နေပေသည်။

"သိပ်ပြီးတော့လည်း စိတ်ထိခိုက်မနေပါနဲ့လေ၊ ဒီသူငယ်ဟာ တော်ရုံနဲ့သေမယ့်ကောင် မဟုတ်ပါဘူး၊ ဒီတော့ ချောက်ကမ်းပါးအောက်ဆင်းပြီး ကမ်းစပ်တလျှောက် လိုက်ရှာကြတာပေါ့"

ရှုယင်က အကြံပြုလိုက်၏။

လုအော် ဝမ်းသာသွားသည်။

မျှော်လင့်ချက်ရှိနိုင်သေးသည်ဟု အလိုလို ယုံကြည်လာမိသည်။

ကျောက်ဖေး သက်ပြင်းချလိုက်၏။

“ကဲ..ခင်ဗျားတို့ လိုက်ရှာကြဗျာ၊ ကျုပ်ကတော့ ဖန်ကျင်းရဲ့ဆရာ မာယွင်ဆီသွားလိုက်ဦးမယ် သူ့ဆရာကို အကျိုးအကြောင်းပြောပြရဦးမယ်လေ”

ရှုယင် ခေါင်းညိတ်လိုက်သည်။

“ကောင်းတယ်၊ ကျုပ်လည်း ရောက်ရာနေရာတိုင်းမှာ အမှတ်အသားချထားခဲ့မယ်၊ ဒီအမှတ်အသားကြည့်ပြီး ခင်ဗျားလိုက်ခဲ့ပေါ့ဗျာ၊ ကျုပ်လည်း ဖန်ကျင်းကို ရှာယင်းသမီးကို ဆက်ပြီးဆေးကုရဦးမယ်”

ယင်းသို့ ချိန်းဆက်ပြောဆိုကြပြီးနောက် ကျောက်ဖေးသည် မာယွင်ထံသွားရန် လမ်းခွဲထွက်သွား၏။

ရှုယင်တို့သားအဖသည် ချောက်ကမ်းပါးအောက်ဆင်း၍ ဖန်ကျင်းကိုရှာဖွေရန် ထွက်ခွာသွားလေတော့သည်။

ပထမပိုင်းပြီး၏။

၃–ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။